www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ရှုဝံကြွယ်နှင့်ကိုယ်ပျောက်သိုင်းသမား

(ဒု-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



ကုမုထိနှင့်စုဟုန်လင်းတို့သည် စားသောက်ခန်းမထဲသို့ပြန်လည်ရောက်ရှိလာသည်။ သူတို့သည် စားပွဲတစ်လုံး၌ထိုင်၍ အရက်အနည်းငယ်သောက်ကြ၏။ အခြားစားပွဲများတွင် လူသိပ်မရှိတော့ပါ။ သို့သော် စားပွဲတစ်လုံးတွင် တိဗက်လာမာဘုန်းတော်ကြီးနှစ်ပါးကို တွေ့ရသည်။

ကုမုထိတို့အဖို့ မနက်ဖြန်တွင် အသတ်ခံရမည့်ကွေ့ရှူးအား မည်ကဲ့သို့ကယ်တင်ရပါမည်ကိုသာ စဉ်းစားနေ၏။

"တို့တတ်နိုင်တဲ့နည်းတစ်ခုကတော့ လူသတ်ကုန်းကိုခေါ်လာတဲ့အခါကျမှပဲ လုယူနိုင်မှာ"

ကုမုထိက ဘေားပတ်ဝန်းကျင်ကိုကြည့်၍ လေသံတိုးတိုးဖြင့်ပြောသည်။ စုဟုန်လင်းက....

"သူတို့က တရားခံကိုဘယ်လိုအစီအစဉ်မျိုးနဲ့ခေါ်လာတတ်သလဲ"

"အဲ့ဒါကို ငါအသေအချာမသိလို့ ခက်နေတာပေါ့"

ထိုစဉ်မှာပင် တိဗက်လာမာဘုန်းတော်ကြီးနှစ်ပါးသည် သူတို့စားပွဲဆီသို့လျှောက်လာသည်။ ကုမုထိက မော့ကြည့်လိုက်မိ၏။ သူ၏မျက်ခုံးနှစ်ခုမြင့်တက်သွားသည်။ တိဗက်လာမာဘုန်းတော်ကြီးနှစ်ပါး၏လက်ထဲတွင် ရုပ်ကြွယ် အမှတ်အသားကြယ်တံဆိပ်တစ်ခုကို မြင်တွေ့လိုက်ရသောကြောင့်ပင်ဖြစ် သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တိဗက်လာမာနှစ်ပါးက ကုမုထိတို့အား ခေါင်းညိတ်ပြပြီး ရှေ့မှထွက်သွားသည်။ ကုမုထိက စုဟုန်လင်းအားကြည့်ကာ....

"လက်စသတ်တော့ ရုပ်ကြွယ်အဖွဲ့ကပဲ"

"သူတို့က...."

ကုမုထိကလက်ကာပြ၍....

"သူတို့ကတိုင်ပင်ဖို့ခေါ်တာပါ... လာသွားကြမယ်"

ကုမုထိတို့သည် တိဗက်လာမာဘုန်းတော်ကြီးနှစ်ပါး နောက်သို့လိုက်သွားကြတော့သည်။

၀၀၀၀

နေဝန်းပင် ထန်းတစ်ဖျားခန့် မြင့်တက်လာသောအချိန်တွင် မြို့စားဂေဟာမှ မန်ချူးစစ်သည်အချို့ လူသတ်ကုန်းသို့ရောက်ရှိလာကြလေသည်။ မကြာမီ ဗိုလ်ကြီးကုတ်လျှံဖိနှင့် ကိုယ်ရံတော်နှစ်ဦး ရောက်ရှိလာကြသည်။

လာရောက်ကြည့်ရှုကြသောပရိသတ်များမှာ ခပ်လှမ်းလှမ်းရှိ သတ်မှတ်ထားသောနေရာသို့ရောက်ရှိနေကြသည်။ ထိုပရိသတ်များသည် တရားခံအား တင်ဆောင်လာမည့်အလုံပိတ်မြင်းရထားကိုစောင့်ဆိုင်းမျှော်ကြည့်နေကြသည်။

မကြာမီမှာပင် မြို့စားဂေဟာအနောက်တံခါးမှနေ၍ အလုံပိတ်ထားသောမြင်းရထားတစ်စီးသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသည်ကိုတွေ့လိုက်ရလေသည်။

မြင်းရထားသည် မြို့ပြင်လမ်းသို့ရောက်ရှိသည်နှင့် အရှိန်ကပိုပြင်းလာ၏။ ထိုအခိုက်မှာပင် လမ်းကွေ့တစ်ခုသို့ရောက်ရှိလာလေသည်။



မြင်းရထားသည် ထိုလမ်းကိုကွေ့လိုက်သည်နှင့် လူသတ်တောင်ကုန်းသို့ ဦးတည်သောလမ်းကြောင်းပေါ် ရောက်ရှိသွားလေသည်။ ထိုစဉ်မှာပင် အရှိန်နှင့်ပြေးနေသောမြင်းရှေ့သို့ သံကြိုးကြီးတစ်ခု ရုတ်တရက် ကန့်လန့်ဖြတ်တန်းလျက်သားဖြစ်သွားလေသည်။

"ဂျိန်း... ဝုန်း"

မြင်းသည် သံကြိုးသွယ်တန်းထားသောကြောင့် ရှေ့လက်နှစ်ဖက်ခေါက်ကွေးပြီး တုံးလုံးလဲကျသွားရာ အလုံပိတ်ထားသောမြင်းရထားကြီးသည် မှောက်သွားတော့၏။ မြင်းရထားမောင်းသူနှင့် အစောင့်လိုက်ပါလာသူနှစ်ယောက် ဘေးသို့လွင့်စဉ်သွားလေသည်။

မြင်းရထားထဲတွင်ပါရှိလာသည့် ဂုန်နီအိတ်ထုတ်ကြီးမှာ ခေါင်မိုးမှပေါက်ထွက်ပြီး လွင့်စဉ်သွားသည်။ ရုတ်တရက်ဆိုသလိုပင် လူတစ်ယောက်ကပြေးလာပြီး ထိုဂုန်နီအိတ်ကြီးကိုဆွဲယူကာ အသင့်ရပ်ထားသောမြင်းပေါ်တင်၍ ဒုန်းစိုင်းထွက်ပြေးသွားလေတော့၏။ မြန်ဆန်လွန်းသောအဖြစ်အပျက်ကြောင့် တဒင်္ဂမြင်လိုက်ရသူအဖို့ မယုံကြည်နိုင်အောင်ဖြစ်ကာ ကြက်သေ,သေသွားကြကုန်သည်။

တောင်ကုန်းပေါ်မှ ကိုယ်ရံတော်တပ်သားများက ထိုအခြင်းအရာကိုလှမ်းမြင်တွေ့လိုက်သည်။

ထို့ကြောင့် တပ်သားများနှင့်ကုတ်လျှံဖိတို့ရောက်ရှိလာချိန်တွင် တုံးလုံးလဲနေသောမြင်းရထားနှင့်အလောင်းသုံးလောင်းအပြင် ကြီးမားသောသံကြိုးကြီးတစ်ချောင်းကိုသာ တွေ့လိုက်ရလေသည်။

ထိုအချိန်တွင် တိဗက်လာမာဘုန်းတော်ကြီးနှစ်ဦးသည် တည်းခိုခန်းတစ်ခုဆီသို့ ဂူမြှေရှရဝင်ရောက်သွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်ကောင်သည် ချန်ကျူးမြို့အတွင်းမှ ကဆုန်ပေါက်၍ပြေးထွက်လာ၏။ ထိုမြင်းသည် မြို့ပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် လမ်းကြီးအတိုင်းဆက်မသွားဘဲ ချုံပုတ်များထူထပ်သည့်တောထဲမှဖြတ်သန်းသွား၏။

မြင်းပေါ်မှလူသည် ယင်းသို့ဖြတ်သန်းလာရာမှ စမ်းချောင်းတစ်ခုသို့ရောက်သည်တွင် မြင်းပေါ်မှကပျာကယာဆင်းပြီး သူ၏ရှေ့တွင်တင်ဆောင်လာသည့် ဂုန်နီအိတ်ထုပ်ကြီးကိုဆွဲယူ၍ ခားမြောင်နှင့်လျှင်မြန်စွာခွဲချလိုက်၏။

ထိုအခါတွင် လက်နှစ်ဖက်နောက်ပစ်ကာ ကြိုးတုပ်ခံထားရသောကွေ့စူးကိုထိုင်လျက်သား တွေ့ရှိလိုက်ရတော့သည်။

ကွေ့စူးက လေပူတစ်ချက်ကိုမှုတ်ထုတ်၍....

"ဟူး... ငါတော့ ဒီတစ်ခါအသေပဲလို့မှတ်နေတာကုမုထိရဲ့"

ကုမုထိက ကွေ့စူး၏မျက်နှာကိုကြည့်လိုက်ရာ ထိတ်လန့်သွားသည်။

"ဟာ... မင်းကို သူတို့က ဒီအထိတောင် နှိပ်စက်ထားတယ်ဟုတ်လား"

ကွေ့စူး၏မျက်နှာတစ်ခုလုံးမှာ သပြေသီးမှည့်ကဲ့သို့ ဖူးပြီးယောင်ကိုင်းနေသည်။ ကွေ့စူးသည် ကုမုထိအား ဘာမှအဖြေမပေးသေးဘဲ စမ်းချောင်းသို့သွားကာ သူ၏ဒဏ်ရာများကို ဆေးကြောသုတ်သင်ရင်း ရေကိုတစ်ဝကြီးသောက်ပစ်လိုက်၏။

ကုမုထိလည်း စမ်းချောင်းထဲသို့လိုက်ကာ ကိုယ်လက်များသုတ်ဆင်၍ နှစ်ယောက်သားကျောက်တုံးပေါ်တွင် ထိုင်မိလိုက်ကြ၏။ ကုမုထိက ခါးတွင်ချိတ်ထားသောအရက်အိုးကလေးတစ်လုံးကို ကွေ့စူးအား လှမ်းပေးလိုက်၏။



ကွေ့စူးက အိုးလိုက်မော့ချလိုက်သည်။ အမောလည်း ပြေသွားပြီဖြစ်၏။ အရက်ရှိန်ကြောင့် သွေးများလည်း ပူသွားပြီဖြစ်ပေသည်။ ကုမုထိက သူ၌ပါလာသည့်ဆေးပုလင်းကိုထုတ်၍ အရည်များကို မျက်နှာ၌လူးပေးရင်းမှ....

"မှုဝံကြွယ်ဂိုဏ်းသားနှစ်ယောက်ကို ကျေးဇူးတင်ရမယ်"

ကွေ့စူး၏မျက်နှာ ရုတ်တရက်တစ်မျိုးဖြစ်သွား၏။

"ဘာလို့ သူတို့ကိုကျေးဇူးတင်ရမှာလဲ... သူတို့ဂိုဏ်းရဲ့တံဆိပ် ငါ့အိတ်ထဲကရှာတွေ့သွားလို့ ငါဒီလောက်ခံရတာ"

"မင်း မစဉ်းစားဘဲ အဲဒီစကားမျိုးမပြောနဲ့၊ တကယ်တော့ ဒီတံဆိပ်ပြားက မင်းသဘောနဲ့မင်း အိတ်ထဲထည့်ထားတာ မဟုတ်လား"

ကွေ့စူး ပါးစပ်ပိတ်ထားလိုက်သည်။ ကုမုထိ၏စကားက မမှားပါ။ ပေါက်ခူးယုံနှင့်သူ့ကို မျက်နှာ ဖုံးနှင့်လူကပစ်ပေးခဲ့သော တံဆိပ်ပြားဖြစ်သည်။ ထိုတံဆိပ်ပြားကို သူက ကိုယ်နှင့်မကွာသိမ်းထားမိသည့်အတွက် အလိုလို မှုဝံကြွယ်ဂိုဏ်းသားဖြစ်နေ၏။

"သူတို့ကပေးတိုင်း သူတို့ဂိုဏ်းသားယူဆလို့ရမှာလား"

ကုမုထိက စိတ်မရှည်ဟန်ဖြင့်....

"ဒါကလွယ်ပါတယ်... သူတို့ကိုမနှစ်သက်ဘဲ ဘာလို့ဆောင်လာသလဲ"

ကွေ့စူးမှာ သူ့တွင်အပြစ်ရှိနေ၍ ဘာမျှဆက်မပြောတော့ပေ။ ကုမုထိကဆက်၍....

"ဒါပေမဲ့ မှုဝံကြွယ်ဂိုဏ်းဟာ သူတို့တာဝန်ကျေတယ်၊ မင်းအခုလိုဖြစ်ရတာ သူတို့တာဝန်မကင်းဘူးဆိုပြီး အခုလိုအသက်အားက ကယ်ဆယ်ပေးတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကွေ့စူး သဘောပေါက်သွားပုံရသည်။

“သူတို့က မြင်းလှည်းကိုမှောက်အောင် ဘယ်လိုလုပ်လိုက်တာလဲ”

ကုမုဒ္ဒီက....

“ယဉ်ယဉ်နဲ့လွယ်လွယ်ကလေး လုပ်လိုက်တာပဲ၊ တီဗက်လာမာခေါင်းဆောင်တဲ့ ရှုဝံကြွယ်ဂိုဏ်းသားနှစ်ယောက်ဟာ လမ်းရဲ့တစ်ဖက်တစ်ချက်မှာပုန်းနေပြီး အရှိန်နဲ့ပြေးလာတဲ့မြင်းကို သံကြိုးနဲ့ဆီးတားလိုက်တာ၊ ဒီမြင်း ဒလိမ့်ခေါက်ကွေးမလဲဘဲနေပါ့မလား”

“အစောင့်ရဲမက်နှစ်ယောက်လဲ နောက်ကပါလာတယ်”

ကုမုဒ္ဒီ ခေါင်းညိတ်လိုက်သည်။

“သိပ်ဟုတ်တာပေါ့... ဒါပေမဲ့ ဓားသုံးလက်ကို တစ်ပြိုင်တည်းပစ်နိုင်တဲ့ တစ်ဈောက်ကန်းထုပင်းရဲ့တပည့် စုဟုန်လင်းက ပိုပြီး ချီးကျူးဖို့ကောင်းတယ်”

ကွေ့စူးမျက်လုံးပြူးသွားသည်။

“အို... သူက ဒီအထိတောင် စွမ်းသလား”

ကုမုဒ္ဒီကခေါင်းညိတ်လိုက်၏။ ပြီးမှ....

“အင်း... ဘုန်းတော်ကြီးနှစ်ပါးနဲ့စုဟုန်လင်း အခြေအနေမကောင်းရဲ့လားမသိဘူး”

ကုမုဒ္ဒီက စုဟုန်လင်းတို့အတွက်ပူပင်လိုက်သေးသည်။

ကွေ့စူးက သူ့ကိုမော့ကြည့်၍....

“တို့ ချန်ကျူးမြို့ကိုပြန်သွားမှသင့်လျော်မယ်နဲ့တူတယ်”

“မဖြစ်ဘူးနဲ့တူတယ်ကွေ့စူး... ဒီတစ်ခါ တို့ကိုမှတ်မိသွားရင် မလွယ်ဘူး”

ကွေ့စူးက မျက်မှောင်ကြုတ်၍....





“ဒါဖြင့် မင်းအမျိုးသမီးကိုမတွေ့ချင်ဘူးလား”

ကုမုဒ္ဒီက သက်ပြင်းချမိလိုက်သည်။

ဝဝဝဝ

ကွေ့စူးက ငေးငိုင်နေသောကုမုဒ္ဒီအား....

“ဘယ်လိုလဲ... မင်း ဝေဝေစွမ်းကိုမရှာတော့ဘူးလား”

ကွေ့စူးသည် ပါးစပ်ပိတ်ထားဆဲပင်ဖြစ်၏။

ဝေဝေစွမ်းသည် မိမိအလွန်ချစ်ခင်စွဲလန်းသောမိန်းကလေးဖြစ်သည်မှာမှန်၏။

သို့သော် သူမသည် အိမ်ထောင်ကျဖူးသူဖြစ်၏။ သူမ၊ယူသည့်ယောကျ်ားမှာ မန်ချူးဗိုလ်ဟုသိရသောအခါ ကုမုဒ္ဒီ ဒေါသထွက်သွားမိ၏။

ယခု သူမသည် ချမ်းသာ၏။ အာဏာရှိသည်ဟုသိရသည်။

မည်ကဲ့သို့ချမ်းသာ၍ မည်ကဲ့သို့အာဏာရှိနေသနည်း။

ဒါကိုသိချင်သည်။

ထို့ပြင် မိမိကို ဘာကြောင့်တွေ့ချင်နေပါသနည်း။

သူ့အနေနှင့်သွားတွေ့လျှင် အကျိုးရှိနိုင်မည်လား။

ကုမုဒ္ဒီသည် ကွေ့စူးမျက်နှာကိုသေသေချာချာကြည့်၍....

“မင်းဒဏ်ရာတွေပျောက်မှပဲ ငါစဉ်းစားမယ်ကွာ... အခုတော့ ကုန်းမြင့်ရွာမှာ ခဏသွားရှောင်နေဦးမှ”

ကွေ့စူးကမျက်မှောင်ကြုတ်၍....

“ကုန်းမြင့်ရွာကဘယ်သူရှိလို့လဲ”

“ငါ့မိတ်ဆွေမုဆိုးတွေနေတဲ့ရွာ”

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ချန်ကျူးမြို့သည် ခါတိုင်းနှင့်မတူပါ။

သေဒဏ်ပေးထားသည့် တရားခံတစ်ယောက်အား လုယူသွားသောသတင်း….

မြို့စားဂေဟာမှရဲမက်သုံးဦးအား သတ်ဖြတ်သွားသည့်သတင်း၊ ရှုဝံကြွယ်ဂိုဏ်းသားများ ချန်ကျူးမြို့ထဲ၌ လှုပ်ရှားနေသည်ဆိုသည့်သတင်းများကြောင့် မြို့စားကြီးဂေဟာမှကိုယ်ရံတော်တပ်သားများ ရဲမက်များ ထိပ်တန်းလက်ရွေးစင်သိုင်းသမားများသည် ချန်ကျူးမြို့တစ်မြို့လုံး ပိုက်စိပ်တိုက်ရှာဖွေနေကြ၏။

ချန်ကျူးတစ်မြို့လုံး ချောက်ချား၍ နေပေတော့၏။

တရားခံအလုခံရသည့်နေ့တွင် အပြာရောင်အင်္ကျီလက်ပြတ်ဝတ်ဆင်ထားသည့် လယ်သမားယာသမားရုပ်ပေါက်နေသည့်လူငယ်လေးတစ်ယောက်သည် လမ်းမကြီးတစ်ခုပေါ်မှ ခပ်သုတ်သုတ်လေးလျှောက်လာ၏။

ဗိုလ်အဆင့်ရှိသော မန်ချူးတစ်ယောက်နှင့် ငယ်သားသုံးယောက်သည် ထိုလူငယ်နောက်မှ နောက်ယောင်ခံ၍လိုက်သည်။

လမ်းမကြီးပေါ်ရောက်ရှိသည်နှင့် နောက်မှလိုက်လာသော မန်ချူးတပ်သားလေးယောက်သည် သူ့ကိုမှီလာပြီး လက်မောင်းကို ဖမ်းဆွဲထားလိုက်၏။

"မင်း ဘယ်ကလဲ"

လူငယ်သည် ရင်ထဲတွင်ထိတ်ခနဲဖြစ်ပြီး စိုးရိမ်သွားသော်လည်း လုံးဝဣန္ဒြေအပျက်မခံဘဲ….

"ကျွန်တော်ဟာ စိုက်ပျိုးစားတဲ့လူပါ… ဒီမှာ ကျွန်တော့်မိတ်ဆွေတစ်ယောက်ကိုလိုက်ရှာနေတာ"

မန်ချူးဗိုလ်သည် လူငယ်ထံရှာဖွေရာ ငွေတုံးအချို့ကိုသာ



တွေ့ရပြီး အခြားဘာလက်နက်မှမတွေ့ရပေ။

"မင်းစောစောက အမှတ်သုံးလမ်းမကလာတာ မဟုတ်လား"

အမှတ်သုံးလမ်းမမှာ မြင်းရထားမှောက်ပြီး ရဲမက်သုံးဦးသေဆုံးသွားသည့်လမ်းမဖြစ်၏။

"ဘာလမ်းမှန်းတော့ကျွန်တော်မသိဘူး… အဲဒီဘက်က လာခဲ့တာပဲ"

မန်ချူးဗိုလ်သည် လူငယ်ကိုအကဲခတ်ကြည့်၏။ လူငယ်မှာ အသက်အရွယ်ငယ်ရွယ်ပြီး ရိုးသားပုံပေါ်၏။ တောသားတစ်ယောက်နှင့်လည်းတူနေသဖြင့် သိပ်ပြီးစိတ်ဝင်စားပုံမပေါ်ပေ။

ထိုစဉ် အမျိုးသမီးလေးတစ်ဦးသည် သူတို့အနီးပြေးဝင်လာပြီး လူငယ်၏လက်မောင်းကိုလှမ်းဆုပ်လိုက်လေသည်။

"နင် ငါ့ကိုလိုက်ရှာနေတာမဟုတ်လား… ငါ နင့်ကို အတန်တန်မှာထားတယ်။ ပန်းဂေဟာလာခဲ့ပါလို့"

သူကပြောပြီး အနားတွင်ရှိနေသောမန်ချူးဗိုလ်ကိုမော့ကြည့်လိုက်သည်။

မန်ချူးဗိုလ်ကိုမြင်သည့်အခါ….

သူမသည် ရယ်မောလိုက်ပြီး….

"အို… လက်စသတ်တော့ဗိုလ်ကြီးဆွမ်ပဲ"

သူမကနှုတ်ဆက်ပြီး လူငယ်ကိုမေးငေါ့ပြ၍….

"သူက ကျွန်မရဲ့မိတ်ဆွေပဲ… ကျွန်မကိုလိုက်ရှာနေတာ"

မန်ချူးဗိုလ်ဆွမ်ဆိုသူသည် မိန်းကလေးကိုမြင်လိုက်ရသည်နှင့် မျက်နှာတစ်မျိုးပြောင်းသွားသည်။

"သူ့နောက်ကို ငါကမသင်္ကာလို့လိုက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ... သူက ဒီမြို့ကို အခုတစ်ခါပဲရောက်ဖူးသေးလို့ ယောင်လည်လည်ဖြစ်နေတာပါ"

မန်ချူးဗိုလ်သည် မည်သည့်စကားမှဆက်၍မပြောတော့ဘဲ သူ့ငယ်သားများကိုခေါ်၍ထွက်သွားတော့သည်။

ဝဝဝဝ

မိန်းကလေးသည် လူငယ်၏လက်ကိုရင်းနှီးစွာဆွဲ၍...

ပန်းဂေဟာစားသောက်ဆိုင်ထဲသို့ ဆွဲခေါ်လာခဲ့သည်။

လူငယ်မှာ စုဟုန်လင်းဖြစ်ပြီး မိန်းကလေးမှာ မနေ့ညက စုဟုန်လင်းနှင့်အတူ စားသောက်ခဲ့သည့်စွမ်းရီဆိုသည့်မိန်းကလေးပင် ဖြစ်ပေသည်။

စုဟုန်လင်းသည် မိမိအကျပ်အတည်းနှင့်ရင်ဆိုင်နေရစဉ် စွမ်းရီက ရုတ်တရက် ခေါ်ဆောင်လာသဖြင့် စွမ်းရီကိုကျေးဇူးတင်မိသည်။ စွမ်းရီသည် စုဟုန်လင်းအား သူမ၏အခန်းဆီသို့ခေါ်သွားသည်။ ထို့နောက် သူမ၏လက်ထဲတွင် အသင့်ဝယ်ယူလာသောစက္ကူအိတ်ထဲမှဝတ်စုံတစ်စုံကို စုဟုန်လင်းအား ပေးလိုက်သည်။

"အဲ့ဒါ ရှင့်အတွက် ကျွန်မဝယ်ခဲ့တာ"

စုဟုန်လင်းသည် သူ့အတွက် ဝယ်ယူလာသောဝတ်စုံကိုကြည့်လိုက်သည်။ အဖိုးထိုက်တန်သည့်ဝတ်စုံတစ်စုံပင် ဖြစ်လေသည်။

"ရှင်သာ အဲဒီဝတ်စုံကိုဝတ်ပြီး ဆံပင်ကိုအနည်းငယ်ပြုပြင်လိုက်မယ်ဆိုရင် ရှင့်အမေတောင် မှတ်မိမှာမဟုတ်ဘူး"

စုဟုန်လင်းသည် ဝတ်စုံကိုကိုင်ထားရင်း သူမကိုနားမလည်နိုင်သောအကြည့်ဖြင့်ကြည့်နေသည်။



စွမ်းရီက....

"ကဲ... ရှင် ဒီအဝတ်အစားကိုလဲပြီး ကျွန်မပြောသလို ဆံပင်ကို အနည်းငယ်ပြုပြင်လိုက်ပါ"

သူမကပြောပြီး အပြင်ဘက်စားသောက်ခန်းဆီသို့ ထွက်ခွာသွားတော့၏။

ဝဝဝဝ

စွမ်းရီသည် ညှို့သည်နှစ်ယောက်ကို ညှို့ခံစကားပြောပြီးသည်နှင့် စားပွဲတစ်လုံး၌ အနားယူလိုက်စဉ်မှာပင် သူ၏အနားသို့ လူချောလူခန့် သူဌေးသားတစ်ဦးရောက်ရှိလာသည်။

မော့ကြည့်လိုက်ရာ မျက်လုံးကလေးဝိုင်းသွားသည်။

"အို... ရှင်က ကျွန်မထင်တာထက်တောင် ကြည့်လို့ကောင်းသွားပါလား"

စုဟုန်လင်းကိုကြည့်၍ အံ့ဩသွားသည်။

စုဟုန်လင်းသည် ယခုအခါ တောသားတစ်ယောက်နှင့် မတူတော့ပါ။ ငွေကြေးချမ်းသာသည့်သူဌေးသားတစ်ယောက်အသွင် ဆောင်သွားတော့သည်။

"နေပါဦး... ကျုပ်ကို ဒီအဝတ်အစားတွေ ပြောင်းလဲဝတ်ဆင်ခိုင်းတာက ဘာသဘောလဲ"

စွမ်းရီကပြုံးလိုက်၏။

"ရှင်နဲ့ကျွန်မ ပန်းခြံထဲကိုသွားကြရင် ကောင်းလိမ့်မယ်နဲ့တူတယ်"

သူမကပြောပြောဆိုဆို စုဟုန်လင်းအား ပန်းခြံထဲသို့ခေါ်ဆောင်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံအတွင်း၌ ပူးကပ်စွာထိုင်မိကြသည့်အခါ သူမက လေသံတိုးတိုးဖြင့်....

"စုဟုန်လင်း...."

ဟုခေါ်လိုက်၏။

"ဗျာ... ပြောပါ"

"ရှင့်ကို ကျွန်မချီးကျူးတယ်... လေးလဲလေးစားပါတယ်"

စုဟုန်လင်းမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

"ခင်ဗျား... ကျုပ်ကိုမြှောက်နေတာလား"

"ကျွန်မက မျက်မြင်ကိုယ်တွေ့ပါ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ကျွန်မပြောတာကို ရှင်မသိချင်ယောင်ဆောင်မနေပါနဲ့ ကျွန်မက ရှင်စိုးရိမ်ရမဲ့လူတစ်ယောက် မဟုတ်ပါဘူး"

စုဟုန်လင်းက ငြိမ်သက်၍နားထောင်နေစဉ် သူမက ဆက်ပြော၏။

"ရှင် သိုင်းပညာဘယ်အဆင့်အထိရှိနေတယ်ဆိုတာ ရှင့်လက်က ဓားသုံးလက်ထွက်သွားတာကိုကြည့်ရင် ကျွန်မအကဲခတ်လို့ရပါတယ်"

စုဟုန်လင်း ရင်ထဲ၌ဝုန်းခနဲဖြစ်သွားတော့၏။

မိမိက အစောင့်သုံးဦးကို ဓားဖြင့် တစ်နေရာမှပစ်ပေါက်လိုက်သည်ကို သူမ မည်ကဲ့သို့မြင်တွေ့သွားပါလိမ့်မည်ဟုတွေးမိပြီး စိုးရိမ်စိတ်များ လွှမ်းမိုးသွားတော့သည်။

စွမ်းရိက အချိုသာဆုံးပြုံးလိုက်ပြီး....

"ရှင် ဘာဖြစ်လို့စိုးရိမ်သွားရတာလဲ"

"ကျုပ်... ကျုပ်က..."



စုဟုန်လင်း တစ်စုံတစ်ရာကိုကြောက်နေမှန်း စွမ်းရိသိရှိလိုက်၏။

"ရှင် မစိုးရိမ်ပါနဲ့ တခြား ဘယ်သူမှမြင်တွေ့မိမယ်လို့ မထင်ပါဘူး၊ ရှင် အဲဒီအဝတ်အစားတွေနဲ့ဆက်နေရင် ရိပ်မိသွားမှာ စိုးလို့တောင် ကျွန်မက အဝတ်တစ်စုံကိုအမြန်ဆုံးပြေးဝယ်ပြီး မန်ချူးရဲမက်တွေလက်ထဲက ရှင့်ကိုဆွဲထုတ်လာခဲ့တာမဟုတ်လား"

စုဟုန်လင်း ရင်ထဲတွင် အနည်းငယ်ပေ့ါသွားသည်။

"အဲဒီအတွက် ကျုပ်ကသိပ်ကျေးဇူးတင်ပါတယ်"

"ကျွန်မက အဲဒီကောင်တွေရဲ့ မျက်နှာကို သိပ်ပြီးကြည့်လို့ရတာမဟုတ်ဘူး၊ ရှင့်ကိုတောင် ကျွန်မက ကျေးဇူးတင်ရဦးမှာ"

စုဟုန်လင်းက သူမ၏မျက်နှာကိုကြည့်လိုက်သည်။

"ခင်ဗျားလဲ သူတို့ကိုမုန်းတယ်ဟုတ်လား"

"ဟုတ်တယ်... တတ်နိုင်ရင် ကျွန်မက အစိမ်းလိုက်တောင် ဝါးစားချင်သေးတယ်၊ သူတို့က လူယုတ်မာတွေပဲ... ကျွန်မရဲ့ဘဝကိုတောင် ဖျက်ဆီးခဲ့သေးတာ"

စုဟုန်လင်းသည် သူမဝမ်းနည်းနေမည်စိုး၍ ဘာမှဆက်မပြောတော့ဘဲ တိတ်ဆိတ်စွာပင်နေလိုက်သည်။

သူမက မျက်ရည်စများကိုသုတ်လိုက်သည်။ ပြီးမှ....

"ကျွန်မနည်း ကျွန်မဟာန်နဲ့သူတို့ကိုသတ်ခဲ့တာ သုံးယောက်ရှိနေပြီ"

စုဟုန်လင်း အံ့ဩသွားတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင်… စုဟုန်လင်းနှင့်စွမ်းရီသည် ချန်ကျူးမြို့တွင် နေရာအနှံ့လျှောက်လည်ကြ၏။

သူတို့နှစ်ဦးသည် ချန်ကျူးမြို့နာမည်ကြီး ဘုရားကျောင်းတစ်ခုမှထွက်ခဲ့ကြစဉ် လူတစ်ယောက်သည် အလွန်လှပသည့်ဂေဟာတစ်ခုထဲသို့ဝင်ရောက်သွားသည်ကို စုဟုန်လင်းတွေ့ရှိလိုက်သည်။

စုဟုန်လင်းသည် ထိုလူကိုတွေ့မြင်လိုက်သည်နှင့် တစ်ချက်ဝမ်းသာသွားမိသည်။ ဟုတ်မှဟုတ်ပါလေစဟုလည်း သံသယဖြစ်မိလိုက်သည်။

ထိုလူဝင်ရောက်သွားသည့်အိမ်မှာ အလွန်ခန့်ညားလှပနေသောကြောင့်ဖြစ်သည်။

စုဟုန်လင်းကစွမ်းရီအား….

"ညီမ ဒီဂေဟာကြီးကသိပ်ခန့်ညားတာပဲ၊ ဘယ်သူ့ဂေဟာလဲဟင်"

စွမ်းရီက….

"အဲ့ဒါ သခင်မဝေရဲ့ဂေဟာလေ"

၀၀၀၀





ကုမုထိသည် သခင်မကြီးဝေ၏ဂေဟာထဲသို့ လှမ်းဝင်သွားသည်။ သူသည် ထိုဂေဟာကြီးကို အတန်ကြာအောင် မော့ကြည့်နေမိသည်။

ထို့နောက် စိတ်ကိုတင်း၍ တံခါးမကြီး၏အဝတွင် ဆွဲချိတ်ထားသောခေါင်းလောင်းကလေးကို တီးခတ်လိုက်သည်။

"ချွင်… ချွင်"

မကြာမီပင် တံခါးမင်းတုတ်ဖြုတ်သံကြားရပြီး တံခါးတစ်ချပ်ဖွင့်သွားသည်။ တံခါးဝ၌ အရုပ်အလွန်ရှည်ပြီး အတော်ကလေးကြည့်ရဆိုးသည့်လူတစ်ယောက်က ရပ်တန့်လိုက်သည်။

ထိုလူ၏ခါးကြားတွင် ဂေါ်ရခါးဓားကောက်ကြီးတစ်လက်က ထိုးထား၏။ ထိုလူ၏ပုံသဏ္ဍာန်မှာ သံပတ်ပေးထားသောစက်ရုပ်ကဲ့သို့ ဖြစ်နေပေ၏။

ထိုလူသည် တံခါးဝမှနေ၍ နှစ်လှမ်းမျှ လှမ်းထွက်လိုက်၏။

"ဘာကိစ္စလဲကိုယ့်လူ"

အရုပ်ရှည်ဖြီး အရုပ်ဆိုးသည့်သာမက အသံကလည်း အေးစက်မာကျောလှသည်။

ကုမုထိက အနည်းငယ်ပြုံးပြလိုက်၏။

"ဒီဂေဟာက သခင်မကြီးဝေဝေစွမ်းရဲ့ဂေဟာလား"

"ဟုတ်တယ်"

"သခင်မကြီးရှိပါသလား"

"ရှိတယ်… ဘာကိစ္စလဲလို့ငါမေးနေတယ်"

"ကျွန်တော် သူနဲ့တွေ့ပါရစေ"

ကိုလေးရှည်မှာ စိတ်တိုလာပုံရ၏။

"ဘာကိစ္စလဲလို့ ငါကမေးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကသူ့ရဲ့မိတ်ဆွေပါ"

"နာမည့်ပြော"

"ကုမုဒ္ဒီ"

ကိုလောရှည်သည် ချာခနဲလှည့်၍ထွက်သွား၏။

မကြာမီ ပြန်ရောက်လာပြီး....

"မင်း သခင်မလေးဆီသွားပါ"

ပြောပြီး လမ်းဖယ်ပေးသဖြင့် ကုမုဒ္ဒီကလှမ်းဝင်လိုက်၏။

အခန်းတစ်ခန်း၏ရှေ့သို့ရောက်ရှိသွားသည့်အခါ ကျာပွတ်ကိုင်ထားသောအမျိုးသမီးကိုထပ်မံ၍တွေ့ရှိလိုက်ရ၏။

ထိုအမျိုးသမီးက....

"ကုမုဒ္ဒီဆိုတာ ရှင်လား"

ကုမုဒ္ဒီကခေါင်းညိတ်လိုက်၏။

"ရှင်က သခင်မကြီးရဲ့မိတ်ဆွေလား"

"ဟုတ်ပါတယ်... ဒါထက် ခင်ဗျားကဘယ်သူလဲ"

သူမသည် ကုမုဒ္ဒီကိုစူးစိုက်၍ကြည့်လိုက်ပြီး....

"ဒါတွေမေးစရာမလိုဘူး... လာရင်းကိစ္စသာပြောပါ"

"ကျုပ်က သူ့ရဲ့မိတ်ဆွေပါ... သူနဲ့တွေ့ရင် ရှင်းသွားပါလိမ့်မယ်"

"ဒီလောက်နဲ့ဘယ်လုံလောက်ပါ့မလဲ၊ ဘာကိစ္စနဲ့လာတယ်ဆိုတာ တိတိကျကျပြောရလိမ့်မယ်"

ကုမုဒ္ဒီစိတ်မရှည်နိုင်တော့ပါ။

"ဒီမှာ...."

ကျာပွတ်ကိုင်အမျိုးသမီးက ခြေတစ်ဖက်ဆောင့်၍....

"ငါ့နာမည်သခင်မလေးဝူးရီ"



"ဪ... ဟုတ်ကဲ့ သခင်မလေးဝူးရီ ခင်ဗျားတို့ သခင်မကြီးကို ကုမုဒ္ဒီကတွေ့ချင်တယ်လို့သာပြောပေးပါ"

သခင်မလေးဝူးရီဆိုသူသည် နှုတ်ခမ်းစူပြီး ခြေတစ်ဖက်ဆောင့်ကာ အခန်းတစ်ခုထဲသို့ဝင်ရောက်သွား၏။

"ဒီလောက်အထိ ခက်ခဲမယ်ဆိုရင် အစကတည်းက ငါမလာပါဘူး"

သိပ်တော့ မကြာလိုက်ပါ။

သခင်မလေး ဝူးရီပြန်လည်ရောက်ရှိလာ၏။

"ရှင် ဧည့်ခန်းထဲကိုသွားနိုင်ပါပြီ"

ကုမုဒ္ဒီသည် ဧည့်ခန်းဆီသို့သွားရင် ရင်ခုန်နေမိ၏။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က စွဲစွဲလန်းလန်းချစ်ခဲ့ရသောချစ်သူကို ယခုကဲ့သို့ပြန်တွေ့ရမည်ဆိုသောအခါ သူ့စိတ်ထဲတွင် ဖော်မပြနိုင်သည့်ဝေဒနာတစ်မျိုး ခံစားနေရ၏။

ဧည့်ခန်းမထဲသို့ရောက်သည်နှင့် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ပြီး ရပ်တန့်နေသည့်ဝေဝေစွမ်းကိုတွေ့လိုက်ရ၏။

သူ့မျက်လုံးများသည် မျက်တောင်ခတ်ရန်ပင် မေ့လျော့နေလေတော့၏။

သူမသည် ငယ်စဉ်ကကဲ့သို့ပင် လှတုန်းပတုန်းပင်ရှိသေး၏။

သူသည် သူမကိုငေးကြည့်ရင်းမှ....

"ဝေဝေစွမ်း"

သူမလည်း ကုမုဒ္ဒီနည်းတူစွာပင် အတန်ကြာအောင်ငေးမောကြည့်ရှုရာမှ ကုမုဒ္ဒီက ခေါ်လိုက်သည်တွင် ဟန်မဆောင်နိုင်တော့ဘဲ ကုမုဒ္ဒီထံသို့ပြေးလာကာဖက်ထားမိလိုက်၏။

"ပြန်တွေ့ရသေးတယ်ကုမုဒ္ဒီရယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် တဒင်္ဂမျှလောကကြီးကိုမေ့သွားကြလေသည်။

အတန်ကြာမှ ကုမုထိက အသိတစ်ခုဝင်လာ၏။ သူသည် ဝေဝေစွမ်းကို အသာအယာခွာပြီး ကုလားထိုင်တစ်လုံး၌ဝင်၍ထိုင်လိုက်၏။ သူမက ယှဉ်လျက်သားကုလားထိုင်တွင်ဝင်ထိုင်သည်။

"ရှင် ကျွန်မကို အတော်စိတ်နာမယ်ဆိုတာသိပါတယ်"

ကုမုထိသည် အတိတ်ကိုပြန်သတိရမိ၍ အံကိုမသိမသာကြိတ်ထားမိလိုက်သည်။

"ဒါတွေ မပြောပါနဲ့တော့... အချိန်တွေကလွန်ခဲ့ပြီပဲ"

ကုမုထိကပြောပြီး မျက်နှာကိုတစ်ဖက်သို့လှည့်ထားလိုက်သည်။ သူမထံမှရှိုက်သံတစ်ချက်ထွက်ပေါ်လာ၏။

"ရှင် ကျွန်မကြောင့် ဒုက္ခတွေအမျိုးမျိုးရောက်ရတယ်ဆိုတာ ကျွန်မကြားရပါတယ်"

ကုမုထိက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကြောင့်မို့ မင်းက မန်ချူးစစ်ဗိုလ်နဲ့ပျော်ပျော်ရွှင်ရွှင်ကြီး လက်ထပ်ခဲ့တာမဟုတ်လား"

"ရှင် ကျွန်မကို ဒါထက်ပိုပြီးပြောနိုင်ပါတယ်"

"ဒါထက်ပိုပြီး ပြောတော့ကော ဘာတွေအကြောင်းထူးလာမှာမို့လဲ"

"ရှင်က ကျွန်မရဲ့မေတ္တာကိုမှမသိနားမလည်ဘဲ"

"ဟုတ်ကဲ့... ပြောပါဦး"

ဝေဝေစွမ်းက....

"အဖေက ကျွန်မကို မန်ချူးဗိုလ်နဲ့အတင်းပေးစားတာကို ရှင်သိပါတယ်"





"ပေးစားတဲ့အတိုင်း မင်းယူခဲ့တာလဲ ငါသိတာပဲ"

"ရှင်မသိတာတွေ ရှိပါသေးတယ်"

ကုမုထိက သူမကိုဆတ်ခနဲကြည့်လိုက်၏။

"ပြောစမ်းပါဦး"

"ရှင်ဒဏ်ရာရတုန်းက ဘယ်သူ့အိမ်မှာတည်းနေတာလဲ"

ကုမုထိ စဉ်းစားစရာမလိုပေ။ သူ့ဒဏ်ရာရစဉ်က တည်းခိုခဲ့သည့်အိမ်မှာ စုဟုန်လင်း၏မိဘနှစ်ပါးဖြစ်သော ရန်ရန်လင်းနှင့်ချိုဟွား တို့အိမ်ဖြစ်သည်။

"ရန်ရန်လင်းတို့မိသားစုအိမ်မှာ ကျုပ်ပုန်းနေရတယ်"

"မှန်တယ်... အဲဒါကို ကျွန်မနဲ့ပေးစားမဲ့မန်ချူးဗိုလ်ကသိလို့ အဖေနဲ့တိုင်ပင်တယ်၊ အဲဒီအိမ်သားတွေကော ရှင့်ကိုပါ စစ်တပ်နဲ့ ဝိုင်းပြီးသတ်ပစ်ဖို့ ဒါပေမဲ့ ကျွန်မက အဲဒီလိုသွားလုပ်ရင် မန်ချူးဗိုလ်ကိုလက်မထပ်ဘူးဆိုလို့ မန်ချူးဗိုလ်ကိုယ်တိုင်က သူလုံးဝမနှောင့်ယှက်ပါဘူးလို့ကတိပေးတယ်၊ ဒါကြောင့် ကျွန်မမျက်စိမှိတ်ပြီး လက်ထပ်ခဲ့ရတာ၊ ရှင်ယုံချင်လဲယုံပါ... မယုံချင်လဲ မတတ်နိုင်ဘူး"

မှန်သင့်သလောက် မှန်သည်။ မိမိဒဏ်ရာနှင့် ထိုအိမ်၌ဆေးဝါးကုသနေစဉ် မန်ချူးတပ်သားများ အချိန်မရွေးလာရောက်ဝိုင်းရံ၍ရသည်။ သို့သော် လုံးဝမလာခဲ့ပေ။

"ဒါဖြင့် ကျုပ်က မင်းကိုတောင် ကျေးဇူးတင်ရဦးမလိုဖြစ်နေတာပေါ့"

ကုမုထိက ခနဲ့သလိုပြန်ပြောလိုက်သည်။

"မလိုပါဘူးကုမုထိရယ်... ကျွန်မက အဖြစ်ကိုပြောတာပါ"

"ဒါပေမဲ့ ရန်ရန်လင်း မိသားစုဟာ နောက်ဆယ်နှစ်လောက် အကြာမှာ မန်ချူးတွေသတ်လို့ပဲသေခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ကျွန်မဘယ်လိုလုပ်သိပါ့မလဲရှင်၊ ကျွန်မလက်ထပ်ခဲ့တဲ့မန်ချူးဗိုလ်ဟာ ကျွန်မနဲ့လက်ထပ်ပြီး သုံးလတောင်မပြည့်ခင်သေဆုံးသွားတာကော ရှင်သိရဲ့လား"

"ကျုပ်က ဒါတွေစုံစမ်းနေတာမှမဟုတ်ဘဲ… အခု ခင်ဗျားက သူသေသွားတာကိုနှမြောလို့ပြောနေတာလား"

ဝေဝေစွမ်း စိတ်ထိခိုက်သွားသည်။

"ရှင် ဘာပြောပြော ကျွန်မသည်းခံပါ့မယ်"

ခေတ္တမျှ တိတ်ဆိတ်သွားသေးသည်။

အတန်ကြာမှ ကုမုဒ်ထိက….

"ဒါနဲ့မေးရဦးမယ်"

"ဘာများလဲ"

"မင်း ချောင်းရိုနဲ့တွေ့တော့ ဘာမှာလိုက်သလဲ"

"ရှင့်ကိုသိပ်တွေ့ချင်တယ်လို့ ပြောလိုက်မိတယ်"

"ကဲ… အခုကျုပ်ရောက်လာပြီလေ… ကိစ္စကိုပြောပါ"

"ရှင့်ကိုသတိရလို့ပါ"

ကုမုဒ်ထိ မဲ့ပြုံးပြုံးလိုက်လေသည်။

"မန်ချူးဗိုလ် မသေခင်ကတော့ ကျုပ်ကိုသတိရမှာမဟုတ်ပါဘူး"

"ရှင်ပြောစရာကုန်ပြီလား"

"အေး… ကုန်ပြီ၊ မိုးလဲချုပ်ပြီ ငါပြန်မယ်"

"ဒါဆိုရင်တော့ ကျွန်မ ဘယ်ညွှေ့ဝတ်ကျေပါ့မလဲ"

သူမသည် ထိုသို့ပြောပြီးသည်နှင့်လက်ခုပ်တီးလိုက်၏။

အမျိုးသမီးနှစ်ဦး ပြေးဝင်လာသည်။

ဝေဝေစွမ်းက…,





"သူ့အတွက် အကောင်းဆုံးစားသောက်ဖွယ်ရာစီမံခဲ့ပါ၊ နောက်ပြီး အခန်းနံပါတ်နှစ်မှာ အိပ်ရာပြင်ထားလိုက်"

မိန်းကလေးနှစ်ယောက်သည် လှစ်ခနဲပြန်၍ပျောက်ကွယ်သွားသည်။ ကုမုဒ်ထိက ဝေဝေစွမ်းကိုနားမလည်သလိုကြည့်လိုက်မိသည်။

"ငါ ဒီည ဒီမှာအိပ်ရမယ်ဟုတ်လား"

သူမက ခေါင်းညိတ်လိုက်သည်။

"ငါ့အတွက် လုံခြုံမှုမရှိဘူးနဲ့တူတယ်"

"ရှင်က ဘာကိုဆိုလိုတာလဲ"

"မင်းဟာ မန်ချူးဗိုလ်တစ်ယောက်ရဲ့ ဇနီးဖြစ်ခဲ့ဖူးတယ်… သူသေသွားပေမဲ့ မင်းကို ရိက္ခာထောက်ပံ့ထားတယ်မဟုတ်လား၊ နောက်ပြီး ကျုပ်ကို သူတို့က အသေရရ အရှင်ရရလိုချင်နေတာဆိုတော့…."

သူ့စကားမဆုံးမီ သူမကလက်ကာပြလိုက်သည်။

"ရှင် ဘာဆိုလိုတယ်ဆိုတာ ကျွန်မသဘောပေါက်ပါတယ်၊ ချန်ကျူးတစ်မြို့လုံးမှာ ရှင့်အတွက် အလုံခြုံဆုံးနေရာဟာ ဒီဂေဟာပဲရှိတယ်ဆိုတာ နားလည်ထားစမ်းပါ"

"မင်းမှာ ဩဇာအာဏာတွေရှိနေတယ်လို့တော့ ငါကြားမိပါတယ်"

သူမသည် မည်သည့်စကားကိုမျှဆက်မပြောတော့ပါ။

ကုမုဒ်ထိသည် ထိုည ဝေဝေစွမ်း၏ဂေဟာမှာပင် အိပ်စက်ခဲ့လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကုမုထိသည် နောက်တစ်နေ့နံနက်တွင် အတော်နေမြင့်မှ အိပ်ရာမှနိုး၏။ ကိုယ်လက်များသန့်စင်ပြီးသည်နှင့် ဝေဝေစွမ်းအား နှုတ်ဆက်ရန် လိုက်ရှာသည်။

ဧည့်ခန်းထဲ၌ စကားပြောဆိုရယ်မောသံများကြားရသဖြင့် ကုမုထိက တစ်ချက်ချောင်းကြည့်လိုက်ရာ သူ၏မျက်လုံးများသည် မယုံကြည်နိုင်အောင်ဖြစ်သွားလေ၏။

သူသည် ပြာဝေသွားသောမျက်လုံးများကို အနိုင်နိုင်ထိန်း၍ အိမ်ရှေ့သို့ထွက်လာခဲ့လေ၏။

အိမ်ရှေ့ရောက်သည်နှင့်မြင်းလှည်းတစ်စီးက အသင့်ရပ်ထား၏။ မြင်းလှည်းမောင်းသည့်ခပ်ပုပုပုဂ္ဂိုလ်က ကုမုထိအား ပြုံးရွှင်စွာနှုတ်ဆက်လိုက်ပြီး....

"ဆရာသွားချင်တဲ့နေရာကိုပို့ပေးရမယ်လို့ သခင်မကြီးက အမိန့်ချမှတ်ထားပါတယ်"

ထိုစကားကြောင့် ကုမုထိက မြင်းလှည်းပေါ်သို့ခပ်သွက်သွက်ပင် ခုန်တက်ပြီး မြို့ထဲသို့မောင်းနိုင်းလိုက်၏။

ကုမုထိမှာ အလိုလိုခံပြင်းပြီးစိတ်တိုနေမိ၏။ သူသည် ကြာရှည်မအောင့်နိုင်ဘဲ မြင်းလှည်းမောင်းသမားနားသို့ ကပ်သွားပြီး....

"ဧည့်ခန်းထဲမှာ မင်းတို့ သခင်မကြီးနဲ့စကားပြောနေတာ မန်ချူးဗိုလ်မဟုတ်လား"

မြင်းလှည်းမောင်းသမားက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်... မန်ချူးဗိုလ်မှူးကွမ်းတီဆုဆိုတာပေါ့"

ကုမုထိကမဲ့လိုက်၏။

"သူက မန်ချူးဗိုလ်မှူးတွေကို ဒီလိုပဲ အရောတဝင်နေတတ်သလား"

2-



ကုမုထိ၏အသံက ခက်ထန်မာကျောနေသည်။ မြင်းလှည်းမောင်းသမားထံမှ သက်ပြင်းချသံကိုကြားလိုက်ရသည်။

"သခင်မလေးကိုလက်ထပ်ချင်တဲ့ မန်ချူးဗိုလ်မှူးတွေဟာ တန်းစီးနေတာဗျ"

"ဪ... ဟုတ်လား"

"ဟုတ်တယ်... ဒါပေမဲ့ သူတို့ကကံဆိုးကြပါတယ်"

"ဘာ... ဘယ်လိုကံဆိုးတာလဲ"

မြင်းလှည်းမောင်းသမားသည် သက်ပြင်းတစ်ချက်ချလိုက်ပြန်၏။

"ကွမ်းတီစုလဲ ကံဆိုးမှာပါပဲလေ"

ကုမုထိမှာ နားမလည်ပေ။

"ကံဆိုးတယ်ဆိုတာက ဘာကိုပြောတာလဲ"

"ကံဆိုးတယ်ဆိုတာ ကံမကောင်းတာကိုပြောတာပေါ့ဗျ"

ကုမုထိသည် ရုတ်တရက်ဒေါသထွက်သွား၏။

တည်းခိုခန်းတစ်ခုရှေ့သို့ရောက်သည်နှင့်....

"ရပ်တော့ဗျာ... ကျုပ်ဒီမှာပဲဆင်းမယ်"

မြင်းလှည်းသမားက မြင်းလှည်းကိုရပ်တန့်လိုက်၏။

"ပြောလိုက်ပါ... မင်းတို့သခင်ကြီးကို ကျုပ်နဲ့တွေ့ခြင်းဟာ ဒီတစ်ခါနောက်ဆုံးပဲလို့"

မြင်းလှည်းမောင်းသူက ရိုသေစွာဖြင့်ခေါင်းညိတ်၍....

"ဟုတ်ကဲ့... ဆက်ဆက်ပြောပေးပါ့မယ်"

ကုမုထိသည် မြင်းလှည်းပေါ်မှခုန်ချပြီး ပန်းဂေဟာဟုရေးထားသော တည်းခိုခန်းထဲသို့လှမ်းဝင်သွားတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကုမုဒ္ဒထိသည် မနက်က မြင်းလှည်းနှင့်လိုက်ပို့သူကို....

"ပြောလိုက်ပါ... ကျုပ်နဲ့တွေ့ခြင်းဟာ ဒီတစ်ခါနောက်ဆုံးပဲ"

ဟူသောစကားကို မိမိကပင်စတင်၍ ချေဖျက်ရတော့မည်ဖြစ်သည်။ သူသည် ကွမ်းတိဆုကိစ္စကို သိပ်သိချင်လာ၏။

ထိုမန်ချူးဗိုလ်မှူးကွမ်းတိဆု ပျောက်ဆုံးသွားသဖြင့် တစ်မြို့လုံးပွက်လောရိုက်နေသည်မဟုတ်ပါလား။

ယင်းကြောင့်ပင် ကုမုဒ္ဒထိသည် နေဝင်ဖြိုးဖျ မီးထွန်းချိန်သို့ရောက်သည်နှင့် သခင်မကြီးဝေ၏ဂေဟာသို့ ဒုတိယအကြိမ်ထပ်မံရောက်ရှိလာခြင်းဖြစ်ပေသည်။

ထုံးစံအတိုင်းပင် သခင်မကြီးဝေ၏ဂေဟာသည် မီးများလင်းထိန်လျက်ရှိနေ၏။ သို့သော် လူရိပ်လူယောင်ဟူ၍မတွေ့ရပေ။

ကုမုဒ္ဒထိသည် ဧည့်ခန်းဆီသို့တစ်လှမ်းချင်းလှမ်းသွားသည်။

ထိန်လင်းနေသောဧည့်ခန်းထဲတွင် ဝေဝေစွမ်းတစ်ယောက်တည်း ငုတ်တုတ်ထိုင်လျက်ရှိသည်ကိုတွေ့ရ၏။

သူမ၏ရှေ့တွင် မနေ့ညကကဲ့သို့ပင် စားသောက်ဖွယ်ရာများနှင့် အရက်များတင်ထားသောကျွန်းစားပွဲကြီးရှိနေသည်။ သူမသည် သူ၏ရှေ့တွင်ရှိနေသောအရာဝတ္ထုများကို အဓိပ္ပာယ်မဲ့ငေးမောကြည့်နေလေသည်။

ကုမုဒ္ဒထိက သူမကိုရပ်ကြည့်နေသည်။ ပထမတွင် သူမကမမြင်သော်လည်း ခေါင်းကိုမော့သည့်အခါ ကုမုဒ္ဒထိကိုမြင်တွေ့သွားတော့သည်။

ဝေဝေစွမ်းသည် ဂေဟာတစ်ခုလုံး၏အရှင်သခင်မတစ်ဦးဖြစ်သော်လည်း ယခုအခါ လုံးဝက္ကြွမဆောင်နိုင်တော့ပါ။



ကုမုဒ္ဒထိထံသို့ပြေးလာကာ အတင်းအကျပ်ဖက်ထားလိုက်တော့သည်။

"အစ်ကို... အစ်ကို ပြန်လာတယ်နော်"

ကုမုဒ္ဒထိက အလိုက်သင့်ပြန်ဖက်ထားလိုက်သည်။

သူတို့နှစ်ဦးသည် နှုတ်မှစကားမပြောသော်လည်း ရင်ထဲ၌အသီးသီးစကားပြောနေကြသည်။ အချိန်အတန်ကြာအောင်ဖက်ထားပြီးမှ လူချင်းခွာလိုက်ကြသည်။

သူမက ကုမုဒ္ဒထိအား ငေးစိုက်ကြည့်ရင်း....

"အစ်ကိုက နောက်ဆုံးတွေ့ခြင်းပဲလို့ ပြောသွားလို့ ကျွန်မတစ်နေ့လုံးဝမ်းနည်းနေတာ... ဒါနဲ့ အစ်ကိုပြန်လာတာ..."

ကုမုဒ္ဒထိသည် တစ်စုံတစ်ခုကိုပြန်ပြောချင်သော်လည်း နှုတ်ကမထွက်လာတော့ပေ။

"မင်းအတွက် စိုးရိမ်လို့ပါ"

ကုမုဒ္ဒထိစကားကြောင့် ဝေဝေစွမ်းအံ့သြသွားသည်။

"ကျွန်မအတွက် စိုးရိမ်လို့ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့စိုးရိမ်တာလဲဟင်"

"ချန်ကျူးမြို့တစ်မြို့လုံး မန်ချူးဗိုလ်မှူးကွမ်းတိဆု ပျောက်လို့လိုက်ရှာနေတာ မင်းမသိဘူးနဲ့တူတယ်"

"အဲ့ဒါ ကျွန်မနဲ့ဘာဆိုင်လို့လဲအစ်ကိုရယ်"

"သူ မနက်က ဒီမှာမင်းနဲ့ရှိနေတယ်မဟုတ်လား"

သူမက ခေါင်းညိတ်လိုက်သည်။

"မနက်ကရှိနေတာမှန်တယ်... ဒါပေမဲ့ အခု သူပျောက်သွားတာ ကျွန်မကဘာတတ်နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကုမုဒ္ဒီ ပါးစပ်ကိုပိတ်ထားလိုက်သည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးနေ၏။

သူတို့နှစ်ဦးသည် ကြည်နူးချမ်းမြေ့စွာနှင့်ပင် စားသောက်နေကြပေသည်။ ခဏမျှကြာသော် ဝေဝေစွမ်းက သူ့အနားမှထသွားတော့သည်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေ၏။

ကုမုဒ္ဒီသည် အချိန်အတန်ကြာသော်လည်း ဝေဝေစွမ်းက ပြန်မလာသဖြင့် ညည့်ခန်းထဲမှထွက်ခဲ့သည်။

ရှေးဦးစွာ သူမ၏အိပ်ခန်းသို့ကြည့်လိုက်သော်လည်း မီးများထိန်လင်းနေသည်ကိုသာတွေ့ရပြီး သူမက ရှိမနေပါ။

ကုမုဒ္ဒီသည် ဆက်၍လျှောက်သွားရာ ဘုရားခန်းသို့ရောက်ရှိသွားသည်။ ဘုရားစင်ထဲ၌ အမွှေးတိုင်ရနံ့များ ပန်းရနံ့များဖြင့် သင်းပျံ့နေ၏။ ဝေဝေစွမ်းသည်ငြိမ်သက်စွာဖြင့် ဘုရားဝတ်ပြုနေသည်ကို တွေ့လိုက်ရ၏။

သူမသည် ငယ်စဉ်ကတည်းက ဘာသာရေးကိုင်းရှိုင်းသော အမျိုးသမီးတစ်ဦးဖြစ်ပေသည်။

ကုမုဒ္ဒီသည် သူမကိုအသာအယာစိုက်ကြည့်နေစဉ်မှာပင် သူ၏လက်မောင်းအား တစ်စုံတစ်ယောက်ကိုလှမ်းကိုင်လိုက်၍ ကုမုဒ္ဒီ ရုတ်တရက်လန့်သွားသည်။

"မောင်ရင်... သခင်မကြီးကိုမနှောင့်ယှက်ပါနဲ့၊ ဒီဘက်ကိုလာပါ"

ကုမုဒ္ဒီကလှည့်ကြည့်လိုက်ရာ အသက်ငါးဆယ်ခန့်အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရလေသည်။

အမျိုးသမီးကြီး၏အမည်မှာ ဝမ်းကျင်းကျင်းဖြစ်သည်။

သူမသည် ဝေဝေစွမ်း၏အထိန်းတော်ဟုသိရှိရသည်။





သူမက ကုမုဒ္ဒီကို ညည့်ခန်းဆီသို့ပြန်ခေါ်လာသည်။

"သခင်မကြီးက ဘုရားခန်းထဲမှာ အတော်ကြာဦးမှာဆိုတော့ ဒီကပဲစောင့်ပါမောင်ရင်"

ကုမုဒ္ဒီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ခင်ဗျာ"

ဝမ်းကျင်းကျင်းသည် ကုမုဒ္ဒီကိုပြုံး၍ကြည့်လိုက်သည်။

"မင်းက ကုမုဒ္ဒီ မဟုတ်လား"

ကုမုဒ္ဒီ ခေါင်းညိတ်လိုက်ရပြန်သည်။

"ဟုတ်ကဲ့"

ဝမ်းကျင်းကျင်းက အနားသို့နီးကပ်စွာတိုးလိုက်သည်။

"အဒေါ်က သခင်မကို အထိန်းတော်အဖြစ်စောင့်ရှောက်လာတာက အနှစ်နှစ်ဆယ်ပြည့်တော့မယ်"

"ဪ...."

"သခင်မကြီးရဲ့ကိစ္စမှန်သမျှ အဒေါ် အားလုံးသိတယ်"

ကုမုဒ္ဒီက....

"ဟုတ်ကဲ့"

ဝမ်းကျင်းကျင်းကဆက်၍....

"တကယ်တော့ သခင်မကြီးရဲ့နှလုံးသားထဲမှာ မောင်ရင်ကလွဲပြီး ဘယ်သူမှမရှိဘူးဆိုတာ အဒေါ်အသိဆုံးပဲ"

ဝမ်းကျင်းကျင်း၏စကားတို့က ကုမုဒ္ဒီ၏ရင်ကိုအေးမြသွားစေပေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်ကြီး ဝမ်းကျင်းကျင်းကဆက်၍ ပြောပြသော စကားများသည် ကုမုထိအဖို့ မယုံကြည်နိုင်အောင်ပင် ဖြစ်ရတော့သည်။ ဝေဝေစွမ်းသည် မန်ချူးဗိုလ်နှင့်အိမ်ထောင်ကျခဲ့ရသော်လည်း မန်ချူးကို အလွန်မုန်းတီးလေသည်။

သူမသည် သူမ၏ခင်ပွန်းသောက်မည့်အရက်ထဲသို့ နေ့စဉ်မှန်မှန် ဆေးတစ်မျိုးကိုထည့်ပေးသည်။

ထိုဆေးသည် လူတစ်ယောက်၏အားအင်ကို တဖြည်းဖြည်းကုန်ဆုံးစေကာ နောက်ဆုံး၌ ခြေလက်များ မသယ်ချင်အောင်ပင် တွဲ့ဆိုင်းသွားရသည်။

ထိုအချိန်တွင် မန်ချူးဗိုလ်မှာ ရန်သူနှင့်တွေ့လိုက်ရသဖြင့် သေဆုံးသွားရတော့သည်။

မုဆိုးမအဖြစ် ကျန်ရစ်ခဲ့သောဝေဝေစွမ်းကို မန်ချူးအမတ်ချုပ်ကြီးကိုယ်တိုင်က မျက်နှာမငယ်အောင် စောင့်ရှောက်ထားသည်။

မန်ချူးအရာရှိအချို့တို့သည် ဝေဝေစွမ်းထံသို့လက်ထပ်ရန် တစ်ယောက်ပြီးတစ်ယောက်ရောက်ရှိလာကြသည်။

သို့သော်… ကံဆိုးသည်မှာ လက်ထပ်ခွင့်လာတောင်းသော မန်ချူးအရာရှိများသည် တစ်လနှစ်လအတွင်းမှာပင် သေဆုံးသွားကြရသည်။

ထို့ပြင် ပျောက်ဆုံးသွားသည့်အရာရှိများလည်းရှိပေသည်။

အထိန်းတော်ကြီးဝမ်းကျင်းကျင်းက ဤမျှအထိပြောပြရုံဖြင့် ကုမုထိက အားလုံးကိုသဘောပေါက်သွားသည်။

သူသည် ဝေဝေစွမ်းကိုလေးစားသွား၏။

သူမ၏သစ္စာတရားကိုလည်းယုံကြည်သွားသည်။

ကုမုထိက အနားသို့တိုးကာ….





"မနက်ကလာတဲ့ ဗိုလ်မှူးကွမ်းတီဆု အခုပျောက်နေတယ်"

အထိန်းတော်ကြီးဝမ်းကျင်းကျင်းက အဓိပ္ပာယ်ပါပါ ပြုံးလိုက်လေသည်။

"သူ့ကို မနက်က အရက်နဲ့ဧည့်ခံနေတာ မင်း မြင်သွားတယ်မဟုတ်လား"

ကုမုထိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ဝမ်းကျင်းကျင်းက….

"ဒါဆို မင်းသဘောပေါက်ရောပေါ့"

ကုမုထိ သဘောပေါက်သွားပါပြီ။

ဝေဝေစွမ်းသည် ကွမ်းတီဆုအား ယနေ့ပင် သူမနည်း သူမဟန်ဖြင့် ရှင်းပစ်လိုက်ပြီဖြစ်ကြောင်း ယုံမှားသံသယရှိနေစရာ မလိုတော့ပါ။

ဝဝဝဝ

အနှစ်နှစ်ဆယ်ခန့်ကွဲကွာခဲ့ရသော အချစ်ကမ္ဘာတစ်ခုသည် ယနေ့ညအဖို့ ပြန်လည်ရှင်သန်ခဲ့ရ၏။

သူတို့နှစ်ဦး၏စိတ်များသည် မည်မျှအထိ ကြည်နူးနေမည်ကိုသိသာနိုင်ပေ၏။ ကုမုထိသည် ဝေဝေစွမ်းထံမှ မန်ချူးတို့၏သတင်းများကိုကြားရ၏။

ဗိုလ်မှူးကွမ်းတီဆုထံမှ ဝေဝေစွမ်းရရှိလိုက်သည့်သတင်းမှာ မန်ချူးတပ်သားများသည် ရွှံ့ကြွယ်ဂိုဏ်းကိုအပြတ်အသတ် နှိမ်နင်းမည်ဟူသောသတင်း။ ထို့ပြင် ပို၍ အဖိုးတန်သောသတင်းတစ်ခုမှာ မန်ချူးတပ်သားများသည် မုဆိုးများနေထိုင်ရာကုန်းမြင့်ရွာကို

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်သွားရောက်နှိမ်နင်းမည့်သတင်းပင် ဖြစ်တော့၏။

ထိုသတင်းကို ကုမုထိကသိရှိလိုက်ရာ သူသည် ကုန်းမြင့်ရွာကိုသွားမှဖြစ်တော့မည်ဟုလည်း မှတ်သားထားလိုက်တော့၏။

ဝေဝေစွမ်းက ကုမုထိသွားရာ မီမီလိုက်မည်။ သူမသည် ဤကဲ့သို့သောစည်းစိမ်မျိုးနှင့်လည်း မနေလိုပါဟုပင် ပြောလာတော့သည်။

သို့သော် ကုမုထိက အချိန်အခါသည် လုံးဝတည်ငြိမ်မှုမရှိသေးသဖြင့် အချိန်အခါကို စောင့်ရန်ပြောကြားသည်။

သူမကသဘောတူသည်။ ထို့ပြင် သူမသည် မန်ချူးသုတ်သင်ရေးကို တတ်အားသမျှကူညီမည်ဟု ကတိပေးလေသည်။

၀၀၀၀



ဥယျာဉ်ကြီးတစ်ခုလုံး နှင်းများဖုံးအုပ်ထားသဖြင့် စိုရွှဲ၍နေလေသည်။

စုဟုန်လင်းက ထိုဥယျာဉ်ကြီးထဲသို့လှမ်းဝင်လိုက်သည်နှင့် တိဝမ်းအိအမည်ဖြင့် ယောကျ်ားလေးယောင်ဆောင်ထားသော လန်စီကျင်းက ဝမ်းသာအားရဆီးကြိုလိုက်၏။

"ဩော်... အစ်ကိုပြန်လာပြီလား၊ ကျွန်တော်တို့က ခင်ဗျားကိုမျှော်နေတာ"

စုဟုန်လင်းသည် လန်စီကျင်းအား ယောကျ်ားလေးဟုပင် ထင်မှတ်ထား၏။ ထို့ကြောင့် သူသည် လန်စီကျင်း၏ပခုံးကိုလှမ်းဖက်လိုက်၏။

"ညီလေးတို့အားလုံးကို သတိရလို့လာခဲ့တာပေါ့ကွ"

လန်စီကျင်းသည် သူမ၏ပခုံးပေါ်မှ စုဟုန်လင်း၏လက်ကို အသာအယာဖယ်ထုတ်လိုက်သည်။

ထိုအခြင်းအရာကိုကြည့်၍ တိကျိန်းကပြုံးလိုက်သည်။

တိယိုကျိုသည် နံနက်စောစောရေနွေးကြမ်း သောက်နေရာမှ စုဟုန်လင်းကိုလှမ်းခေါ်လိုက်သည်။

စုဟုန်လင်းက တိယိုကျိုရှေ့တွင် ဝင်ထိုင်လိုက်သည်၊ သူတို့အားလုံးသည် စုဟုန်လင်းထံမှသတင်းကိုကြားချင်နေကြသူများ ဖြစ်နေသည်။

"ဘယ်နှယ့်လဲကွ... မင်း ကောင်မလေးကိုလိုက်ရှာတာတွေ့ရဲ့လား"

"ဟာ... အဲဒီမိန်းကလေးကတော့ လောကမှာရှိပါတော့မလား မသိဘူး... ဘယ်လိုမှစုံစမ်းလို့ကိုမရအောင် ပျောက်နေတော့တာပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လန်စီကျင်းက ပြုံးစိစိဖြင့်ခေါင်းငုံ့နေသည်။

တိယိုကျိုက....

"မင်း မန်ချူးမြို့ကိုသွားတာ မင်းဆရာနဲ့တွေ့ခဲ့ရဲ့လား"

စုဟုန်လင်းက စိတ်မကောင်းသောအမူအရာဖြင့်....

"ချန်ကျူးကအကြောင်းတွေကတော့စုံနေတာပဲ ဦးရယ်"

"ပြောပြပါဦး"

စုဟုန်လင်းက....

"လန်စီကျင်းတို့မိသားစုကို ဆရာထုပင်းက ကယ်ထုတ်နိုင်ပေမဲ့ အားလုံးဝမ်းနည်းစရာတွေဖြစ်သွားတယ်"

တိယိုကျိုနှင့်တိကျိန်းသည် လန်စီကျင်းအားမသိမသာကြည့်လိုက်ကြသည်။

လန်စီကျင်းက မသိလိုက် မသိဘာသာဖြင့် တစ်ဖက်ခန်းသို့လှည့်၍ နားထောင်နေလိုက်သည်။

တိယိုကျိုကဆက်မေးသည်။

"ပြောပါဦး... ဘာဖြစ်လို့လဲ"

စုဟုန်လင်းက....

"ကျွန်တော့်ဆရာ မြို့စားဂေဟာထဲကိုရောက်ရှိတဲ့အချိန်မှာ လန်စီကျင်းရဲ့အဖေဟာ မရှိတော့ဘူး"

လန်စီကျင်းသည် ဆတ်ခနဲ စုဟုန်လင်းဘက်လှည့်ကာ....

"သူတို့ကသတ်လိုက်လို့လားဗျ"

"ဟုတ်တယ် ဒါပေမဲ့ ဆရာထုပင်းဟာ မိသားစုသုံးယောက်ကိုကယ်ထုတ်နိုင်ခဲ့ပေမဲ့ လန်စီကျင်းရဲ့မိခင်ဟာ သေဆုံးသွားရပြန်တယ်"

လန်စီကျင်း မျက်ရည်များစီးကျလာသည်။



စုဟုန်လင်းသည် အဖြစ်အပျက်အားလုံးကို ခရေစေ့တွင်းကျပြောပြလိုက်လေတော့သည်။

တိယိုကျိုက....

"ဒါဖြင့် အငယ်ဆုံးကောင်မလေးက အခု ထုပင်းနဲ့အတူ ရှိနေတယ်ပေါ့ဟုတ်လား"

"ဟုတ်တယ်... ကျွန်တော်သိရသလောက်တော့ အကြီးကောင်ကို သူဌေးတစ်ဦးကခေါ်သွားတယ်လို့ ပြောတာပဲ၊ အငယ်မလေးကိုတော့ ကျွန်တော်က ဆရာထုပင်းနဲ့ထားခဲ့တယ်၊ သူ့အစ်မလန်စီကျင်းကိုတွေ့အောင်ရှာပြီးရင် ဆရာထုပင်းက တစ်နေရာရာကိုပို့ထားမယ်လို့ပြောတယ်"

တိယိုကျိုသည် လန်စီကျင်းကိုတစ်ချက်ကြည့်၍ သက်ပြင်းချလိုက်သည်။ လန်စီကျင်း လုံးဝဏ္ဏနွေမဆည်နိုင်တော့ပါ။

မျက်နှာကို လက်ဝါးနှစ်ဖက်အုပ်၍ ငိုယိုကာ အခန်းထဲဝင်သွားတော့သည်။ ကြောင်အမ်းအမ်းဖြစ်သွားသူမှာ စုဟုန်လင်းပင်ဖြစ်တော့သည်။

"ဟင်... ညီလေး တိဝမ်းအိက ဘာလို့ ဒါလောက်တောင်ငိုရတာလဲ"

တိကျိန်းသည် လန်စီကျင်းနောက်လိုက်သွားပြီးချော့မော့အားပေးနေသည်။ တိယိုကျိုက လန်စီကျင်း သူတို့ထံသို့ရောက်ရှိလာပြီး ယောကျ်ားလေးအသွင်ဖြင့်နေရပုံကို စုဟုန်လင်းအား ပြောပြလိုက်သည်။

စုဟုန်လင်းမှာအံ့ဩခြင်းမက အံ့ဩသွားရတော့သည်။ ဝမ်းမြောက်ဝမ်းသာလည်းဖြစ်မိလေသည်။ လန်စီကျင်းအားခေါ်၍ ဆရာထုပင်း၏လက်ကိုအပ်ရန်သာရှိတော့သည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တီယိုကျိုက လန်စီကျင်း ယခုလို မိမိ၏အိမ်၌ရှိနေသည်မှာ သူမအတွက် လုံခြုံမှုရှိနေသည်ဖြစ်၍ စုဟုန်လင်းကသာ ဆရာထုပင်းထံသို့သွားရောက်အကျိုးအကြောင်း ပြောပြသင့်ကြောင်း အကြံပေးသည်။

စုဟုန်လင်းကလည်း ထိုအစီအစဉ်ကိုသဘောကျ၏။

သူသည် တစ်ရက်မျှသာနားနေပြီး နောက်တစ်နေ့တွင် မုဆိုးကြီးများနေထိုင်ရာ ကုန်းမြင့်ရွာသို့ထွက်ခဲ့လေတော့သည်။

၀၀၀၀



ချန်ကျူးမြို့....

သခင်မကြီးဝေ၏ဂေဟာသည် ယခင်ကထက် ကျက်သရေရှိနေသည်ဟု မိသားစုအားလုံးကပြောဆိုနေကြသည်။ သခင်မကြီးဝေသည် သူ၏ငယ်ချစ်နှင့် တိတ်တဆိတ်ပြန်လည်ပေါင်းသင်းနေသည်ကို အိမ်သားများမှအပ မည်သူမှမသိကြပါပေ။

သခင်မကြီးဝေနှင့်ပတ်သက်၍ ကုမုထိကို သူတို့ လေးစားကြသည်။ သို့သော် ကုမုထိသည် အစီအစဉ်တစ်ခုပြုလုပ်ထားသည်။ အိမ်သားများ၏အမြင်တွင် သူသည် သခင်မကြီးဝေ၏ခင်ပွန်းတစ်ယောက်ဖြစ်သော်လည်း အခြားဧည့်သည်များ လာရောက်သည့်အခါ ကုမုထိသည် သခင်မကြီးဝေက ငှားရမ်းထားသည့်ကိုယ်ရံတော် သိုင်းသမားတစ်ယောက်သာဖြစ်ပေသည်။

ထို့ကြောင့်လည်း ကုမုထိသည် ရုပ်ရည်ကိုပြောင်းထားရသည့်အပြင် နာမည်ကိုလည်း ပြောင်းလဲထားလိုက်လေသည်။

ကုမုထိ၏ကိုယ်ရံတော်နာမည်မှာ ကိုယ်ရံတော် 'ထန်း'ဟူ၍ပင်ဖြစ်တော့သည်။ ကိုယ်ရံတော်ကြီးကိုလောရှည်၏အတတ်ပညာဖြင့် ကုမုထိမှာ သွားများခေါနေပြီး ဆံပင်များဖရိုဖရဲဖြစ်နေပေသည်။ ကိုလောရှည်သည် ကုမုထိအား သူကဲ့သို့ပင် အရုပ်ဆိုးအကျည်းတန်သောသူတစ်ယောက်အဖြစ် ဖန်တီးပေးထားလိုက်သည်။

ဝေဝေစွမ်း၏အခန်းတံခါး ပွင့်သွားပြီး....

"ကိုယ်ရံတော်ထန်း လာပါရစေ"

ယင်းစကားသံနှင့်အတူ ကုမုထိ အခန်းထဲသို့လှမ်းဝင်လာပေရာ ဝေဝေစွမ်းမှာကြောင်အမ်းအမ်းဖြစ်သွားပြီး နောက်မှ သူမသည် အူတက်မတတ်ရယ်မောလေတော့သည်။

"အစ်ကိုရယ်... ကျွန်မရယ်ရလွန်းလို့ အူတက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေဝေစွမ်းက လက်မောင်းကိုဆုပ်ကိုင်၍ရယ်မောရင်း ပြောလိုက်လေသည်။ ကိုယ်ရံတော်ထန်းက....

"ကျုပ်က ဒီအတိုင်းနေမှ သူတို့ကမရိပ်မိမှာပေါ့ဗျ"

ဝေဝေစွမ်းခေါင်းညိတ်သည်။ ကုမုထိက....

"ကျုပ် အခုကုန်းမြင့်ရွာကိုသွားမလို့"

သူမ ခေါင်းညိတ်လိုက်သည်။

"သတိဝီရိယနဲ့သွားနော်"

"ဘာလဲ... စိတ်မချဘူးလား"

"ဟုတ်တယ်အစ်ကို... ကျွန်မ လုံးဝစိတ်မချဘူး"

"ကျုပ်အတွက် မပူပါနဲ့မင်းသာ ဒီမှာအဆင်ပြေအောင်နေပါ၊ သူတို့ ရိပ်စားမိသွားရင် မလွယ်ဘူး"

"ကျွန်မ သူတို့ကို ဘယ်တော့မှမကြောက်ဘူးဆိုတာ အစ်ကို သိပါတယ်"

"ယုံပါတယ်ဗျာ... ယုံပါတယ်"

ကုမုထိသည် ပြောပြောဆိုဆို ဂေဟာမှထွက်ခွာသွားတော့သည်။

oooo





ကုန်းမြင့်ရွာ သို့မဟုတ် မုဆိုးကြီးများနေထိုင်ရာဒေသ....

ဤနေ့သည် ကုန်းမြင့်ရွာ၌ထူးထူးခြားခြားစည်ကားနေ၏။

အကြောင်းမှာ ဤနေ့တွင် မင်္ဂလာလက်ထပ်ပွဲလေးတစ်ခု ရှိနေသောကြောင့်ဖြစ်သည်။ သတို့သား သတို့သမီးကား အခြားမဟုတ်ကြပါ။ တစ်ဖောက်ကန်းထုပင်းနှင့်သမားတော်ကြီး၏သမီး ယွမ်းရန်တို့ပင် ဖြစ်ကြပေသည်။

ရွာမှကလေးလူကြီးများသည် သူတို့နှစ်ယောက်ကိုကြည့်၍ ကြည်နူးဝမ်းမြောက်ကြ၏။ မင်္ဂလာဆုတောင်းများ ပို့သကြ၏။ ထို့နောက် ထုပင်းတို့က ညွှေ့ခံကျွေးမွေးသည့်အစားအသောက်များကို တပျော်တပါးစားသောက်ကြ၏။

ကုန်းမြင့်ရွာ၏လူကြီးမှာ အခြားမဟုတ်။ မုဆိုးကြီး ဘီလူးချူးယီပင်ဖြစ်ပါ၏။ မုဆိုးကြီးများသည် သူတို့ရရှိသောသားကောင်များကိုလက်ဖွဲ့ကြ၏။ ညဘက်၌ ညွှေ့ခံပွဲတစ်ခုကိုကျင်းပကြရာ ယွမ်းရန်မှာ မအားမလပ်ရအောင်ပင် ချက်ပြုတ်နေရ၏။

သတို့သမီးဘက်မှ အရံမိန်းကလေးဖြစ်သည့် ငါးနှစ်သမီးလေး စီးဟုန်က ယွမ်းရန်နှင့်အတူ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးလျက် ရှိနေ၏။

ထိုအချိန်တွင် သူတို့၏ရွာကလေးဆီသို့ မြင်းတစ်ကောင်က အပြေးအလွှားရောက်ရှိလာတော့သည်။ မြင်းနှင့်အတူ ရောက်ရှိလာသူကား ကုမုထိပင်ဖြစ်ပေသည်။

သူတို့အားလုံးသည် ကုမုထိကိုတွေ့လိုက်ရ၍ ဝမ်းသာသွားကြပြန်လေသည်။ ကုမုထိကလည်း ထုပင်း၏မင်္ဂလာသတင်းကိုကြားရသောအခါ ဝမ်းသာသွားပြီး ပျော်ပျော်ပါးပါးဝင်ရောက်စားသောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဦးနက်၍ ဧည့်သည်များပြန်သွားကြသည့်အခါမှ ကုမုဒ်သည် လာရင်းကိစ္စကိုပြောလေသည်။ စကားဝိုင်းတွင်ရှိနေကြသူများမှာ ကောက်ဝီ၊ ကွေ့ရှူး၊ မုဆိုးချူးယိနှင့် အခြားရွာသားသုံးလေးဦး၊ ထုပင်းနှင့်ယွမ်းရန်တို့ပင်ဖြစ်သည်။

"မန်ချူးအရာရှိတွေဟာ အခုတလော သူတို့ရဲ့လူတွေ မကြာခဏအသတ်ခံနေရလို့ ဒီနယ်တစ်ဝိုက်ကိုချေမှုန်းသုတ်သင်ဖို့ မန်ချူးရဲ့မက်တွေလွှတ်ထားတယ်"

ထုပင်းက မျက်မှောင်ကုပ်ကာ....

"သူတို့က ဒီနယ်တွေကိုပါလာပြီး တိုက်ခိုက်မယ်လို့ ဆိုလိုတာလား"

ကုမုဒ်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဒီတောတန်းမှာရှိတဲ့ကျေးရွာတွေကိုလဲ သူတို့ကဝင်မွှေမှာပဲဆိုတော့ ဒီကုန်းမြင့်ရွာကိုရောက်နိုင်တာပေါ့"

မုဆိုးကြီးချူးယိက....

"သူတို့က အခုလိုပဲ မကြာမကြာရောက်နေကြတာပဲ၊ ကျုပ်တို့ကရှောင်နေလိုက်ရင်ပြီးတာပဲ မဟုတ်လား"

ကွေ့ရှူးကဝင်၍....

"ဒီလိုနေလို့မဖြစ်ဘူး... ချူးယိရဲ့၊ သူတို့ကရွာတွေပါ ဖျက်ဆီးရင် ဒီကောင်တွေကိုပြန်တိုက်ရမှာပေါ့"

ချူးယိကအနည်းငယ်စဉ်းစား၍....

"အေး... ပြန်တိုက်မယ်ဆိုရင် တို့ရွာနာမှာသေချာတယ်"

ထုပင်းက ချူးယိကိုကြည့်၍....

"ဒီလိုပါလေ... ကျုပ်တို့ကပြန်ပြီးခုခံတာတောင်မှ ရွာမနာရအောင် တခြားနေရာကတိုက်ခိုက်မှာပါ"



ချူးယိ ဆက်မပြောတော့ပါ။ ကောက်ဝီက ထုပင်းအား....

"တို့က ဒီလူလောက်နဲ့ပဲ သူတို့ကိုခုခံမှာလား"

ထုပင်းကစဉ်းစားပြီး....

"ဟေ့ ကောက်ဝီ... တို့သွေးသောက် ငါးယောက်ရှိသေးတယ်၊ အဲဒါ မင်း အကြောင်းကြားနိုင်ပါ့မလား"

ကောက်ဝီသည် မျက်မှောင်ကြုတ်၍စဉ်းစားပြီးမှ ကုမုဒ်ကိုလှမ်းကြည့်သည်။

"ရန်သူက ဘယ်တော့လောက်လာမယ်ထင်သလဲ"

"ဘယ်လိုလုပ်ပြီး အတိအကျပြောလို့ရမလဲ... သူတို့က ဒီနေ့ မနက်ဖြန်လဲ ရောက်လာနိုင်တာပဲ"

ကောက်ဝီ ခေါင်းယမ်းလိုက်သည်။

"ဒါဆိုရင်တော့ ဟိုငါးယောက်ကို အကြောင်းကြားလို့ အချိန်ရမှာမဟုတ်ဘူး၊ မျောက်မျက်နှာရှုမ္ဘူးက ကျန်းမာရေးသိပ်မကောင်းဘူး၊ လက်ကိုးချောင်း ချင်းချင်းနဲ့မြက်ရှောဝီခါးက အသွားအပြန် လေးရက်လောက်ကြာမယ်... ဖေချစ်စိန်ကိုရှာဖို့မလွယ်ဘူး၊ အေး... အနီးဆုံးကတော့ သရဲမရန်တင်း တစ်ယောက်ပဲရှိတယ်"

ထုပင်းကဝင်၍လက်ခါရင်း....

"ဟာ... သူတို့ကိုပြောမနေပါနဲ့ကွာ၊ တို့နည်းတို့ဟန်နဲ့ပဲ တက်နိုင်သလောက် ကာကွယ်ကြတာပေါ့"

ကောက်ဝီက....

"ဒီမန်ချူးတွေ အမိကထားတဲ့ရန်သူဟာ ရုပ်ကြွယ်ဂိုဏ်းသားတွေပဲကွ၊ သူတို့ဝင်လာနိုင်စရာအကြောင်းရှိတာပဲ"

ကွေ့ရှူးက....

"ရုပ်ကြွယ်ဂိုဏ်းသားတွေနဲ့မပတ်သက်ချင်ဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကုမုဒ္ဒထိက ကွေ့ရှူးအား....

"အဲဒါ မင်းမှားတာပဲ၊ ရှုဝံကြွယ်ဟာ မန်ချူးတော်လှန်ရေးသမားတွေကွ... ငါတို့ကလဲ မန်ချူးတွေကိုမုန်းလို့ တိုက်ခိုက်နေရတဲ့လူတွေပဲ... ရည်ရွယ်ချက်ချင်းတူနေတာပဲ... 'ပတ်သက်လာတော့ကော ဘာဖြစ်ရမှာလဲ"

ကွေ့ရှူး၏စိတ်ထဲတွင် တစ်မျိုးမြင်ထားသည်မှာ ရှုဝံကြွယ်ဂိုဏ်းသားများကိုတွေ့လျှင် မန်ချူးများက ရက်ရက်စက်စက်သတ်သည်။ ပေါက်ရှူးယုံ သေရသည်မှာ ရှုဝံကြွယ်ဂိုဏ်းသားထင်မှတ်၍ သွေးစကြာဂိုဏ်းကသတ်ဖြတ်သွားခြင်းဖြစ်သည်။

မိမိအားသတ်စေအမိန့်ပေးစဉ်ကလည်း ရှုဝံကြွယ်ဂိုဏ်းသားထင်၍ အမိန့်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ရှုဝံကြွယ်ဂိုဏ်းနှင့် မပတ်သက်လိုခြင်းဖြစ်သည်။

ကွေ့ရှူးသည် ငိုင်နေရာမှ....

"ဒါမှမဟုတ်ရင်လဲ ကျွန်တော်တို့က ရှုဝံကြွယ်ဂိုဏ်းထဲဝင်ပြီး ထိထိရောက်ရောက်လှုပ်ရှားလိုက်ရင် မကောင်းဘူးလား"

ကုမုဒ္ဒထိက....

"စောပါသေးတယ်... တစ်နေ့တော့ ဖြစ်လာမှာပေါ့"

ကောက်ဝီက....

"ကျွန်တော် ရှုဝံကြွယ်ဂိုဏ်းကိုဆက်သွယ်ဖို့စိတ်ကူးထားတယ်.... ဘယ့်နှယ့်လဲ"

"ကောင်းပါတယ်... ဂိုဏ်းခေါင်းဆောင်ကဘယ်သူလဲ"

"အဲ့ဒါတော့ ဘယ်သူမှသိမှာမဟုတ်ဘူး... သူတို့က သိပ်လျှို့ဝှက်တာ"

ထုပင်းကစဉ်းစားနေရာမှ....



"ကျုပ်တစ်ခုတော့စဉ်းစားမိတယ်"

"ဘာများလဲ"

"စီးရောင်ဖန်းတို့မိသားစုကို မြို့စားကျိုကျူးက ဖမ်းဆီးတာဟာ ငွေဗျိုင်းဖြူစီးလောဟုန်ကြောင့်လို့ထင်တယ်၊ အခုငွေဗျိုင်းဖြူစီးလောဟုန်က သိုင်းလောကထဲမှာကွယ်ပျောက်နေတော့ ရှုဝံကြွယ်ဟာ သူများဖြစ်နေမလားလို့"

ကုမုဒ္ဒထိနှင့်ကောက်ဝီတို့က ခေါင်းညိတ်ပြလိုက်သည်။

"မဖြစ်နိုင်ဘူးလို့တော့ မပြောနိုင်ဘူး"

သူတို့အားလုံးသည် စားရင်းသောက်ရင်းဖြင့် ဆွေးနွေးကြရာ မိုးလင်းကာနီးပင်ဖြစ်တော့သည်။

၀၀၀၀

နောက်တစ်နေ့ မိုးလင်းသည်နှင့်သူတို့သည် သတင်းထူးတစ်ခုကိုထပ်မံ၍ ကြားလိုက်ရတော့သည်။ ထိုသတင်းထူး ယူဆောင်လာသူမှာ စုဟုန်လင်းပင်ဖြစ်တော့သည်။ စုဟုန်လင်းသည် ကုန်းမြင့်ရွာသို့လာရင်း လမ်းခရီး၌ မျက်နှာဖုံးစွပ်ထားသောလူနှစ်ယောက်နှင့်တွေ့ဆုံရသည်။

ထိုလူနှစ်ယောက်မှာ ရှုဝံကြွယ်ဂိုဏ်းသားများဖြစ်ပြီး စုဟုန်လင်းအား စာတစ်စောင်ပေးလိုက်သည်။ ယခု ထိုစာကို စုဟုန်လင်းက ထုပင်းအားပေးလိုက်၏။ ထုပင်းကဖတ်ရှုပြီးသည်နှင့် ကောက်ဝီကိုလှမ်းပေးလိုက်လေသည်။

ကောက်ဝီက အသံခပ်ကျယ်ကျယ်ဖတ်လိုက်၏။

"မျိုးချစ်သိုင်းသမားအပေါင်းတို့... မျိုးချစ်ထိပ်တန်းသိုင်းသမားများသည် မန်ချူးမြို့စားဂေဟာအတွင်း၌ အချုပ်အနှောင်ခံနေ

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့နှင့်တိုင်ပင်ရန် ထိုကိစ္စနှင့်ပတ်သက်၍ လာရောက်လိမ့်မည်ဟုယုံကြည်သည်။"

ရှုဝံကြွယ်

ကောက်ဝီက စာဆုံးသည်နှင့်....

"မင်းတို့ ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်၏။ ကုမုထိက....

"သူတို့ဆိုလိုတာကတော့ သူတို့နဲ့အတူ လက်တွဲတိုက်ခိုက်ဖို့ပဲ၊ မင်းတို့အားလုံးရဲ့သဘောက ဘယ်လိုရှိသလဲ"

ကောက်ဝီက....

"ကျုပ်ရဲ့အင်အားနဲ့မြို့စားဂေဟာကိုဝင်ရောက်စီးနင်းဖို့လွယ်ပါ့မလား"

"ကောက်ဝီ... မင်း သူတို့ကိုသွားဆက်သွယ်ပါလား"

ထုပင်းကပြောပြီး စုဟုန်လင်းကိုလှမ်းကြည့်ကာ....

"ဘယ်နေရာမှာချိန်းသလဲ"

"သိပ်မဝေးဘူး... ကျောက်တုံးညီနောင်မှာစောင့်နေကြတယ်"

ထုပင်းက....

"ရှုဝံကြွယ်ဟာ ငါတို့ဒီမှာရှိနေတယ်ဆိုတာ အတိအကျသိထားပုံပဲ၊ အဲ့ဒီတော့ ကောက်ဝီ မင်းသွားရင် ကောင်းမယ်နဲ့တူတယ်"

ကောက်ဝီက ခေါင်းညိတ်ကာ ချက်ချင်းဆိုသလိုပင် မြင်းတစ်ကောင်ပေါ်တက်၍ ထွက်ခွာသွားလေသည်။

oooo



နေလုံးပျောက်ကွယ်သည်နှင့် ကောက်ဝီ ပြန်လည်ရောက်ရှိလာသည်။

"အခြေအနေကတော့ အားရစရာပဲ"

ကောက်ဝီက ဝမ်းသာအားရပြော၏။ ကုမုထိက....

"သူတို့က ဘယ်လိုအစီအစဉ်ရှိလို့လဲ"

ကောက်ဝီသည်ဝိုင်းထိုင်နေကြသောသူများအားလုံးကိုမျက်လုံးတစ်ချက်ဝေ့၍ ကြည့်လိုက်လေသည်။

"မြို့စားဂေဟာထဲမှာ အဖမ်းခံထားရတဲ့ထိပ်တန်းသိုင်းသမားကြီးတွေ ဆယ်ယောက်လောက်ရှိတယ်လို့ သိရတယ်၊ မကြာခင် သူတို့ကိုသတ်လိမ့်မယ်လို့ ရှုဝံကြွယ်ကကြားသိထားတယ်"

ထုပင်းက....

"သူတို့ မြို့စားဂေဟာကိုဝင်တိုက်ဖို့ အစီအစဉ်ရှိတယ်မဟုတ်လား"

ကောက်ဝီက ခေါင်းညိတ်လိုက်သည်။ ကုမုထိက....

"ရှုဝံကြွယ်မှာ အင်အားဘယ်လောက်ရှိတယ်လို့သိရသလဲ"

"အတိအကျတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ ဆယ်ယောက်ထက်မနည်းဘူးဆိုတာရယ်... ချန်ကျူးမြို့ထဲရောက်နေပြီဆိုတာရယ်တော့သိတယ်"

ကျွေ့ရှူးကကောက်ဝီအား....

"သူတို့ခေါင်းဆောင်ကိုကော သိခဲ့ရသလား"

ကောက်ဝီကခေါင်းယမ်းသည်။

ထုပင်းက....

"ကဲ... ဒါတွေ ထားပါတော့... ဘယ်နေ့လဲ ဘယ်အချိန်လဲ"

ကောက်ဝီက....

www.burmeseclassic.com

www.burmeseclassic.com



"ဆယ်ရက်နေ့ည အုန်းမောင်းတစ်ချက်တီးအချိန် အားလုံး အနက်ရောင်ဝယ်ပြီး မျက်နှာဖုံးစွပ်ထားရမယ်၊ အဓိကတိုက်ကွက်က တော့ အကျဉ်းသားတွေထားတဲ့အချုပ်ခန်းကိုဖျက်ပြီး လွတ်မြောက် အောင်ပြေးနိုင်းရမယ်လို့ပြောတယ်"

သူတို့သည် ကိုယ့်အတွေးနှင့်ကိုယ် စဉ်းစားနေကြ၏။

ကောက်ဝီက....

"ဘယ်နှယ့်လဲ... ကျုပ်တို့ အဲဒီမှာသွားကူညီရင် ကောင်း မယ်"

ထိုအခါ စကားတစ်လုံးမှဝင်မပြောသောချူးယိက....

"အလွန်ကောင်းတဲ့အစီအစဉ်ပဲ... ငါလဲလိုက်မယ်"

ဟု ဝမ်းသာအားရဝင်ပြောလိုက်သည်။

"ဒါဆိုရင် ကျုပ်တို့အားလုံးပဲ မနက်ဖြန်ညကို ချန်ကျူးမြို့ထဲ ရောက်နေမှဖြစ်လိမ့်မယ်"

အားလုံးကသဘောတူစွာဖြင့် ခေါင်းညိတ်ပြလိုက်ကြလေ သည်။

၀၀၀၀



စုဟုန်လင်းသည် တိုက်ပွဲကြီးတစ်ပွဲကြုံရတော့မည်ဟု ထင် မှတ်ခဲ့သော်လည်း ထိုအခွင့်အရေးကိုလက်လွှတ်ခဲ့ရသည်။ အကြောင်း မှာ သူ့ဆရာထုပင်းက သူ့အားတာဝန်တစ်ခုပေးလိုက်သောကြောင့် ဖြစ်သည်။ ထိုတာဝန်မှာ လူမမယ်လေးစီးဟုန်ကို အစ်မဖြစ်သူလန်စီ ကျင်းနှင့်အတူ ဆရာကြီးကတ်ရှူဝါးထံပို့ဆောင်ပေးရန်ဖြစ်လေ သည်။ စုဟုန်လင်းသည် စီးဟုန်အား ရင်ခွင်ထဲထည့်၍ မြင်းကို သတိ ကြီးစွာဖြင့်စီးနင်းလာရ၏။

သူသည် လူသွားလူလာပြတ်သောလမ်းကိုရွေးချယ်၍သွား ရ၏။ ဤမိန်းကလေး၏လုံခြုံရေးသည် သူ့အတွက် အရေးအကြီးဆုံး တာဝန်ဖြစ်ပေသည်။ သူသည် ညမိုးချုပ်သည်နှင့်လန်စီကျင်းထံ အ ရောက်သွားရန်စီစဉ်ထား၏။ သို့သော်ခရီးက သိပ်မတွင်လှပေ။

ထိုအချိန်မှာပင်... သူသည် မမျှော်လင့်သောအဖြစ်အပျက် တစ်ခုနှင့်ကြုံရတော့သည်။ သူ့နောက်မှ မြင်းလေးကောင်လိုက်လာ နေသည်ကိုတွေ့ရှိရသည်။ အသေအချာကြည့်သောအခါ မန်ချူး ရဲမက်များဖြစ်နေသည်ကိုတွေ့ရတော့၏။

သူ၏ရင်ထဲ စိုးရွံ့ထိတ်လန့်သွားသည်။ ကလေးမလေး စီးဟုန်အား ထိုမန်ချူးရဲမက်များ လုံးဝတွေ့မြင်သွားရန်မဖြစ်နိုင်ပါ။ စုဟုန်လင်းလည်း သူ၏မြင်းကို အားကုန်နှင်ရတော့သည်။

နောက်မှရဲမက်လေးယောက်သည်လည်း သူ့ကိုအမီလိုက် လာလေသည်။ စုဟုန်လင်းသည် လမ်းချိုးတစ်ခုကို လျင်မြန်စွာချိုး ကွေ့လိုက်သည်။ သူသည် ထိုလမ်းကိုချိုးကွေ့ပြီးသည်နှင့် မြင်းကို ရပ်တန့်ကာ ကပျာကယာ ခုန်ဆင်း၍ စီးဟုန်အား ပွေ့ချီလိုက်သည်။

စုဟုန်လင်းသည် စီးဟုန်အား ချုံပုတ်တစ်ခုထဲသို့ထိုးထည့် ကာ....

www.burmeseclassic.com

www.burmeseclassic.com



"သမီး... ဦးဦး လာမခေါ်မချင်း ပုန်းနေနော်"

စုဟုန်လင်းက စိုးရိမ်တကြီးမှာသည်။ စီးဟုန်သည် ချုံပုတ်ထဲပြားပြားဝပ်နေလိုက်တော့၏။ စုဟုန်လင်းက မြင်းကိုအရှိန်အဟုန်ပြင်းစွာဖြင့် မောင်းနှင်သည်။ နောက်မှမြင်းများက သူနှင့်အတော်နီးကပ်လာပြီဖြစ်သည်။

"တွေ့ကြသေးတာပေါ့ကွာ"

စုဟုန်လင်း စိတ်ထဲမှကြုံးဝါးကာ သူ၏မြင်းကိုအရှိန်လျှော့ချလိုက်သည်။ နောက်မှရဲမက်များက သူ့ကိုမီလာသည်။ သူကမြင်းပေါ်မှဆင်းကာ ရဲမက်လေးဦးကိုမော့ကြည့်လိုက်သည်။

"ခင်ဗျားတို့ ကျုပ်နောက်ကိုကိုလိုက်နေတာလား"

စုဟုန်လင်းက မသိဟန်ပြု၍မေးသည်။ မန်ချူးရဲမက်များက မြင်းပေါ်မှခုန်ဆင်း၍ စုဟုန်လင်းအားဝိုင်းရံထားလိုက်ကြသည်။ သူတို့၏ဓားများကို လျှင်မြန်စွာဆွဲထုတ်လိုက်ကြလေ၏။ စုဟုန်လင်းမှာ လက်နက်မရှိပါ။ ရဲမက်တစ်ဦးက....

"ဟေ့ကောင်... ကလေးတစ်ယောက်ကော"

ထိုမေးခွန်းကြောင့် စုဟုန်လင်းတုန်လှုပ်သွားတော့သည်။

အခြားရဲမက်တစ်ဦးက....

"အဲဒီကလေး ဘယ်က,ကလေးလဲ"

စုဟုန်လင်း၏စိတ်ထဲတွင် ထိုကလေးကို သူတို့လုံးဝမမြင်ဟုထင်မှတ်ထားရာ ယခုကဲ့သို့မေးလိုက်ခြင်းကြောင့် မည်ကဲ့သို့ပြန်ဖြေရမှန်းမသိ ဖြစ်သွားတော့သည်။

"ဟေ့... မေးနေတာမကြားဘူးလား"

စုဟုန်လင်းကလက်ခါ၍....

"ခင်ဗျားတို့ ဘယ်ကလေးကိုမေးတာလဲ၊ ကျုပ်မသိဘူး"



"မင်း အူကြောင်ကြောင်မလုပ်နဲ့... ကလေးတစ်ယောက်ပါလာတာကိုတွေ့တယ်"

"မသိဘူး... ခင်ဗျားတို့မေးတာ ကျုပ်ဘာမှမသိဘူး"

စုဟုန်လင်း ပြောင်ပြောင်တင်းတင်းပင် ငြင်းလိုက်တော့၏။ ခေါင်းဆောင်ဖြစ်ဟန်တူသောရဲမက်က စိတ်မရှည်ဟန်ဖြင့်....

"ဒီလောက်ခေါင်းမာတဲ့ကောင်ကို တိုက်ကွာ"

ပြောပြောဆိုဆိုဝင်တိုက်ရာ ကျန်ရဲမက်များကလည်းဝင်ရောက်တိုက်ခိုက်ကြလေတော့၏။ မန်ချူးရဲမက်လေးဦး၏ဓားများသည် စုဟုန်လင်း၏ခန္ဓာကိုယ်ဝန်းကျင်တစ်ဝိုက် ပုံစံအမျိုးမျိုးနှင့်ဝင်ရောက်လာ၏။ စုဟုန်လင်းက နည်းနည်းမှအားမလျှော့။

သူ၏ညာခြေကန်ချက်ထိပြီး ရဲမက်တစ်ဦးလိမ့်ထွက်သွား၏။ ထိုသူ၏ဓားသည် လွတ်ထွက်၍ စုဟုန်လင်းလက်ထဲရောက်ရှိသွားသည်။ ရုတ်တရက် မန်ချူးတို့တန့်သွားသည်။

ထိုအချိန် တိုက်ကွက်အရှိန်ရလာသောစုဟုန်လင်းသည် ဓားကိုစက်ဝိုင်းသဏ္ဍာန်ဝိုင်းပတ်၍ဝှေ့ယမ်းတိုက်ခိုက်သည်။

"အား...."

စူးစူးဝါးဝါးအော်သံနှင့်အတူ ရဲမက်တစ်ယောက်ပုံလဲသွား၏။ မန်ချူးတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍....

"ယား...."

ဟုအော်ကာပြိုင်တူဝင်သည်။ သူတို့၏တိုက်ကွက်ကလည်းပြင်းထန်လာသည်။ ခေါင်းဆောင်ဖြစ်သူသည် အလွန်လျင်မြန်သွက်လက်၍ သူ၏ဓားကို အထူးသတိထားနေစဉ်မှာပင် စုဟုန်လင်း၏ခါးကြားသို့ဓားတစ်ချက်ဝင်သွားသည်။

ဝမ်းဗိုက်နှင့်လွတ်သွားသော်လည်း ခါးကြားမှသွေးများ

www.burmeseclassic.com

www.burmeseclassic.com



ဖြာဆင်းလာသည်။ စုဟုန်လင်း အံကြိတ်လိုက်သည်။ စုဟုန်လင်း ဒဏ်ရာရသည်ကိုမြင်လျှင်ပင် မန်ချူးစစ်သည်သုံးဦး ပိုမို၍အားတက်လာကြလေသည်။

ထိုစဉ် ရုတ်တရက် စုဟုန်လင်း၏ဓားက မန်ချူးတစ်ယောက်၏အသက်ကိုဆွဲနုတ်လိုက်ပြန်၏။

ထိုအချိန်မှာပင်....

"အား...."

စုဟုန်လင်း၏နောက်ကျောသို့ ဓားတစ်လက်စိုက်ဝင်လာပြန်၏။ စုဟုန်လင်းသည် အသက်ကိုမှန်မှန်ရှူကာ အတွင်းအားကို ပြန်၍စုစည်းသည်။

သူသည် ယခုတိုက်ပွဲတစ်ကြိမ်နှင့်ပင် အသက်ဆုံးရှုံးရတော့မည်ဟုထင်မိလိုက်သည်။ စုဟုန်လင်း လုံးဝမကြောက်ပါ။

ဒဏ်ရာမှသွေးများ အဆမတန်စီးကျနေသည့်တိုင်အောင် စုဟုန်လင်း၏တိုက်ကွက်က ပျက်မသွားဘဲသွက်လက်လာသည်။ ငါနိုင်ကိုနိုင်ရမည်ဟူသောယုံကြည်ချက်ကြောင့် အားမာန်များပြန်၍ပြည့်လာသည်။

"အား... အွန့်"

သုံးယောက်တိတိ လဲကျကုန်ပြီဖြစ်သည်။ နေလုံးကလည်း ပျောက်ကွယ်ပြီဖြစ်၏။ ကျန်တစ်ယောက်လည်း မြင်းပေါ်ခုန်တက်၍ ပျောက်ချင်းမှပျောက်သွားတော့သည်။

၀၀၀၀



ပွဲဦးထွက်အတွေ့အကြုံ ပွဲဦးထွက်တိုက်ပွဲ....

ထိုတိုက်ပွဲတွင် ကောင်းကောင်းကြီးအနိုင်ရသဖြင့် စုဟုန်လင်း ဝမ်းသာကျေနပ်နေသည်။ သူ၏ဒဏ်ရာမှသွေးများအထွက်များနေသော်လည်း သူသည် ဂရုမစိုက်အားပါ။

မြင်းပေါ်သို့ ကပျာကယာ ခုန်တက်၍ လာလမ်းအတိုင်းပြန်လှည့်လိုက်သည်။ နေလုံးက လုံးဝမရှိတော့သဖြင့် အမှောင်ထုက ဖုံးလွှမ်းလာပြီဖြစ်သည်။

သူသည် မှုန်ပျပျလမ်းပေါ်တွင် မြင်းကိုဂရုစိုက်၍စီးနင်းလာခဲ့သည်။ လမ်းချိုးအကွေ့သို့ရောက်သည်နှင့် မြင်းပေါ်မှခုန်ဆင်းကာ ချုံပုတ်ဆီသို့ပြေးဝင်သွားသည်။

"အဟင့်... အဟင့်"

ကလေးမလေး၏ငိုယိုသံကို ကြားရသည်။

"စီးဟုန် သမီးလေး... ဦးဦးလာပြီ"

သူကအသံပြုရင်း အတင်းပြေးဝင်သွားသည်။ စီးဟုန်အားတွေ့ရသည်နှင့် သူသည် အငမ်းမရဖက်ထားလိုက်သည်။ စုဟုန်လင်းမှာ ဒဏ်ရာမှပြင်းထန်စွာနာကျင်နေသည်။ သို့သော် သူသည် စီးဟုန်ကိုပွေ့ချီ၍ မြင်းပေါ်တင်ကာ ထိုအနားမှအမြန်ဆုံး မောင်းထွက်ခဲ့လေသည်။

သူသည် လမ်းကို ကောင်းစွာမမြင်ရတော့ပါ။ သို့သော် မြင်းများသည် သူတို့သွားရမည့်လမ်းကိုတော့ ကောင်းကောင်းမြင်တတ်ကြ၏။ သူသည် ယခုမှမောပန်းလာသည်ကိုသတိပြုမိတော့သည်။ မျက်လုံးများပြာဝေနေ၏။ သတိလက်မလွှတ်ရန် သတိကြီးစွာထားသော်လည်း သူသည် တစ်ချက်တစ်ချက်တွင် မူးခနဲ မိုက်ခနဲဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည်အားမလျှော့ပါ။

မခံမရပ်နိုင်သောဝေဒနာကို အံကြိတ်တင်းခံကာ တိယိုကျို၏ဥယျာဉ်ခြံဆီသို့ ဦးတည်မောင်းနှင်သွားလေတော့၏။

၀၀၀၀

စုဟုန်လင်းသည် ကြိုးစား၍ အားတင်းထားပါသော်လည်း ဥယျာဉ်ခြံထဲသို့ရောက်ရှိပြီး တိယိုကျိုတို့မိသားစုကိုမြင်ပြီးသည်နှင့် မူးဝေကာ မြင်းပေါ်မှလိမ့်ကျသွားတော့သည်။

ထို့နောက် သူ ဘာမှသတိမရတော့ပေ။ နှစ်ရက်လုံးလုံး သတိလစ်နေပြီးမှ စုဟုန်လင်း ပြန်သတိရလာသည်။ သတိရလာသည့်အခါ တိယိုကျိုမိသားစုအပြင် သူစိမ်းတစ်ယောက်ကိုပါ စတင်၍တွေ့ရှိလိုက်ရလေသည်။

သူစိမ်းမှာ မိမိအားကုသနေသည့်သမားတော်ပင်ဖြစ်၏။

"ဦးဦး အိပ်ရာကနိုးလာပြီ"

စီးဟုန်ကစတင်၍ပြောတော့သည်။ ယောကျ်ားလေးအသွင်နှင့်လန်စီကျင်းသည် မျက်လုံးများနီရဲ၍မို့မောက်နေသည်။

သမားတော်ကြီးက သူ့အားဆေးသုံးလေးခွက်မျှဆက်၍တိုက်သည်။ ဒဏ်ရာများမှာ အနည်းငယ်သာနာတော့သည်ကို စုဟုန်လင်းသတိပြုမိလိုက်သည်။

သူ့အား အချိန်ပြည့်ပြုစုနေသူမှာ လန်စီကျင်းပင်ဖြစ်သည်။ ယခုလည်း သူမသည် အငွေ့တထောင်းထောင်းနှင့်ရှိဆန်ပြုတ်များကို စုဟုန်လင်းအားတိုက်ကျွေးနေ၏။

"ညီမလဲ သိပ်ပင်ပန်းနေပြီနော်"

"ညီမ မဟုတ်ဘူး... ညီလေး... ညီလေး"



လန်စီကျင်းက ယောကျ်ားကလေးအသွင်ဖြစ်နေ၍ ကျိုစယ်လိုက်သည်။

"ဩော်... ဟုတ်တယ်... ဟုတ်တယ်၊ အစ်ကိုက မေ့တတ်တယ်"

သူကပြောပြီး ရယ်လိုက်သည်။ ပြီးမှဆက်၍....

"တိကျိုန်းတို့ စီးဟုန်တို့ကော"

"သူတို့က ဥယျာဉ်ထဲမှာ အလုပ်လုပ်နေကြတာပေါ့"

"တိကျိုန်းတို့သားအဖဟာ အင်မတန်စိတ်ကောင်းရှိကြတဲ့သူတွေပဲ"

လန်စီကျင်းကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... မမတိကျိုန်းက ကျွန်မနဲ့မခွဲနိုင်ဘူးဖြစ်နေတယ်"

စုဟုန်လင်းကခေါင်းယမ်း၍....

"မဖြစ်လို့ပါ... နှမို့ အစ်ကိုက ဒီမှာပဲထားချင်တာ"

"ဘာလဲ... အစ်ကိုက အခုချက်ချင်းပဲ ခြသေ့်တောင်ကို သွားတော့မလို့လား"

"အစ်ကို နေကောင်းပါပြီ"

"အဖေ တိယိုကျိုက ခရီးသွားဖို့မသင့်သေးဘူးလို့ပြောနေတယ်"

စုဟုန်လင်းသက်ပြင်းချလိုက်သည်။ တိယိုကျိုကလည်း သူ့အား အဆောတလျင် ခရီးမသွားရန် ပြောကြားသဖြင့် စုဟုန်လင်းသည် ဆယ်ရက်ခန့်အနားယူခဲ့ရလေသည်။ ထိုမှနောက်ဆယ်ရက်အကြာတွင် စုဟုန်လင်းသည် လန်စီကျင်းနှင့်စီးဟုန်ကိုခေါ်ဆောင်၍ ခြသေ့်တောင်သို့ထွက်ခွာလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား တိယိုကျိုက အန္တရာယ်နည်းသောတောလမ်းမှ လိုက်ပါပို့ဆောင်ပေးလေသည်။ စုဟုန်လင်းသာဆိုလျှင် ထိုခရီးလမ်းများကိုသိမည်မဟုတ်ပေ။ မေးမြန်းပြီးသွားရမည်ဖြစ်၍ ခရီးက မတွင်သည့်အပြင် အန္တရာယ်အမျိုးမျိုးနှင့်လည်းတွေ့နိုင်ပေသည်။

ယခု တိယိုကျိုက တောလမ်းများကိုသာရွေးချယ်၍ သွားသောအခါ နှစ်ရက်ကျော် သုံးရက်မြောက်သည့်တိုင်အောင် မည်သည့်အန္တရာယ်မှမတွေ့ရချေ။ တိယိုကျိုသည် တောင်တစ်ခုကိုကျော်ဖြတ်ပြီးသည်နှင့် အမောဖြေလိုက်သည်။ အတန်ကြာသော် စုဟုန်လင်းအားခေါ်၍ လက်ညှိုးညွှန်ပြရင်း....

"ဟော... ဟိုတောင်ကို မင်းတို့တက်ရလိမ့်မယ်"

"အဲ့ဒါ ခြသေ့ံတောင်လား"

"မဟုတ်သေးဘူး၊ အဲဒီတောင်ဟာ ခြသေ့ံတောင်ရဲ့အဆွယ်အပွားပဲ၊ သူ့ကိုလွန်ပြီးတာနဲ့ ခြသေ့ံတောင်ရောက်ပြီ... အခု ဒီနေရာကနေပြီး မြင်းနဲ့သွားလို့ သိပ်မကောင်းတော့ဘူး"

စုဟုန်လင်း ခေါင်းညိတ်လိုက်သည်။

"ဦးလေး... အခုလောက်ရောက်အောင်ကူညီတာပဲ ကျေးဇူးတင်လှပါပြီ၊ ဒီတော့ ဦးလေးက မြင်းတွေယူပြီးပြန်ပါတော့"

တိယိုကျိုက....

"ဒါပေမဲ့... မြင်းတစ်ကောင်တော့ယူသွားပါ၊ ဒီကလေးမလေးအတွက်...."

"စီးဟုန်အတွက်မပူပါနဲ့... ကျွန်တော် ထမ်းသွားပါ့မယ်"

တိယိုကျိုသည် လမ်းခရီး အစီအစဉ်များကိုသေချာပြောပြပြီးမှ စိတ်မချတချဖြင့်လှည့်ပြန်သွားလေတော့သည်။

oooo



အလင်းရောင် ကွယ်ပျောက်ခြင်းမရှိသေးသဖြင့် စုဟုန်လင်းတို့သည် တောလမ်းအတိုင်း ခရီးဆက်ခဲ့ကြ၏။ ဤလမ်းသည် လူများသွားနေသည့် လမ်းတစ်လမ်းဖြစ်မှန်းသိသာလှ၏။ လမ်းကဖြူးနေသည်။ လမ်းနံဘေးတွင်လည်း တောမျာ်းခုတ်ထွင်ရှင်းလင်းထားသည်ကိုတွေ့နေရ၏။

သူတို့သုံးဦးသည် လမ်းမကြီးအတိုင်းဆက်၍လျှောက်ခဲ့၏။ တစ်နေရာတွင် စုဟုန်လင်းက ရပ်တန့်လိုက်၏။ ကျောက်ဂူကဲ့သို့ ဖြစ်နေသော ကျောက်တုံးကြီးတစ်တုံးကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယနေ့ည ထိုကျောက်ဂူ၌ပင် အိပ်ရန်ဆုံးဖြတ်လိုက်တော့သည်။

စုဟုန်လင်းကထင်းခြောက်များကောက်ယူ၍ ရှေးဦးစွာ မီးဖိုလိုက်၏။ တောတောင်ဒေသဖြစ်၍ အအေးဓာတ်ကလည်း ပိုမိုလာသည်မဟုတ်လား။

သူတို့သည် ပါလာသောအစားအစာနည်းငယ်ကို စားသောက်ကြ၏။ စားသောက်ပြီးသည်နှင့် အငယ်မလေးစီးဟုန်သည် မောပန်းစွာဖြင့်အိပ်ပျော်သွားတော့၏။ စုဟုန်လင်းက မီးပုံဘေးတွင် ငြိမ်သက်စွာထိုင်နေ၏။ သူ့ အနားသို့ လန်စီကျင်းရောက်ရှိလာသည်။

"ဒီတောထဲတောင်ထဲမှာနေတဲ့လူတွေက ဘာတွေစားသောက်ကြသလဲ မသိဘူးနော်"

စုဟုန်လင်းက သူမကိုပြုံး၍ကြည့်လိုက်သည်။

"ငါ့ဆရာထုပင်းပြောဖူးတယ်... ခြသေ့ံတောင်ဟာ သစ်သီးဝလံအင်မတန်ပေါများတယ်တဲ့... နောက်ပြီး တောင်ပေါ်သားတွေလဲ နေထိုင်ကြတယ်လို့ပြောတယ်၊ ဒီတော့ ဒီမှာရှိတဲ့လူတွေဟာ သစ်သီးဝလံနဲ့သားကောင်တွေကိုပစ်ပြီးစားကြမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ရိက္ခာဆင်းဝယ်ရင်လဲ သုံးရက်လောက်တော့ ကြာမှာပဲနော်"

စုဟုန်လင်းကရယ်၍....

"ဒါကအသေးအမွှားပါ... တချို့တောင်ပေါ်သားတွေဟာ ရိက္ခာဆင်းဝယ်ရတာ ဆယ့်ငါးရက်တောင်ကြာတယ်လို့သိရတယ်"

လန်စီကျင်းက ငြိမ်သက်စွာနားထောင်နေလိုက်၏။

အတန်ကြာမှ....

"ကျွန်မတို့က ဒီမှာအကြာကြီးနေရမှာလားဟင်"

စုဟုန်လင်းက ပခုံးတွန့်၍....

"ဒါတော့ ဆရာကြီးရဲ့ဆန္ဒပဲ... အစ်ကိုကဘယ်လိုလုပ်ပြောနိုင်မှာလဲ"

"ကျွန်မ အစ်ကိုနဲ့မခွဲနိုင်ဘူး"

သူမက ပါးစပ်မှလွှတ်ခနဲထွက်သွားသည်။

ထိုအချိန်မှာပင် ကျယ်လောင်သောရယ်မောသံတစ်သံသည် တောတောင်တစ်ခုလုံး ဟိန်းအောင်ပေါ်ထွက်လာတော့၏။

"ဟား... ဟား... ဟား"

နှလုံးတုန် အသည်းထိတ်စရာကောင်းလှသောရယ်သံကြီး ဖြစ်သည်။ စုဟုန်လင်း ထရပ်လိုက်၏။

လန်စီကျင်းအား သူ၏ညီမလေးနားသို့သွားရောက်နေရန် အချက်ပြကာ ခါးကြားမှဓားမြှောင်ကိုအသင့်ထုတ်ကိုင်ထား၏။

"ဟား... ဟား... ဟား"

ရယ်မောသံသည် အခြားတစ်ဖက်မှထွက်ပေါ်လာ၏။

"အစ်ကို... ကျွန်မ ကြောက်တယ်"

လန်စီကျင်းကလှမ်းပြော၏။



စုဟုန်လင်းက လန်စီကျင်းနားသွား၍ ညီအစ်မနှစ်ယောက် ကျောက်တုံးဘေးနားကပ်နေရန်ပြောပြီး သူကရှေ့ထွက်လာ၏။

"ဟား... ဟား... ဟား"

အမှောင်ထဲမှ လူတစ်ယောက်ထွက်လာသည်။ တစ်ဖန် ထိုသူ၏ညာဘက်မှလည်း နောက်တစ်ယောက်ထွက်လာပြန်တော့၏။ သူတို့၏အဝတ်အစားများမှာညစ်ပတ်ပေရေနေမှန်း မီးပုံမှ မီးရောင်ကြောင့်လှမ်းမြင်လိုက်ရ၏။ စုဟုန်လင်းက လက်ထဲမှဓားမြှောင်ကို မြဲမြဲဆုပ်ကိုင်ထားသည်။

"မင်းဘယ်ကလဲ... ဘယ်သွားမှာလဲ"

ထိုလူသည် ပါးစပ်မှပြောရင်း အနားသို့တိုးလာသည်။

"ကျွန်တော်တို့က လူကောင်းတွေပါဆရာကြီးရဲ့"

ထိုလူနှစ်ယောက်က စုဟုန်လင်းကိုစူးစိုက်ကြည့်ကာ....

"မင်း ကောင်မလေးနှစ်ယောက်ကို ခေါ်လာတယ်မဟုတ်လား"

"ဟုတ်ပါတယ်... အသိမိတ်ဆွေတစ်ယောက် ဒီမှာရှိတယ်ဆိုလို့လိုက်ရှာတာပါ"

"မင်းတို့မိတ်ဆွေကဘယ်သူလဲ"

"ရသေ့ကြီးတစ်ပါးပါ"

စုဟုန်လင်းက ကတ်ရှုပါးအမည်ကိုမဖြေချင်၍ ပါးစပ်မှ တွေ့ကရာပြောလိုက်သည်။

"နာမည်ကိုမေးနေတာ"

အခြားတစ်ယောက်က....

"ဟေ့... ဒီကောင်ညာနေတာ ဟိုကောင်မလေးဟာတို့ သတင်းအရ လိုက်ရှာနေတဲ့ကောင်မလေးနဲ့တူတယ်"

www.burmeseclassic.com



စုဟုန်လင်း ရင်ထိတ်သွားတော့သည်။

"မဟုတ်ပါဘူး... သူတို့ကကျွန်တော့်ညီမလေး"

သူ့စကားမဆုံးမီ နှစ်ယောက်စလုံးရယ်လိုက်ကြပြန်သည်။

"ဟား... ဟား... ဘာ ညီမလေးလဲ"

ထိုလူသည် ပြောပြောဆိုဆို သူ၏လက်ကိုလှုပ်ယမ်းလိုက်ရာ ဝီဝီမြည်သံနှင့်အတူ အရာဝတ္ထုမည်းမည်းများ ပြေးဝင်လာ၏။ စုဟုန်လင်းက ကြောက်လန့်တကြား ဓားမြှောင်ဖြင့်ဆီးခံလိုက်၏။

"ထန်း...."

အသံနှင့်အတူ စုဟုန်လင်း၏လက်မှာကျင်သွားပြီး သူ၏ဓားမြှောင်မှာ နှစ်လက်မခန့် ထက်ပိုင်းကျိုးသွားတော့သည်။ အရာဝတ္ထုမည်းမည်းအလုံးကလေးသည် ချွန်ထက်သောဆူးများထွက်လာသည်ကိုမြင်ရသောအခါ ထုပင်းပြောပြခဲ့သည့်သွေးစကြာကို သတိရမိသွားပြီး တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားလေတော့သည်။

ထိုလက်နက်ပုန်းမျိုးကို သွေးစကြာဂိုဏ်း (ဘုရင်၏လျှို့ဝှက်လူသတ်ဂိုဏ်း)မှလူများအသုံးပြုသည်။ အလွန်ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်သောလက်နက်ဖြစ်သည်။

ယခု ထိုလူများသည် လျှို့ဝှက်လူသတ်သမားများဖြစ်နေသည်ကိုသိလိုက်ရသည်နှင့် စုဟုန်လင်း အကြီးအကျယ်တုန်လှုပ်သွားရခြင်းဖြစ်သည်။

ပထမတစ်လုံးကို ဓားဖြင့်ခံနိုင်လိုက်သည်။ သို့သော် ဝီဝီဟူသောအသံနှင့်အတူ အလုံးကလေးနှစ်လုံးဆက်၍ ပြေးလာသောအခါ စုဟုန်လင်းမျက်လုံးပြာဝေသွားသည်။

"တုံး... ချွတ်... ဖလပ်... ဖလပ်"



ဟူသောအသံအချို့ကိုကြားရ၍ စုဟုန်လင်းက အသေအချာကြည့်သည်။ မည်သည့်နေရာကထွက်လာမှန်းမသိသောထင်းတုံးပိုင်းကြီးများသည် ထိုလက်နက်ပုန်းပြေးလာရာလမ်းမှဆီး၍ခံလိုက်၏။ တစ်ဆက်တည်းမှာပင်....

"ခွေးတိရစ္ဆာန်တွေ"

ဆဲဆိုကြိမ်းမောင်းသံကြားရပြီးသည့်နောက် အရိပ်တစ်ခုသည် စုဟုန်လင်း၏ရှေ့သို့ ရုတ်ခြည်းရောက်ရှိလာကာ သူ၏လက်များကို လျင်မြန်စွာလှုပ်ခါယမ်းလိုက်လေသည်။

"အား...."

"ဟွန်း... အား"

ထိုအရိပ်ထံမှ မည်သည့်အရာမှန်းမသိသောအပိုင်းအစလေးများပြေးထွက်သွားပြီး ထိုလူနှစ်ယောက်မှာ အသံနက်ကြီးများဖြင့် အော်ဟစ်၍ သေဆုံးသွားတော့သည်။

"ခွေးမျိုးတွေ ဒီကောင်တွေ ငါကြည့်မရတာကြာပြီ"

ယင်းအသံကြားလိုက်ရမှ သူ့ရှေ့မှအရိပ်သည် အမျိုးသမီးကြီးတစ်ဦးဖြစ်ကြောင်းသိလိုက်ရသည်။ ထိုစဉ် ရုတ်တရက် သစ်ပင်ကြီးမှသစ်ကိုင်းများလှုပ်ရှားသွား၍ လူနှစ်ဦးထပ်မံခုန်ဆင်းလာသည်ကိုတွေ့လိုက်ရပြန်သည်။

ထိုလူနှစ်ယောက်သည် သေဆုံးနေသော လူနှစ်ယောက်ကိုတွေ့လိုက်ရသည်နှင့် အလွန်အမင်းဒေါသထွက်သွားပုံရလေသည်။

"ဟင်.. ဘီလူးမကြီး... ဒါ ခင်ဗျားလက်ချက်မဟုတ်လား"

ဘီလူးမဟုအခေါ်ခံလိုက်ရသောအမျိုးသမီးကြီးက ခစ်ခနဲရယ်လိုက်သည်။

"တော်တော်ဝဲကျတဲ့ကောင်တွေပဲ... ငါ ဒီလောက်လူ[illegible]ကို

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမလို့ပြောရက်တယ်၊ ဟော့... သူငယ် မီးတောက်အောင် ထင်းတွေထည့်စမ်း"

အမျိုးသမီးကြီးသည် ထိုလူနှစ်ယောက်ကိုပြောရင်းမှ စုဟုန်လင်းအား မီးမွေးခိုင်းလိုက်သည်။ စုဟုန်လင်းသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထင်းများကိုမီးပုံထဲသို့ထည့်လိုက်သည်။

မီးများတောက်လာသည့်အခါ အလင်းရောင်သည် ယခင်ကထက်ပို၍အားကောင်းလာသည်ကို တွေ့လိုက်ရသည်။

"ခင်ဗျား ကျုပ်တို့ကို ဘာအောက်မေ့လို့လဲ"

ထိုလူကကြိမ်းဝါးလိုက်ရာ အမျိုးသမီးကြီးသည် ရယ်လိုက်ပြန်သည်။

"ဟား... ဟား... ဟား နင်တို့က ခွေးတွေပေါ့၊ ဒီနေရာမှာ နင်တို့ လူသတ်ဖို့လာစောင့်နေကြတာပဲ... ငါ အတန်တန်ပြောထားတယ်မဟုတ်လား... ငါ့ရှေ့မှာ လူမသတ်ရဘူးလို့"

"အံမာ... လူပါးဝလို့"

ထိုလူနှစ်ယောက်သည် အမျိုးသမီးကြီးအား ပြေးဝင်တိုက်ခိုက်တော့၏။ အမျိုးသမီးကြီးက လျှင်မြန်သည့်အရှိန်အဟုန်ဖြင့် ထိုလူနှစ်ယောက်ကြားထဲသို့ပြေးဝင်သွားသည်။

"ကဲ... လာစမ်း လူသတ်သမားတွေ နင်တို့ လက်နက်ပုန်းလောက်တော့ ငါကအပျော့ပဲ"

သူမ၏လက်နှစ်ဖက်သည် မြွေတစ်ကောင်ပါးပျဉ်းထောင်သကဲ့သို့လုပ်၍ ပါးစပ်မှလည်း မြွေတွန်သံမျိုးထွက်ပေါ်လာသည်။

လူသတ်သမားနှစ်ယောက်အနက် တစ်ယောက်က....

"ခင်... ခင်ဗျား နဂါးမယ်တော်မဟုတ်လား"

"မင်းတို့အစောကြီးထဲကသိဖို့ကောင်းတယ်"



နဂါးမယ်တော်ဟုအခေါ်ခံရသူသည် ပြောရင်း စတင်တိုက်ခိုက်တော့သည်။ လူသတ်သမားနှစ်ဦးကလည်း အညံ့မခံ။ ပြင်းပြင်းထန်ထန်ပြန်လည်တိုက်ခိုက်ကြ၏။ အမျိုးသမီးကြီးသည် ရုတ်တရက် သစ်ကိုင်းပေါ်ရောက်ရှိသွားသည်။

စုဟုန်လင်းအံ့ဩနေစဉ်မှာပင် သူမသည် မြွေတစ်ကောင်သစ်ကိုင်းမှပြုတ်ကျသကဲ့သို့ လူသတ်သမားတစ်ဦးပေါ်ကျသွား၏။

"အား...."

လူသတ်သမားတစ်ဦးသည် ရူးရူးဝါးဝါး အော်ဟစ်၍ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ တောထဲသို့ဒရောသောပါး ဝင်ပြေးတော့၏။ နဂါးမယ်တော်က နောက်တစ်ယောက်ကိုကြည့်လိုက်ရာ ထိုလူမှာလည်း နဂါးမယ်တော်ကိုကြည့်ကာ နောက်ဆုတ် နောက်ဆုတ်ဖြင့် တောထဲပြေးဝင်သွားတော့သည်။

၀၀၀၀

စုဟုန်လင်းနှင့်လန်စီကျင်းတို့က နဂါးမယ်တော်ကို ဦးညွှတ်ဂါရဝပြုလိုက်ကြသည်။

"ကျွန်တော်တို့ကို ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ"

နဂါးမယ်တော်က သူတို့နှစ်ယောက်ကိုတစ်ချက်တွေ၍ကြည့်ပြီး မီးပုံနံဘေးတွင်ဝင်၍ထိုင်လိုက်သည်။

ထို့နောက် သူက....

"ငါ့ကိုပြောစမ်း... နင်တို့ ဘာကိစ္စနဲ့ဒီကိုရောက်လာကြတာလဲ"

စုဟုန်လင်းနှင့်လန်စီကျင်းသည် နဂါးမယ်တော်၏အနီးတွင် ရိုရိုသေသေထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းက လန်စီကျင်းတို့၏အဖြစ်အပျက်ကို တစ်လုံးမကျန်ပြောပြလိုက်၏။ နဂါးမယ်တော်သည် မီးပုံနံဘေးတွင်ထိုင်၍ ငြိမ်သက်စွာနားထောင်သည်။

သူမ၏အသက်ကိုခန့်မှန်းရသည်မှာ ခက်လှ၏။ သူမသည် စုဟုန်လင်းနှင့်လန်စီကျင်းတို့အကြောင်းနားထောင်ရင်း မျက်လုံးများမှိတ်ကာ တရားထိုင်သလို ငြိမ်သက်စွာထိုင်နေလေသည်။

တစ်နာရီကျော် နှစ်နာရီနီးပါးနေပြီးမှ မျက်လုံးဖွင့်ကြည့်၏။ သူမနှင့်မနီးမဝေးတွင် စုဟုန်လင်းတို့သုံးဦးထိုင်နေသည်ကိုတွေ့ရ၏။

သူမက အားလုံးကိုကြည့်၍....

"ကဲ... ကဲ... မင်းတို့ ဟောဒီလမ်းအတိုင်းတက်သွားကြ၊ အိမ်လေးငါးခြောက်အိမ်လောက်ရှိမယ့်နေရာကို ရောက်မယ်၊ ဒီက အပေါ်ကိုဆက်တက်သွားရင် မင်းတို့တွေ့ချင်တဲ့လူကိုတွေ့ရလိမ့်မယ်"

သူမက အသေအချာပြောပြနေသည်။ စုဟုန်လင်းတို့သုံးဦးစလုံးက နဂါးမယ်တော်ကို ဂါရဝပြုလိုက်ကြသည်။ စုဟုန်လင်းက....

"မယ်တော်ကို ကျွန်တော်တို့ဂါရဝပြုချင်ရင် ဘယ်ကိုလာရမှာလဲ"

သူမက တော်တော်နှင့်အဖြေမပေးပါ။ သူမသည် သက်ပြင်းတစ်ချက်ချပြီးမှ....

"ငါက တွင်းတစ်တွင်းရှိရင် နေလို့ရတာပဲ၊ ကဲ... သွားကြတော့"

နဂါးမယ်တော်သည် နောက်ထပ်မည်သူနှင့်မျှမပတ်သက်ချင်တော့သည့်ပုံစံဖြင့် ပြောပြီးသည်နှင့် အရိပ်တစ်ခုပျောက်ကွယ်သွားသလို လှစ်ခနဲပျောက်သွားတော့သည်။



စုဟုန်လင်းတို့သည် နဂါးမယ်တော်ညွှန်ပြသည့်အတိုင်း ခရီးဆက်ခဲ့ကြရာ နေဝင်ကာနီးမှပင် ကျောက်တုံးများဖြင့် တန်ဆာဆင်သည့် ဆရာကြီးကတ်ရှူဝါးနေထိုင်ရာအိမ်ကိုတွေ့ရှိရတော့သည်။

သို့သော် ဆရာကြီးအား ချက်ချင်းမတွေ့ရပါ။

ဆရာကြီးကတ်ရှူဝါးအား အနီးကပ်ပြုစုနေသူ ဖူးကျိုးယပ်က စောင့်နိုင်းထားသဖြင့် သူတို့သုံးဦးသည် ဆရာကြီးကိုစောင့်ဆိုင်းနေကြရသည်။ သုံးရက်ပြည့်သောနေ့မှ ဆရာကြီးကတ်ရှူဝါးနှင့် တွေ့ဆုံခွင့်ရတော့သည်။

လန်စီကျင်းက ဆရာကြီးကယ်တင်ခဲ့သည့်နေ့မှစ၍ ယနေ့အထိ သူမတွေ့ကြုံခဲ့ရပုံ၊ သူမ၏မိဘများ ကံဆိုးရှာပုံများကို ပြောပြလေသည်။ ဆရာကြီးသည် တည်ငြိမ်သောဣန္ဒြေဖြင့် နားထောင်နေရာမှ နောက်ဆုံးတွင် ရှည်လျားသောသက်ပြင်းတစ်ချက်ချသည်။

ထို့နောက် စုဟုန်လင်းအားကြည့်၍....

"နင်တို့နှစ်ယောက် အားကိုးရာမဲ့နေတာကို ထုပင်းက မကူညီနိုင်ဘူးလား"

ဆရာကြီးသည် သူတပည့်ထုပင်းကိုအဖြစ်တင်သကဲ့သို့ပြောလိုက်ရာ စုဟုန်လင်းက ထုပင်းတစ်ယောက် မန်ချူးတို့ကိုတိုက်ခိုက်နေပုံ၊ သူတို့ညီအစ်မသည် ထုပင်းနှင့်နေ၍လည်း လုံခြုံမှုမရှိနိုင်ပုံတို့ကို ပြောပြလိုက်သည်။ ဆရာကြီးကတ်ရှူဝါးသည် သူ၏ဝေယျာဝစ္စများကိုဆောင်ရွက်ပေးနေသည့်ဖူးကျိုးယပ်ကိုလှမ်းခေါ်ပြီး....

"မင်း သူတို့ညီအစ်မကိုတာဝန်ယူနိုင်ပါ့မလား"

ဖူးကျိုးယပ်သည် ညီအစ်မနှစ်ယောက်ကိုကြည့်၍ သူမတို့၏အကြောင်းကိုလည်းသိထားရပြီးဖြစ်သောကြောင့် ကြင်နာစွာပြုံးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တာဝန်မကြီးပါဘူး... ဆရာကြီးကသာ ခွင့်ပြုထားမယ်ဆိုရင် ကျွန်တော် ဘာလို့ငြင်းရမှာလဲ"

ဆရာကြီးကတ်ရှူဝါး သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ရှေးရေစက်ကမကုန်သေးလို့ဆိုရမှာပဲ၊ ကဲ... ကဲ သမီးတို့နှစ်ယောက်ကို ဆရာကြီးခွင့်ပြုပါတယ်"

အပြန်ခရီးသည် စုဟုန်လင်းအတွက် ခြောက်သွေ့လွန်းလှသည်။ သူသည် လန်စီကျင်းအပေါ်သံယောဇဉ်တွယ်တာမိနေမိသော်လည်း သူမ၏ဘဝလုံခြုံရေးအတွက် ဤနေရာ ဤဒေသတွင်ထားခဲ့ရပြီဖြစ်သည်။ သူ၏ခြေလှမ်းတို့သည် အလိုလိုနှေးကွေးနေသည်။

သူသည် သေမင်းတမန်တံတားကို လှမ်းလှမ်းဆွတ်ဆွတ်နှင့်ပင် ဖြတ်ကူးလိုက်လေသည်။ တံတားအဆုံးသို့ရောက်သည်နှင့် အသံတစ်ခုကိုကြားလိုက်ရတော့၏။

"ငါထင်သားပဲ... မင်းကိုတော့ ဘယ်နည်းနဲ့မှလက်ခံထားမှာမဟုတ်ဘူးလို့"

ယင်းအသံကို သူမှတ်မိလိုက်သည်။

"ဟင်... မယ်တော်ကြီး"

နဂါးမယ်တော်ကြီးသည် သစ်ပင်အမြင့်ပေါ်မှဖုတ်ခနဲ ခုန်ဆင်းလာရင်း...

"ငါထင်ရင် မလွဲပါဘူး... မင်းကို ကတ်ရှူဝါးက လက်မခံဘူးမဟုတ်လား"

စုဟုန်လင်းက မည်သည့်အဖြေမျိုးမှပြန်မပေးဘဲ ငြိမ်သက်စွာနားထောင်နေ၏။ နဂါးမယ်တော်က....

"မင်း... အခုသိုင်းလောကထဲကို ပြန်သွားတော့မယ်ပေါ့ ဟုတ်စ"



စုဟုန်လင်းက ခပ်ဆိုင်းဆိုင်းဖြင့်ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့စိတ်ဓာတ်နဲ့သိုင်းလောကထဲကိုပြန်ဝင်သွားရင် ပျက်စီးရုံပဲရှိတော့မှာပေါ့"

"ဗျာ...."

စုဟုန်လင်းမှာ ထိုစကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"မင်း နားမလည်ဘူးမဟုတ်လား"

"ဟုတ်ကဲ့"

"မင်း နားလည်အောင်ပြောရရင် မင်းရဲ့စိတ်ဓာတ်က ရန်သူတွေကိုကလဲ့စားချေဖို့ စိတ်ပြင်းထန်နေတယ်၊ ဒါပေမဲ့ မင်းရဲ့ပညာလောက်နဲ့သူတို့ကိုယှဉ်ရင် မင်းပဲပျက်စီးမှာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဗျာ"

နဂါးမယ်တော်က....

"မင်း ငါ့အသက်ဘယ်လောက်ရှိပြီထင်သလဲ"

"ငါးဆယ်ပတ်ဝန်းကျင်လို့ထင်ပါတယ်"

နဂါးမယ်တော်ကရယ်လိုက်သည်။

"ခုနစ်ဆယ်"

"ဗျာ...."

နဂါးမယ်တော်က....

"ငါ အသက်ခုနစ်ဆယ်ပြည့်ပြီးပြီ... ငါဟာ အသက်နှစ်ဆယ်အရွယ်ကစပြီး ပညာသင်ခဲ့တယ်၊ ဆရာသုံးယောက်တိတိဆီက ပညာယူခဲ့တယ်၊ အခု အသက်ခုနစ်ဆယ်မှာ တရားဘာဝနာပဲ အားထုတ်တော့တယ်၊ ဒီတော့ ငါသင်ခဲ့တဲ့ပညာတွေဟာ တောထဲ တောင်ထဲမှာပဲ တိမ်မြုပ်သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းက ငြိမ်၍နားထောင်နေသည်။

"မင်း သေချာနားထောင်ပါ… ငါဟာ တရားဘာဝနာဘက်ကို စိတ်အားသိပ်သန်သွားလို့ သိုင်းလောကထဲမဆင်းချင်တော့ဘူး။ ဒါပေမဲ့ ငါ့ပညာကိုတော့အမွေပေးခဲ့ချင်တယ်"

စုဟုန်လင်း ဝမ်းသာသွားသည်။

"ကျွန်တော် တပည့်ခံပါရစေလား"

နဂါးမယ်တော်ကပြုံး၍….

"ငါကလဲ အဲဒါကိုပဲပြောနေတာ… မင်းလိုချင်တယ်ဆိုရင်တော့ ငါ့စည်းကမ်းအတိုင်းနေရလိမ့်မယ်"

"ကျွန်တော်နေပါ့မယ်"

"မင်း လွယ်လွယ်နဲ့ကတိမပေးပါနဲ့… စဉ်းစားပါ။ ဆယ်နှစ်ကျော်ကျော်အထိ မင်းငါနဲ့အတူနေရလိမ့်မယ်"

စုဟုန်လင်း စဉ်းစားရတော့သည်။ မိမိနေနိုင်ပါမည်လော။ မနေနိုင်စရာတော့အကြောင်းမရှိပေ။

"ဟုတ်ကဲ့… နေပါ့မယ်ခင်ဗျာ"

"သေချာတယ်နော်"

စုဟုန်လင်းခေါင်းညိတ်လိုက်၏။

"ခုနစ်ရက် ငါတရားထိုင်မယ်… ခုနစ်ရက် မင်းကို ပညာပေးမယ်၊ ဆယ်နှစ်လုံးလုံး တောထဲမှာ ငါနဲ့အတူနေနိုင်ပါ့မလား၊ ဘယ်ကိုမှမသွားရ မလာရဘူးနော်"

"ကျွန်တော်အားလုံးကိုကတိပေးပါတယ်မယ်တော်"

နဂါးမယ်တော်က နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်လေသည်။

၀၀၀၀



ချန်ကျူးမြို့၏တောင်ဘက်တွင် ကုန်းမြင့်မြင့်တစ်ခုရှိသည်။ ထိုကုန်းမြင့်ကို လူသတ်ကုန်းဟုသမုတ်ထားကြသည်။

လူသတ်ကုန်း….

မင်္ဂလာမရှိသောနေရာ…

အမင်္ဂလာဗိမာန်…

လူသတ်ကုန်းတွင် သွေးနံ့တို့ဖြင့် အမြဲတမ်းနံစေခဲ့၏။ လူပေါင်းများစွာ၏အသက်များ ထိုလူသတ်ကုန်းတွင် လာပေးသွားကြရသည်။ ထို့ကြောင့် ယင်းလူသတ်ကုန်းကို မင်္ဂလာမရှိသောနေရာအဖြစ်သတ်မှတ်၍ မည်သူကမှ တကူးတကလာရောက်ကြမည် မဟုတ်ပေ။

သို့သော် ယခု ထိန်လင်းနေသောလရောင်အောက်တွင် လူတစ်ယောက်ရပ်တန့်နေသည်။ ထိုလူသည် အနက်ရောင်ပိုးဖဲအပျော့ကို တစ်ကိုယ်လုံးဝတ်ဆင်ထားပြီး ဦးခေါင်းထက်မှနေ၍ ခပ်ချွန်ချွန်မျက်နှာဖုံးတစ်ခုကိုစွပ်ချထား၏။

သူ၏ခါးတွင် ခါးပတ်အပြားကြီးတစ်ခုပတ်ထားသည်။

ယင်းခါးပတ်တွင် ဓားရှည်တစ်လက်ကိုချိတ်ဆွဲထားသောကြောင့် သိုင်းသမားတစ်ဦးမှန်းသိသာပေသည်။ ထိုလူသည် အသတ်ခံရသောသူများ၊ အသတ်ခံရမည့်ဆဲဆဲ ရပ်တန့်နေရသည့်နေရာဘက်လှည့်၍ ဂါရဝပြုရှိခိုးလိုက်လေသည်။

ထို့နောက်…. ထိုလူသည် လူသတ်ကုန်းပေါ်မှဆင်းကာ ချန်ကျူးမြို့တော်ဆီသို့လျှောက်လှမ်းသွားလေသည်။

"တုံ…."

အုန်းမောင်းတစ်ချက်ခေါက်ပြီးသည့်အချိန်တွင် ချန်ကျူးမြို့သည် အိပ်မောကျစပြုနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်လမ်းမကြီးပေါ်၌ မြို့စားဂေဟာမှကိုယ်ရံတော်တပ်သားများသာကင်းလှည့်ရင်း သွားလာနေတတ်ပေသည်။ ယခုလည်း ကိုယ်ရံတော်တပ်သားငါးဦးသည် မင်းလမ်းမကြီးအတိုင်း စကားတပြောပြောနှင့်ကင်းလှည့်လာကြသည်။

တစ်ယောက်က အနည်းငယ်ချမ်းအေးသဖြင့် အရက်ဆိုင်တစ်ဆိုင်ကိုရှိုး၍ အရက်သောက်ရန်အကြံပြုလာသည်။

သို့သော် တစ်ဦးက ထိုသို့မဟုတ်ပေ။ ပန်းဂေဟာကိုသွား၍ အမျိုးသမီးတစ်ယောက်နှင့်စကားပြောရလျှင် ပို၍အရသာရှိမည်ဟု ပြောလာ၏။ သူတို့သည်ပြောပြီး ရယ်မောလာကြ၏။

ထိုစဉ်အခိုက် သူတို့၏ရှေ့မှဝတ်ရုံနက်ဝတ်ဆင်ပြီး မျက်နှာဖုံးစွပ်ထားသူသည် ပြောင်ပြောင်တင်းတင်းပင် ရပ်တန့်လိုက်သည်။

“ဟေ့… ဘယ်သူလဲ”

ကိုယ်ရံတော်တပ်သားငါးဦးထဲမှ တစ်ယောက်ကမေး၍ အားလုံးပြိုင်တူ ဓားများဆွဲထုတ်လိုက်ကြ၏။ သူတို့ ဓားကိုဆွဲထုတ်နေစဉ်မှာပင် အလွန်လျင်မြန်သောဓားတစ်လက်က လေမွှေ့မွှေ့သည့်အလား တဝီးဝီးဝှေ့ယမ်းသွားပြီး မန်ချူးကိုယ်ရံတော်သုံးယောက်မှာ တစ်ပြိုင်တည်း ပုံလျက်သားလဲကျသွား၏။

“အား….”

“အို… အား”

“အင့်….”

ကျန်နှစ်ယောက်က ပြေးဝင်လိုက်၏။ လျှပ်စစ်လက်သကဲ့သို့ ဓားရောင်က ဖွေးခနဲလက်သွားသည်။

“အား….”

“အင့်….”



နောက်ထပ်နှစ်ယောက် ပြိုင်တူပြိုလဲသွား၏။ ဖြစ်ပွားချိန်က ဘာမှမကြာလိုက်ဘဲ လူငါးဦး လမ်းမပေါ်တွင် သေဆုံးသွားတော့သည်။ ချန်ကျူးမြို့တွင် ကိုယ်ရံတော်တပ်သားငါးယောက် တစ်ညတည်း တစ်ပြိုင်တည်း အသတ်ခံလိုက်ရသည့်သတင်းသည် တစ်မဟုတ်ချင်းပျံ့နှံ့သွားတော့သည်။

လွန်ခဲ့သောဆယ်နှစ်ကျော်အချိန်က ချန်ကျူးမြို့သည် ရှုဝံကြွယ်ဂိုဏ်းသားများဝင်ရောက်တိုက်ခိုက်သဖြင့် မြို့တော်ပျက်လုခမန်းဖြစ်ခဲ့ရသည်။

ထိုစဉ် မန်ချူးဘက်မှအမြောက်အမြား သေကြေပျက်စီးသကဲ့သို့ ရှုဝံကြွယ်ဂိုဏ်းသားများလည်း သေဆုံးခဲ့ရ၏။ အချို့ဒဏ်ရာရရှိကာ ထွက်ပြေးကြသလို အချို့ကိုလည်းဖမ်းဆီးမိ၍ ထောင်ချထားခြင်းခံနေကြရ၏။

ထိုအချိန်တွင် ရှုဝံကြွယ်သည် ကွယ်ပျောက်လုနီးနီး ရှိသွားတော့သည်။ သို့သော် မနေ့တစ်နေ့က မန်ချူးရဲမက်ငါးဦးတိတိ ရက်စက်စွာအသတ်ခံရပြန်လေရာ ဘုရင့်နားတော်အထိ ပေါက်ကြားသွား၏။ ထိုအခါ နန်းရင်ဝန်ကြီး၏အမိန့်ဖြင့် မြို့စားကျိုကျူးအား ခေါ်ယူစစ်ဆေးပြီး နယ်ပြောင်းရန်အမိန့်ကျလာတော့သည်။

ထို့ကြောင့်…. မြို့စားကျိုကျူးသည် နေပြည်တော်သို့သွားရောက်ရမည်ဖြစ်သည်။ ကျိုကျူးသည် ကိုယ်ရံတော်တပ်သား လေးယောက်နှင့်အတူ နေပြည်တော်သို့သွားရန် ခရီးထွက်လာခဲ့သည်။

ရှေ့ဆုံးမှအလံကိုကိုင်လာသော မြင်းတစ်ကောင်၏နောက်တွင် မြင်းရထားတစ်စီးလိုက်ပါလာ၏။ ထိုမြင်းရထား၏နံဘေးမှ ကိုယ်ရံတော်တပ်သားလေးယောက်ကခြံရံလျက် လိုက်ပါလာခဲ့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှနေလုံးသည် ခေါင်းပေါ်တည့်တည့်ရောက်ရှိနေပြီဖြစ်၍ မွန်းတည့်ချိန်ဟုဆိုရပေမည်။ အပူရှိန်မြင့်မားခါစ အချိန်ဖြစ်သည်။ သို့သော် လူတစ်ယောက်သည် ထိုနေပူဒဏ်ကိုကြံ့ကြံ့ခံလျက် တောင်ကုန်းတစ်ခုပေါ်၌ရပ်တန့်နေ၏။

ထိုလူ၏မျက်နှာသည် တောင်ကုန်းပေါ်မှလှမ်းကြည့်လျှင်တွေ့မြင်နေရသောအဝေးသွား လမ်းမကြီးဘက်သို့မူထား၏။

နေရောင်ခြည်ကပူပြင်းနေသော်လည်း သူက ဂရုမစိုက်ပါ။

သူသည် အပျော့စား ဖဲသားအနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့်အပြင် အနက်ရောင်ခေါင်းစွပ်မျက်နှာဖုံးကိုလည်း စွပ်ထားသောကြောင့် မည်သူမည်ဝါမှန်းသိရှိရန်ခက်ခဲလှ၏။

သူ၏ခါးပတ်မှအရောင်တဖျပ်ဖျပ်လက်နေ၏။ ထို့ကြောင့် အဖိုးတန်ကျောက်မျက်များစီခြယ်ထားသည်မှာ သေချာနေသည်။ ခါး၌ချိတ်ဆွဲထားသည့်ဓားရှည်က သူ၏ခြေသလုံးအထိ ရောက်ရှိနေသောကြောင့် ထိုလူ၏ဓားသည် သာမန်ဓားထက် အနည်းငယ်ပို၍ရှည်ကြောင်းခန့်မှန်း၍ရ၏။

သူက အဝေးသွားလမ်းမကြီးဆီသို့သာ မျက်နှာမူငေးမောနေ၏။ သို့သော်လည်း သူသိပ်ကြာကြာမစောင့်လိုက်ရပါ။

လမ်းမကြီးပေါ်တွင် ဖုန်တထောင်းထောင်းနှင့်ပြေးလာနေသော မြင်းများနှင့်မြင်းရထားတစ်စီးကို တွေ့လိုက်ရသည်။

ထိုလူက ကျေနပ်သွားဟန်ဖြင့် တစ်ယောက်တည်း ခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။ ဤလမ်း ဤခရီး၌ ဤအချိန်လောက်တွင် ဤနေရာသို့ရောက်ရှိမည့်သတင်းကို သူကခဲယဉ်းစွာစုံစမ်းထားခဲ့ရသည်မဟုတ်လား။

၀၀၀၀



သစ်ပင်တစ်ပင်က လမ်းမပေါ်တွင် ကန့်လန့်ဖြတ်လဲကျနေသည့်အတွက် ရှေ့ဆုံးမှအလံကိုင်တပ်သားက မြင်းကိုရပ်တန့်လိုက်၏။ သူသည် နောက်သို့လှည့်ကြည့်၍....

"ဟော့... ဒီသစ်ပင် လာဖယ်စမ်း"

အလံကိုင်တပ်သားကြီးကအော်လိုက်သဖြင့် မြင်းရထားကိုခြံရံလိုက်ပါလာသော ကိုယ်ရံတော်တပ်သားလေးယောက်သည် မြင်းပေါ်မှခုန်ဆင်း၍ သစ်ပင်အားဖယ်ရှားလိုက်လေသည်။

ထိုစဉ် အနက်ရောင်ဝတ်စုံနှင့်လူက သူတို့၏အနီးသို့ ဣန္ဒြေရစွာဖြင့် တစ်လှမ်းချင်းလျှောက်လှမ်းလာ၏။

"မင်းတို့က ဘာလို့ ဒီလောက်လောနေကြတာလဲ... ဖြည်းဖြည်းပေါ့"

အလံကိုင်တပ်သားက အလံကိုမြင်းပေါ်တွင်ထိုးစိုက်၍ခုန်ဆင်းပြီး ထိုလူအနီးသို့လျှောက်သွား၏။

အလံကိုင်တပ်သားက ဓားကိုအသင့်ဆွဲထုတ်ထားသည်။

သူသည် အနက်ရောင်လူကိုကြည့်၍....

"မင်းဘယ်သူလဲ... ဘာကိစ္စလဲ"

အနက်ရောင်ဝတ်လူက ခစ်ခနဲတစ်ချက်ရယ်လိုက်သည်။

အလံကိုင်တပ်သားနှင့် ကိုယ်ရံတော်တပ်သားလေးယောက်မှာ အူကြောင်ကြောင်ဖြစ်သွားသည်။

အလံကိုင်တပ်သားက....

"ဟော့... မင်းကဘာလဲ ရူးနေတာလား"

"ခစ်... ခစ်"

အနက်ရောင်ဝတ်လူသည် သဘောကျသကဲ့သို့ တခစ်ခစ်ရယ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ကို တိုက်"

အလံကိုင်တပ်သားက အမိန့်ပေးလိုက်သည်နှင့် တပ်သားငါးယောက်က ဝိုင်းဝန်း၍တစ်ပြိုင်တည်းတိုက်ခိုက်သည်။

တဒင်္ဂအတွင်း ဓား,ဓားချင်းထိ၍ ပေါ်ထွက်လာသောအသံများ ဓားတို့သည် လေထဲ၌ ဖြတ်သန်းနေသည့်အသံများ ပေါ်ထွက်လာကာ ဆူညံသွားသည်။

အကြာကြီးမဟုတ်ပါ။ တစ်မှုဟုတ်ချင်း ငြိမ်သက်သွား၏။

အဖြေကား တပ်သားငါးဦး ပုံလျက်သားသေဆုံးသွားသောကြောင့်ဖြစ်သည်။

ဝဝဝဝ

မြင်းရထားတံခါး ရုတ်တရက်ပွင့်လာသည်။

မြင်းရထားပေါ်မှ လွှားခနဲခုန်ဆင်းလိုက်သည့်ကျိုကျုံးသည် သူ၏ရှေ့သို့ချက်ချင်းရောက်ရှိလာသောလူကို ငေးကြည့်မိလိုက်သည်။ မြို့စားကျိုကျုံး၏မျက်နှာတွင် သွေးရောင်မရှိတော့ပေ။ သူသည် ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်လိုက်လေသည်။

"ခစ်...."

အဝတ်နက်နှင့်လူက ခစ်ခနဲရယ်ပြန်သည်။

"ဟင်း... ဟင်း... မင်းက ငါ့လိုလူမျိုးကိုတောင် လုပ်ကြံဝံ့တယ်ပေါ့ဟုတ်လား"

ကျိုကျုံးသည် ဓားဖြင့်သုံးလေးချက်ဆက်၍ခုတ်လေသည်။

"ရှပ်... ရှပ်... ရှပ်"

ကျိုကျုံး၏ဓားကလေးကိုသာခုတ်မိနေ၏။ ကျိုကျုံးထိတ်လန့်သွား သည်။ ထိုစဉ် မြင်းလှည်းမောင်းသူတပ်သားသည် လွှားခနဲခုန်ဆင်းလိုက်သည်။



သို့သော် မြေပေါ်သို့မရောက်မီ အသက်ပျောက်သွားသည်ဟု ထင်လိုက်ရသည်။ အကြောင်းမှာ အနက်ရောင်လူ၏လက်မှဓားအတိုတစ်လက်ပြေးထွက်သွားသည်ကို ကျိုကျုံးပင်မြင်တွေ့လိုက်မည်မဟုတ်ပေ။

"အား...."

မြင်းရထားမောင်းသူ မထနိုင်တော့ပါ။ မြို့စားကျိုကျုံး၏နဖူးမှ ချွေးသီးချွေးပေါက်များကျလာသည်။

သိုင်းပညာအလွန်ထက်မြက်သောဤလူကို သူ လုံးဝယှဉ်နိုင်တော့မည်မဟုတ်မှန်းလည်း ရိပ်စားမိလာတော့သည်။

"မင်းဘယ်သူလဲ... ကျုပ်အပေါ်ရန်ငြိုးရှိလို့လား"

ဝတ်ရုံနက်နှင့်လူကခေါင်းညိတ်လိုက်သည်။

"သိပ်ရှိတာပေါ့ မြို့စားရယ်... မျိုးချစ်သိုင်းသမားတွေဟာ ခင်ဗျားတို့ မန်ချူးအားလုံးကိုသုတ်သင်မယ်ဆိုတာ မသိဘူးလား"

ကျိုကျုံးသည် ကြောက်ရွံ့နေသော်လည်း ဟန်လုပ်၍ရယ်လိုက်သည်။

"ဟား... ဟား... ဟား မင်းက မလောက်လေး မလောက်စားနဲ့ငါ့ကိုများ ကဲကွာ"

ကျိုကျုံးသည် သူ၏ဓားကိုဝင့်၍ သိုင်းကွက်ဆယ်ကွက်ခန့်အထိ ဆက်တိုက်ပင် တိုက်ခိုက်သည်။

သို့သော် တစ်ဖက်လူ၏ဝတ်ရုံကိုပင် မထိပါပေ။

ကျိုကျုံးမှာ အသက်အရွယ်ကကြီးရင့်ပြီမို့ မောပန်းလာသည်။ သူ၏ကြောက်ရွံ့စိတ်များသည် မျက်နှာပေါ်တွင် အထင်းသားပေါ်လာ၏။

ဝတ်ရုံနက်နှင့်လူက....

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီး ဆက်တိုက်ပါ... ကျုပ်က ဒီအတိုင်းသတ်ရမှာ ပျင်းတယ်ဗျ"

ကျိုကျုံး တုန်လှုပ်နေသည်။

"ငါကဘုရင်မင်းမြတ်ခေါ် လို့သွားရမှာ မင်းမသိဘူးလား"

ကျိုကျုံးက ငြိမ်းခြောက်ကြည့်သည်။

ဝတ်ရုံနက်နှင့်လူကရယ်လိုက်သည်။

"ဟား... ဟား... ဟား သိပါတယ်ဗျာ သိပါတယ်၊ ခင်ဗျားကို ချန်ကျူးမြို့နဲ့မထိုက်တန်တော့လို့ နယ်ပြောင်းတော့မှာဗျ၊ ခင်ဗျားက တရုတ်အမျိုးသားတွေကို ရက်ရက်စက်စက်သတ်ဖြတ်တယ်ဆိုတဲ့ သတင်းက ခင်ဗျားတို့ဘုရင်တောင် မကျေနပ်တော့ဘူးမဟုတ်လား၊ ဘာလို့ မကျေနပ်သလဲ သိလား"

ကျိုကျုံးငြိမ်နေ၏။ အမောဖြေနေသည်ဟုလည်းဆိုနိုင်၏။

ထိုလူက ဆက်ပြော၏။

"ဘာဖြစ်လို့မကျေနပ်သလဲဆိုတော့ သိပ်ပြီး ဖိနှိပ်လွန်းရင် တစ်နေ့ ဘုရင်ပါ ခွေးပြေးပြေးရတော့မယ်လေ၊ ဒါကြောင့် ခင်ဗျားကို အပြစ်ပေးမလို့ခေါ်တာ၊ ဒါပေမဲ့ ခင်ဗျားအပူမပါနဲ့... ဘုရင်က မသတ်စေရပါဘူး၊ နေပြည်တော်ကိုသွားရမယ့်ဒုက္ခကင်းသွားအောင် ကျုပ်ကပဲ...."

ဝတ်ရုံနက်နှင့်လူသည် သိပ်ပြီးကြာရှည်စကားပြောချင်ဟန် မရှိတော့ပေ။ သူ၏ဓားသည် မွန်းတည့်နေရောင်ခြည်အောက်တွင် လက်ခနဲဖြစ်သွားတော့သည်။

ချန်ကျူးမြို့စားကြီးကျိုကျုံးကား ငြိမ်းအေးသောနယ်မြေသို့ ရောက်ရှိသွားပြီတည်း။

ဝဝဝဝ



ထိုကိစ္စဖြစ်ပွားပြီး ဆယ့်ငါးရက်သာကြာသည်။

ချန်ကျူးမြို့တော်သို့ မြို့စားအသစ်တစ်ဦး အစားထိုးရောက်ရှိလာတော့သည်။ သူတို့သည် ချန်ကျူးမြို့ကို အုပ်ချုပ်ရေးတစ်မျိုးတစ်ဖုံပြောင်းလဲလိုက်၏။ ကျိုကျုံးလက်ထက်မှခန့်ထားသော မြို့စားဂေဟာ ကိုယ်ရံတော်တပ်သားများမှအစ အားလုံးကိုတခြားနေရာအသီးသီးသို့ပို့ ဆောင်လိုက်ပြီဖြစ်သည်။

ယခု ရောက်ရှိလာသောမြို့စားကြီးသည် အသက်အရွယ်အတော်ကြီးရင့်ပြီဖြစ်သည်။ အမည်မှာ ဖုံးလုကျန်းဟုသိရလေသည်။ မြို့စားကြီးဖုံးလုကျန်းသည် ချန်ကျူးမြို့မှသူဌေးသူကြွယ်ကြီးများ မြို့မိမြို့ဖများ မြို့မျက်နှာဖုံးများကိုခေါ်ယူ၍ညှိနှိုင်းပွဲပြုလုပ်သည်။

သူသည် မြို့သူမြို့သားများနှင့်တစ်သားတည်းနေလိုသည်။ မာန်မာနမရှိပါဟု ထုတ်ဖော်၍ပြောသည်။

ထိုအခါ မြို့သူမြို့သားအချို့မှာ စိတ်ချမ်းသာကြရသည်။ သဘောကောင်းသောမြို့စားကြီးဟု အသိအမှတ်ပြုလာကြသည်။

အုပ်ချုပ်ရေးပိုင်းမှ ကိုယ်ရံတော်တပ်သားများ အရာရှိကြီးများသာမက အရာရှိငယ်နှင့်တပ်သားတို့လည်း ကျိုကျုံးလက်ထက်ကကဲ့သို့ မောက်မာမှုများမရှိတော့ဘဲ တရားခံများကို အရမ်းကာရောဖမ်းဆီးခြင်းလည်းမရှိတော့ပေ။

ထိုအခါ ချန်ကျူးမြို့အေးချမ်းသာယာလာသည်ဟု ဆိုရမည်သာဖြစ်ပေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အကောင်းရှိလျှင် အဆိုးရှိရမည်ဟူသော နိယာမတရားကို လွန်ဆန်၍မရပါပေ။ မန်ချူးမြို့စားကြီးသည် အုပ်ချုပ်ရေးကို တစ်မျိုးတစ်ဖုံပြောင်းလဲထားသည်ဆိုရသော်လည်း သူ၏လူယုံတော်တပ်မှူးအချို့သည် မန်ချူးသစ္စာခံတရုတ်အမျိုးသားများဖြစ်နေကြသည်။

မြို့စားကြီးကသဘောကောင်းသော်လည်း အမျိုးသားအချင်းချင်း အာဏာပြရမှကျေနပ်သော တပ်မှူးတပ်ဗိုလ်အချို့တို့မှာ ချန်ကျူးမြို့ထဲ၌ အနည်းငယ်သောင်းကျန်း၍အာဏာပြချင်နေသည်။

မြို့စားကြီးဖုံးလုကျန်၏ကိုယ်ရံတော်ဝေ့ဟွားသည် အတော်ကလေးမူးနေသည်။ သူသည် အရက်သောက်နေရာမှ ရတနာအရောင်းအဝယ်လုပ်နေသောစားပွဲဆီသို့ မျက်စိရောက်နေသည်။

အရောင်တဖိတ်ဖိတ်တောက်ပနေသည့်ရတနာများကို သူငေးကြည့်နေမိခြင်းဖြစ်သည်။ ရတနာရောင်းသူလူငယ်သည် ဝယ်ယူသူတစ်ဦးအား သူ၏ရတနာများကိုပြသပြောဆို၍ ရောင်းချနေသည်။

ဝယ်သူသည် ရတနာတစ်ခုကိုဈေးတည့်၍ ငွေချေပြီး ထွက်သွားတော့၏။

ဝဝဝဝ

ကိုယ်ရံတော်ဗိုလ်မှူး၏ဝတ်စုံကို ဝင့်ကြွားစွာ ဝတ်ဆင်ထားသော ဝေ့ထွားသည် ရတနာကုန်သည်လေး၏စားပွဲဆီသို့ ရောက်ရှိလာသည်။ သူသည် ပတ္တမြားဖြင့်ပြုလုပ်ထားသောလည်ဆွဲတစ်ခုကို ကိုင်ကြည့်လိုက်သည်။

"ဒါက ဘယ်လောက်လဲကွ"

ရတနာရောင်းချသူသည် ဗိုလ်မှူးဝတ်စုံနှင့် ဝေ့ထွားအား



မော့ကြည့်လိုက်သည်။

"ဗိုလ်မှူးလိုချင်ရင် ကျွန်တော်က သုံးထောင်နဲ့ပဲ ရောင်းမှာပါ"

အမှန်စင်စစ် လည်ဆွဲသည် တစ်ထောင်ကျော်မျှသာတန်သော်လည်း ရတနာရောင်းသူလူငယ်က တမင်တကာပင် ဈေးကိုပို၍ပြောလိုက်ခြင်းဖြစ်သည်။

ဝေ့ထွားသည် လည်ဆွဲကိုအသေအချာကြည့်၍...

"မင်း မတရားမပြောပါနဲ့... ဒီပစ္စည်းက နှစ်ရာပဲတန်တယ်"

ရတနာရောင်းသူလူငယ်က ပြုံးလိုက်သည်။

"အဲဒီဈေးကတော့ လုံးဝမဖြစ်နိုင်ပါဘူး"

ဝေ့ထွားသည် လည်ဆွဲကို အလွန်အမင်း လိုချင်နေပုံရ၏။

ရတနာရောင်းသူကို တစ်ချက်ကြည့်၍...

"မင်းကို ငါကတန်ရာတန်ဈေးပေးထားတာ မင်းသိပ်ပြီးလောဘကြီးမနေပါနဲ့"

ရတနာရောင်းသူက ခေါင်းယမ်းလိုက်သည်။

"ကျွန်တော်က ရောင်းမှမရောင်းနိုင်ဘဲ"

ဝေ့ထွားကပြုံးလိုက်၏။

"ဒီမှာ ငွေနှစ်ရာတိတိပေးခဲ့မယ်... မကျေနပ်ရင်လဲ မတတ်နိုင်ဘူး"

ဝေ့ထွားသည် လည်ဆွဲကိုဆွဲယူ၍ ငွေနှစ်ရာကိုထုတ်ပေးလိုက်လေသည်။ ထိုအခိုက် အသက်သုံးဆယ်ခန့်ရှိ ခန့်ခန့်ချောချောလူတစ်ယောက်က စားပွဲနားသို့ရောက်ရှိလာသည်။

ထိုလူသည် ခရမ်းရောင်အင်္ကျီကိုဝတ်ဆင်ထားသည်။

"ဒီမှာ... သူ မရောင်းနိုင်တာကိုတော့ မတရား မယူပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝေ့ထွားၡ၏မျက်နှာမှာ ရဲခနဲဖြစ်သွားတော့သည်။ သူကဲ့သို့သောဗိုလ်မှူးတစ်ယောက်ကို လူကြားထဲတွင် ပြန်လည်ပြောဆိုခြင်းခံရသဖြင့်ဒေါသဖြစ်သွားသည်။

"အံမာ ညည်းက ဘာကောင်မို့လဲ"

ဝေ့ထွားသည် ခရမ်းရောင်လူငယ်ကို လက်ပြန်ရိုက်ချလိုက်သည်။ ခရမ်းရောင်လူ မှာရှောင်လိုက်သော်လည်း ဧက်ပိုးကိုရိုက်မိသွားသည်။ ဝေ့ထွားသည် အားမရသေးဘဲ ခရမ်းရောင်အင်္ကျီစကိုဖမ်းဆွဲလိုက်ပြန်သည်။ ရုတ်တရက် ခရမ်းရောင်လူ၏လက် မြောက်တက်သွားပြီး ဝေ့ထွား၏မျက်နှာကိုဖြတ်ရိုက်လိုက်သည်။

"ဖြန်း..."

ဝေ့ထွားအဖို့ ထိထိမိမိကြီးခံလိုက်ရသည်။ ခါးကြားမှဓားကိုလျင်မြန်စွာ ဆွဲထုတ်လိုက်၏။

ထိုအခိုက် ရတနာကုန်သည်လေးက ကြားမှဝင်၍...

"ကျွန်တော့်ကြောင့် ခုလိုဖြစ်ရတာ တောင်းပန်ပါတယ်၊ မိတ်ဆွေကိုလဲ ကျွန်တော်ကတောင်းပန်ပါတယ်"

"ဒီကောင်ကဝင်ပြီး လူပါးဝတာ မင်းဘယ်ကလဲ"

ဝေ့ထွားက မကျေနပ်ဘဲ ခရမ်းရောင်လူကိုသာမဲနေ၏။

"ဗိုလ်မှူးရယ်... အဲဒီပစ္စည်းကိုနှစ်ရာနဲ့ရောင်းပါတယ်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါနဲ့တော့ဗျာ"

လည်ဆွဲကို ရတနာကုန်သည်က နှစ်ရာထည်းနှင့်ကျေကျေနပ်နပ်ရောင်းသည်ဆို၍ ဝေ့ထွားမှာ စိတ်ကျေနပ်သွားသည်။

သို့သော် ဝေ့ထွားသည် ခရမ်းရောင်လူငယ်ကို သေချာစူးစိုက်ကြည့်ပြီးမှ ဆိုင်ထဲက ထွက်သွားလေသည်။

၀၀၀၀



ရတနာကုန်သည်၏အမည်မှာ စီးဝမ်ဖြစ်လေသည်။ စီးဝမ်သည် သူ့ဘက်မှဝင်ရောက်ပြောဆိုပြီး ဗိုလ်မှူးတစ်ယောက်ကိုပင် အံတု၍ ပြန်ထိုးသောခရမ်းရောင်နှင့်လူကို ကြည့်လိုက်သည်။ ထိုလူသည် စားပွဲတစ်လုံး၌ပြန်လည်ရောက်ရှိနေပြီး အရက်ပြန်သောက်နေသည်ကိုတွေ့ရသည်။

စီးဝမ်သည် သူ၏ရတနာများကို ပဝါဖြင့်ပြန်ထုပ်၍သိမ်းလိုက်ပြီး ထိုလူ၏စားပွဲသို့လျှောက်သွားသည်။

"အစ်ကိုက ကျွန်တော့်ကြောင့် ရန်ဖြစ်ရတာ စိတ်မကောင်းပါဘူး"

ခရမ်းရောင်နှင့်လူသည် စီးဝမ်အားမော့ကြည့်၍...

"ကိစ္စမရှိပါဘူး... ဒါနဲ့ မင်းက ဘာဖြစ်လို့ လည်ဆွဲတစ်ခုလုံးကို နှစ်ရာထဲနဲ့ရောင်းလိုက်ရတာလဲ"

စီးဝမ်ကပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးအစ်ကိုရယ်... အရှုံးတော့ရှိတာပေါ့၊ ဒါပေမဲ့ ကျွန်တော်က သူနဲ့ရန်ဖက်မဖြစ်ချင်ဘူး"

ခရမ်းရောင်လူသည် အရက်တစ်ခွက်ကိုကုန်စင်အောင် မော့ချလိုက်လေသည်။

"မင်းဈေးရောင်းမစားနဲ့... ဘုရားဒကာ ကျောင်းဒကာ လုပ်စား"

စီးဝမ်ကရယ်လိုက်သည်။

"ဟုတ်တယ်... ကျွန်တော်က အဲ့ဒီအလုပ်နဲ့ဆို အကျိုးပေးမလားမသိဘူး"

ခရမ်းရောင်လူသည် စီးဝမ်ကို သေချာကြည့်လိုက်သည်။ လူငယ်တစ်ယောက်ဖြစ်သည့်ပြင် ကဗျာစာပေသမားရုပ်ပေါက်နေ၍

www.burmeseclassic.com

www.burmeseclassic.com



သည်လိုမျိုးဈေးရောင်းစားလျှင် အနိုင်ကျင့်သည့်လူတွေသာ များမည်ဟု မှတ်ချက်ချလိုက်လေသည်။

"ဒါထက် မင်း ဘယ်နယ်ကလာရောင်းတာလဲ"

"ကျွန်တော်က တောင်ပိုင်းကကုန်သည်ပါ"

"မင်းက အဖော်မပါဘူးလား"

"ဟုတ်ကဲ့... မပါဘူးခင်ဗျာ၊ ကျွန်တော်က တစ်ယောက်တည်းပဲ"

ခရမ်းရောင်နှင့်လူက စိတ်ပျက်သွားဟန်ဖြင့်....

"အင်း... မင်းတော့ တစ်နေ့နေ့ ဒုက္ခကောင်းကောင်းတွေ့လိမ့်မယ်"

"ဟုတ်ကဲ့... ကျွန်တော် နည်းနည်းဆင်ခြင်ရတော့မှာပေါ့ အစ်ကိုရာ"

စီးဝမ်သည်ထိုင်ရာမှထ၍နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်ကိုခွင့်ပြုပါဦး... ဒါထက် အစ်ကို့နာမည်လေး မသိရဘူးလား"

ခရမ်းရောင်လူက....

"စုဟုန်လင်းလို့ခေါ်တယ်"

"ဟုတ်ကဲ့... မှတ်ထားပါ့မယ်"

ရတနာကုန်သည်စီးဝမ်သည်နှုတ်ဆက်ကာ ဆိုင်ထဲမှထွက်သွားတော့၏။

၀၀၀၀



စုဟုန်လင်း....

သူသည် လွန်ခဲ့သောဆယ့်သုံးနှစ်ကျော်ကျော်ကတည်းက နဂါးမယ်တော်နှင့်အတူ သိုင်းပညာသင်ကြားနေသူဖြစ်၏။ သူသည် လွန်ခဲ့သောခြောက်လကမှ နဂါးမယ်တော်နှင့်ခွဲခွာခဲ့ခြင်းဖြစ်သည်။ သူသည် နဂါးမယ်တော်နှင့်ဆယ်နှစ်သာနေမည်ဟု ကတိပေးခဲ့သော်လည်း နဂါးမယ်တော်မှာ မကျန်းမမာဖြစ်နေ၍ စောင့်ရှောက်နေရသည်။ သို့သော် နဂါးမယ်တော်မှာ ကျန်းမာရေးက ကောင်းလာသည်မရှိဘဲ တစ်နေ့တခြားဆိုးရွားလာပြီး သေဆုံးသွားတော့သည်။

ထိုအခါ သူသည် နဂါးမယ်တော်နှင့်နေခဲ့ရသည်မှာ ဆယ့်သုံးနှစ်တိတိဖြစ်ခဲ့တော့သည်။ သူသည်ခြောက်လလုံးလုံး ဆရာထုပင်းတို့သတင်းကိုစုံစမ်းသော်လည်း တိတိကျကျ မရရှိသေးပေ။

တစ်ဖန် သူသည် တစ်ချိန်ကလန်စီကျင်းနေခဲ့သော တိယိကျိုတို့၏ဥယျာဉ်သို့သွားခဲ့ပါသော်လည်း ဥယျာဉ်ခြံတစ်ခုလုံး တောဖြစ်နေပြီး အဖမ်းခံထားရသည်ဟုကြားသဖြင့် သူသည် နောက်ဆုံး၌ ချန်ကျူးမြို့ ပန်းဂေဟာတည်းခိုခန်းသို့ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် ပန်းဂေဟာသို့လာရောက်ရခြင်းမှာ တစ်ချိန်က ရင်းနှီးခဲ့သောစွမ်းရှီဆိုသည့်အမျိုးသမီးကို တွေ့လိုသောကြောင့် ဖြစ်ပေသည်။

သို့သော် စွမ်းရှီသည် သူမ၏ဆွေမျိုးများထံသွားနေသည်။

မကြာမီပြန်လာမည်ဟု ကြားသိရသောကြောင့် သူက ပန်းဂေဟာတွင် စွမ်းရှီအား စောင့်ဆိုင်းတည်းခိုနေခဲ့ရာမှ စောစောက ရတနာကုန်သည်နှင့်မန်ချူးဗိုလ်မှူးတို့စကားများသည်ကို ဝင်ရောက်ပြောဆိုမိခြင်းဖြစ်ပေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ယခင်က မြို့စားကြီးကျိုကျုံးဂေဟာ....

ယခု မြို့စားကြီးဖုန်းလုကျန်း၏ဂေဟာ....

နေရာဒေသနှင့်အဆောက်အဦးများထူးခြားသွားမှု မရှိသော်လည်း အရှင်သခင်ကတော့ ပြောင်းလဲသွားပြီဖြစ်သည်။

အပြင်ဘက်တွင် သစ်သားဝင်းနံရံနှင့်အတွင်းဘက်မှ အုတ်ဝင်းနံရံတို့မှာ ပြောင်းလဲခြင်းမရှိပါ။ အသစ်အသစ်များဖြင့် မွမ်းမံထားသဖြင့် ယခင်ကကဲ့သို့ပင် ခိုင်ခံ့လျက်ရှိနေပေသည်။

ယခု ထိုနံရံများ၏အပြင်ဘက်တွင် မည်းနက်သောအရိပ်တစ်ခုသည် ခိုကပ်ရပ်တန့်လျက်ရှိနေပေသည်။ မြို့စားဂေဟာကြီးအတွင်း မီးများ ထိန်ထိန်လင်းနေသော်လည်း ဝင်းနံရံအပြင်ဘက်တွင် မှောင်မည်းလျက်ရှိနေသည်။

အမှောင်ထုကိုအားကိုး၍ ခိုကပ်နေသောအရိပ်တစ်ခုသည် ထိုဝင်းနံရံကြီးများကိုကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်သည်။

ထိုသူသည် အချိန်ကြာမြင့်စွာ ရပ်တန့်နေပြီးမှ ရှေးဦးစွာ သစ်သားဝင်းနံရံကို ပေါ့ပါးစွာဖြင့် ခုန်ဝင်လိုက်သည်။ ထို့နောက် အတော်မြင့်မားသောအုတ်နံရံကို မော့ကြည့်လိုက်၏။ သို့သော် သူသည် ပေါ့ပါးစွာပင် အုတ်နံရံကိုကျော်တက်လိုက်နိုင်၏။

သူသည် မြို့စားဂေဟာခြံဝင်းအတွင်းသို့ရောက်သွားသည့်တိုင် အမှားတစ်စုံတစ်ရာမျှ မတွေ့ရှိသေးပါ။

ဝဝဝဝ



မြို့စားကြီး၏ညှဲ့ခန်းထဲတွင်....

မြို့စားကြီးဖုံးလုကျန်းသည် ဝေ့ထွားစသော သူ၏ကိုယ်ရံတော်များနှင့်စကားပြောဆိုနေသည်။

ထိုစဉ်အခိုက်....

"ဝုန်း...."

ညှဲ့ခန်းတံခါးမကြီး အရှိန်ပြင်းစွာဖြင့် ပွင့်ထွက်သွားသည်။

အနက်ရောင်ဝတ်စုံနှင့် မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက် ရုတ်ခြည်းခုန်ဝင်လာရာ ထိုလူအား ကိုယ်ရံတော်တပ်သားများက ဝိုင်းရံလျက်သားဖြစ်သွားလေသည်။

ဝတ်ရုံနက်နှင့်လူ၏ညာဘက်၌ ဓားများအသင့်ကိုင်ထားသည့်ရဲမက်ဆယ်ယောက်ခန့် ဘယ်ဘက်၌လည်း ထိုနည်းတူစွာရှိနေသည့်အပြင် တံခါးဝတွင်လည်း အသင့်စောင့်ဆိုင်းနေသည့် လက်နက်ကိုင်တစ်စုကရှိနေသည်။

သူ၏ရှေ့တည့်တည့်တွင် ဇိုလ်မှူးနှစ်ယောက်ခြံရံလျက် မြို့စားကြီးက အလယ်မှရပ်တန့်ကာ ဝတ်ရုံနက်နှင့်လူကို မယုံကြည်နိုင်သလိုငေးကြည့်နေမိသည်။

ဝတ်ရုံနက်နှင့်လူ ညှဲ့ခန်းထဲအထိ ဝင်ရောက်လာနိုင်သည်ကို အံ့ဩနေဟန်တူ၏။ ဤကဲ့သို့ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဝင်ရောက်နိုင်သည်မှာ သာမညပုဂ္ဂိုလ်တစ်ဦးမဖြစ်နိုင်ဟု မြို့စားကြီးက ထင်လိုက်၏။

မြို့စားကြီးဖုံးလုကျန်းသည် မန်ချူးအမျိုးအနွယ်ပင်ဖြစ်သော်လည်း အသက်ကကြီးပြီမို့ ဉာဏ်အမြော်အမြင်ရှိ၏။ ထို့ပြင် ချန်ကျူးမြို့၌ဖြစ်ပွားခဲ့သည့်သာဓကများက မြို့စားကြီးဖုံးလုကျန်းကို အစစအရာရာဆင်ခြင်ရန် သတိပေးသကဲ့သို့ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို... မိတ်ဆွေက ကျုပ်ရဲ့ညွှန်ခန်းထဲကိုတောင် ရောက်အောင်လာနိုင်တဲ့ လူစွမ်းကောင်းတစ်ယောက်ပါလား၊ မိတ်ဆွေရဲ့ အမည်နာမလေးများ မသိရဘူးလား"

မြို့စားကြီးသည် ပါးစပ်မှချိုသာစွာပြောနေ၏။

သူ၏စိတ်ထဲတွင် ဤပုဂ္ဂိုလ်အား ယခုအခြေအနေတွင် အားလုံးက တိုက်ခိုက်ဖမ်းဆီးပါက မလွဲမသွေမိရမည်ဟုယုံကြည်ထားပြီးဖြစ်သည်။ တပ်မှူးတို့သည်လည်း လုံးဝသတိလက်မလွှတ်ဘဲ စောင့်ကြည့်နေသည်ကိုတွေ့ရသည်။

မျက်နှာဖုံးနှင့်လူသည်....

"ခစ်...." ခနဲရယ်လိုက်သည်။ ချက်ချင်းပင် မြို့စားကြီးမှာ မျက်နှာကွက်ခနဲပျက်သွား၏။ အဘယ်ကြောင့်ဆိုသော် မြို့စားကြီးကြားသိရသည့်မှာ ကျိုကျုံးအသတ်ခံရစဉ်က မသေမရှင်ဖြစ်နေသော ရဲမက်တစ်ဦးက ငင်းမသေမီ....

"လူသတ်သမားက အနက်ရောင်ဝတ်စုံနဲ့ ခစ်ခနဲခစ်ခနဲရယ်တတ်တဲ့အရူးတစ်ယောက်လိုပဲ၊ လူကိုမမြင်ရဘူး"

ဟုသိထားသောကြောင့် ယခုကဲ့သို့ ခစ်ခနဲရယ်သံကြားရသောအခါ မြို့စားကြီးမျက်နှာပျက်သွားခြင်းဖြစ်သည်။

"ကိုယ်ပျောက်လူသတ်သမား"

ဟု စိတ်ထဲမှရေရွတ်မိလိုက်သည်။

"မိတ်ဆွေ ဘာကိစ္စရှိတယ်ဆိုတာပြောပါ"

မြို့စားကြီးကမေးလိုက်၏။

ဝတ်ရုံနက်နှင့်လူက ခစ်ခနဲတစ်ချက်ရယ်လိုက်ပြီးမှ....

"မြို့စားကြီးကဘယ်ဆိုးလို့လဲ... ကျုပ်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံသားပဲ"



မြို့စားကြီးဖုံးလုကျန်းက သူ့ကိုစူးစိုက်ကြည့်ကာ....

"မိတ်ဆွေက ကျိုကျုံးကိုတောင် သတ်ခဲ့သေးတယ် မဟုတ်လား"

ဝတ်ရုံနက်နှင့်လူက မဆိုင်းမတွခေါင်းညိတ်လိုက်သည်။

"သိပ်မှန်တာပေါ့... သူတို့က သေသင့်နေတာကြာပြီလေ"

ဖုံးလုကျန်းသည် ဤသို့ဝန်ခံ၍ရဲရဲဝံ့ဝံ့ပြောကြားသည့်လူမျိုးကို ဤတစ်ကြိမ်သာမြင်ဖူးသည်။

"ဒီမှာ မိတ်ဆွေ ကျုပ်ရဲ့ဂေဟာထဲမှာ မင်းကိုဝိုင်းရံထားတဲ့လူတွေကမနည်းဘူးဆိုတာလဲ သတိထားပါဦး"

"ခစ်... ခစ်"

ဝတ်ရုံနက်နှင့်လူက ရယ်လိုက်ပြန်သည်။

ပြီးမှ သူကဆက်၍....

"ကျုပ်က သေရမှာမကြောက်လို့ ဒီကိုဝင်လာတယ်ဆို ရှင်းမနေဘူးလား"

ထိုစဉ် ရုတ်တရက် ငွေထွားကမျက်ရိပ်ပြလိုက်သဖြင့် ရဲမက်နှစ်ယောက်ဝဲယာညှပ်ပြီး ဓားဖြင့် ရုတ်တရက်ထိုးသွင်းလိုက်သည်။

"ဗိုး...."

"အား...."

"အွန့်...."

အဖြစ်အပျက်က လျင်မြန်လွန်းလှသည်။ သူ၏ဝဲယာမှ နှစ်ယောက်ပြိုင်တူတိုက်ခိုက်တော့မည်ကို သူကသိထားသည်။ သူသည် အချိန်ကိုစောင့်ပြီးမှ ထုပ်တန်းပေါ်သို့ ခုန်လိုက်သည်။

ထိုအခါ ဓားကိုထိုးသွင်းလိုက်သောလူနှစ်ယောက်သည် အချင်းချင်းထိုးမိ၍ ရင်ပွင့်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံနက်နှင့်လူသည် စောစောကနေရာနှင့်နှစ်ပေအကွာသို့ ပြန်ကျလာ၏။ အားလုံးမှာ မှင်သက်မိသလိုဖြစ်သွားကြ၏။

မြို့စားကြီးသည်အံကြိတ်၍ လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။ မြို့စားကြီးသည် ဝေ့ထွားအား အပြစ်တင်သောမျက်လုံးဖြင့် တစ်ချက်ကြည့်မိလိုက်၏။ ဝေ့ထွား ငြိမ်သွား၏။

ဝတ်ရုံနက်နှင့်လူက အပြင်သို့ဆွဲထုတ်သွားသောအလောင်းများကိုမေးငေါ့ပြရင်း....

"အဲ့ဒါ ဘယ်သူ့ပယောဂနဲ့သေရတာလဲမြို့စားကြီး"

မြို့စားကြီးဖုံးလုကျုန်း ပါးစပ်ပိတ်ထားလိုက်၏။

ဝတ်ရုံနက်နှင့်လူကဆက်၍....

"ခုနေခါ ကျုပ်သေမယ်ဆိုရင်တောင် အရှုံးမရှိတော့ဘူး၊ တစ်ယောက်နဲ့နှစ်ယောက်ဖြစ်သွားပြီ"

ဖုံးလုကျုန်းက သူ့ကိုစေ့စေ့ကြည့်ကာ....

"ခင်ဗျား ဘာကိစ္စနဲ့လာတယ်ဆိုတာပြောသင့်ပြီနဲ့တူတယ်"

ဝတ်ရုံနက်နှင့်လူက....

"ကျုပ်ရောက်ကတည်းက မေးသင့်တဲ့မေးခွန်းပဲ"

"အခုပြောပါ"

ဝတ်ရုံနက်နှင့်လူက....

"ခင်ဗျားတို့ပြောတော့ တရားမျှတစွာအုပ်ချုပ်ပါတယ်၊ မတရားမလုပ်ပါဘူးဆိုပြီး နောက်ကွယ်ရာမှာ ပြည်သူပြည်သားတွေကိုဓားပြတိုက်နေတာ ကောင်းသလား"

ထိုစကားကြောင့် ဖုံးလုကျုန်းဒေါသထွက်သွား၏။

"မင်းက ဓားပြလို့ ဘယ်သူ့ကိုပြောတာလဲ"

"ခင်ဗျားတို့ကိုပြောတာ"



"ငါက ဘယ်သူ့ဆီကဓားပြတိုက်နေလို့လဲ"

ဝတ်ရုံနက်နှင့်လူက....

"ခင်ဗျားတပည့်တိုက်တာကို ခင်ဗျားက မဆိုင်ဘူးလို့ပြောချင်သလား"

မြို့စားကြီးသည် သူ့ငယ်သားအားလုံးကိုကြည့်၍....

"မင်းဘာကိုဆိုလိုတာလဲ... ဘယ်သူလဲ ပြော"

ဝတ်ရုံနက်နှင့်လူက....

"ခင်ဗျားတပည့်တွေထဲက လည်ဆွဲရတနာ ဘယ်သူဓားပြတိုက်ပြီးဝယ်ခဲ့သလဲ မေးကြည့်"

ထိုစကားကြောင့် ဝေ့ထွား ချက်ချင်းမျက်နှာပျက်သွား၏။

"ဟော့... သူပြောတာဟုတ်သလား"

ထိုစဉ် ဝေ့ထွားကရတနာလည်ဆွဲကိုထုတ်၍....

"ငါက တန်ရာတန်ဈေးနဲ့ဝယ်ခဲ့တာပဲ၊ ဘာဖြစ်သလဲ"

ဝတ်ရုံနက်နှင့်လူက ရယ်လိုက်၏။

"ကဲ... မြို့စားကြီး အဲဒါဘယ်လောက်တန်သလဲ"

ဖုံးလုကျုန်းသည် ရတနာလည်ဆွဲကိုလှမ်းယူ၍ အသေအချာကြည့်ရှုနေ၏။

"အင်း... နှစ်ထောင်နီးပါးတော့တန်ပါလိမ့်မယ်"

ဝတ်ရုံနက်နှင့်လူက ခေါင်းညိတ်လိုက်၏။

"မြို့စားကြီးမဆိုးဘူး... အမှန်အတိုင်း ပြောတတ်ပြီး သမာဓိရှိပုံလဲရတယ်၊ ဒါကိုတော့ ကျုပ်လေးစားပါတယ်"

သူသည် စကားကိုခေတ္တဖြတ်ပြီးမှ....

"အဲဒီပစ္စည်းကို နှစ်ရာတည်းပေးပြီး အတင်းအဓမ္မပို့လာတာ ဓားပြတိုက်တာနဲ့မတူဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက ငွေထွားၡ၏မျက်နှာကိုစိုက်ကြည့်လိုက်သည်။

ငွေထွား မျက်နှာပျက်နေ၏။

သို့သော် သူက ဂရုမစိုက်သကဲ့သို့....

"ရောင်းတဲ့လူကရောင်းလို့ ဝယ်လာတာပဲ... မင်းက ဘာပြုလို့ မတရားဘူးလို့ဆိုချင်ရတာလဲ"

"ဒါဖြင့်ကောင်းပြီ၊ ကျုပ် သုံးရာပေးမယ်၊ ပြန်ရောင်းမလား"

ငွေထွားပါးစပ်ပိတ်နေသည်။

"လေးရာပေးမယ်ဗျာ"

မြို့စားကြီးက....

"အဲဒါကို ခင်ဗျားကမကျေနပ်လို့လာတာလား"

"ကျုပ်မျက်စိရှေ့မှာ ဒါမျိုးလုပ်နေတာကိုကျေနပ်ရမှာလား"

မြို့စားကြီးသည် ငွေထွား မတရားလုပ်လာမှန်း ရိပ်စားနေ၏။ သို့သော် ငွေထွားအား....

"မင်း ဘယ်လိုရှင်းချင်သလဲ... မင်းအတွက်နဲ့ အခု အသက်နှစ်ချောင်းသေသွားရပြီ"

ငွေထွားက ရှေ့သို့နှစ်လှမ်းမျှတိုးလိုက်လေသည်။

"ဟေ့ကောင်... မင်းငါ့ကိုမကျေနပ်ရင် ဓားထုတ်လိုက်... သိုင်းပညာချင်းဖလှယ်ကြတာပေါ့"

ဝတ်ရုံနက်နှင့်လူက ခစ်ခနဲရယ်လိုက်သည်။

"အဲ့ဒီအသံမျိုးမကြားရပါ့မလားလို့စောင့်နေတာ၊ ဒါပေမဲ့ ကျုပ် မြို့စားကြီးကိုမေးပါရစေ၊ အနိုင်အရှုံးကဘယ်လိုလဲ"

"ဘာလဲ... မင်းကို အားလုံးကဝိုင်းပြီး တိုက်မှာစိုးလို့လား"

"ကျုပ်ကိုအဲ့ဒီလိုသိက္ခာမချပါနဲ့ .... ကျုပ်ကိုအားလုံးကဝိုင်းတိုက်စေချင်လို့ပြောနေတာ"



ငွေထွားကဝင်၍....

"အဲဒီစကားက ငါ့သိက္ခာကျတယ်... မင်းနဲ့ငါနဲ့ နှစ်ယောက်ချင်းပဲ"

"ဒါဆို ကျုပ်ကဓားမထုတ်တော့ဘူး"

ဝတ်ရုံနက်နှင့်လူသည် သူ့စကားအတိုင်းပင် ငွေထွားအားသည်အတိုင်း ရပ်ကြည့်နေလိုက်သည်။ ငွေထွားသည် သူ၏ဓားကိုဆွဲထုတ်ပြီးသည်နှင့်ငါးချက်တိတိ ဆက်၍ခုတ်လေသည်။

ဝတ်ရုံနက်နှင့်လူသည် လက်နက်မဲ့ဖြင့် ပြန်လည်ခုခံလိုက်သည်။ ငွေထွား တွေသွားသည်။ လွယ်လွယ်ကူကူနှင့်အနိုင်ရမည်မဟုတ်မှန်း ရိပ်စားမိသလို ရန်သူက ဓားမကိုင်သည်ပင် သူ့ကံကောင်းသည်ဟုထင်မြင်မိလေတော့သည်။

သူသည် ဒုတိယတိုက်ကွက်တစ်မျိုးပြောင်း၍ ခုန်ဝင်ကာ သူ၏ဓားကိုမမြင်ရလောက်အောင်ပင် ငွေယမ်းတိုက်ခိုက်ခြင်းပြုလေသည်။ မြို့စားကြီးသည် ဝတ်ရုံနက်နှင့်ကိုယ်ပျောက်လူသတ်သမားမှာ ဒီတစ်ကြိမ်သေပြီဟုထင်မှတ်လိုက်သည်။ သို့သော် သူထင်ထားသကဲ့သို့ဖြစ်မလာပါ။ ဝတ်ရုံနက်နှင့်လူသည် ရှောင်ရင်းတိမ်းရင်းမှ ငွေထွားကိုကြည့်၍ ခစ်ခနဲရယ်လိုက်လေသည်။

ငွေထွားဒေါသထွက်သွား၏။ ဒေါသဖြင့် ငါးချက်ခန့်ဆက်တိုက်ပြန်သည်။ ထိုအခါ သူ၏ဒေါသကြောင့် ဟာကွက်များကို တစ်ဘက်သူ သိရှိသွားသည်။

ဝတ်ရုံနက်နှင့်လူသည် ငွေထွားက ရင်ညွန့်တိတိဆီသို့ ထိုးသွင်းလိုက်သောဓားကို ခန္ဓာကိုယ်အနည်းငယ်လိမ်ပြီး လက်ကောက်ဝတ်ကို မိမိရရဆုပ်ကိုင်၍လိမ်ချိုးလိုက်ရာ သူ့ဆီသို့ဦးတည်နေသောဓားသည် ငွေထွား၏ဝမ်းဗိုက်ဆီသို့ ဦးတည်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဓားရိုးမှ အသားဆုတ်ပြီး တွန်းလိုက်ရာ ဓားဦးသည် ဇော်ထွား၏ဝမ်းဗိုက်ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားတော့သည်။

"အား..."

ဇော်ထွားသည် မျက်လုံးများပြူးကျယ်ကာ ဝတ်ရုံနက်နှင့်လူကို မယုံကြည်နိုင်သကဲ့သို့ ငေးကြည့်ရင်း လဲကျသွားတော့သည်။ ထိုအခါ ကျန်သောစစ်သည်များက ရုတ်တရက် ဓားဆွဲထုတ်လိုက်ကြသည်။ မြို့စားကြီးက....

"ဟေ့... အားလုံးရပ်"

ဟုတားမြစ်လိုက်၏။

မြို့စားကြီးက မည်သို့မည်ပုံပြောမည်ကို ဝတ်ရုံနက်နှင့်လူက ဂရုမစိုက်တော့ပါ။ သူသည် ရဲမက်များအလယ်မှပင် ခြေလှမ်းမှန်မှန်နှင့်လျှောက်သွား၏။

ဂေဟာအပြင်ဘက်သို့ရောက်ရှိသည်နှင့်အုတ်နံရံကိုခုန်၍ ကျော်တက်လိုက်လေသည်။

ထို့နောက် အမှောင်ထုထဲကွယ်ပျောက်သွားတော့၏။

၀၀၀၀



ကိုယ်ပျောက်သိုင်းသမား....

ထိုနာမည်သည် ယခင်က သိပ်ပြီးမကျော်ကြားသော်လည်း ယခုအခါ အတော်ကျော်ကြားလာပြီဖြစ်လေသည်။ မြို့စားဂေဟာတွင်ဖြစ်ပွားသောကိစ္စသည် တစ်စတစ်စဖြင့် ချန်ကျူးတစ်မြို့လုံး ပျံ့နှံ့သွားသည်။ ကိုယ်ပျောက်သိုင်းသမားသည် မြို့စားဂေဟာထဲအထိ ဝင်ရောက်၍ ဗိုလ်မှူးဇော်ထွားအား သတ်ဖြတ်သွားသည်မှာ ဖုံးဖိထား၍မရအောင်ပင် ကျော်ကြားသွားလေသည်။

ကိုယ်ပျောက်သိုင်းသမားသည် တိမ်မြုပ်သွားသော ရှုဝံကြွယ်ဂိုဏ်းမှ ပြန်လည်ထွက်ပေါ်လာခြင်းလော။ အချို့က ဤအတိုင်းပင် ထင်မှတ်ထားကြသည်။

အဘယ်ကြောင့်ဆိုသော် ကိုယ်ပျောက်သိုင်းသမားသည် အခြားလူမျိုးကိုမသတ်ဘဲ မန်ချူးတို့ကိုသာ သတ်ဖြတ်နေသောကြောင့်ဖြစ်သည်။ ကိုယ်ပျောက်သိုင်းသမားဟု အမည်တွင်လာခြင်းမှာ လူသတ်ကာနီးတွင် လူကိုမမြင်ရဘဲ တခစ်ခစ်နှင့်ရယ်သံကိုသာ ကြားရသောကြောင့်ဖြစ်လေသည်။

မြို့စားဂေဟာတွင်ဖြစ်ပွားသောကိစ္စနှင့်ပတ်သက်၍ မန်ချူးစုံစမ်းစစ်ဆေးရေးအရာရှိတို့သည် ရတနာကုန်သည်ကိုလိုက်လံရှာဖွေနေကြလေသည်။ သူတို့သည် ဈေးလမ်းမကြီး၏ဆိုင်တစ်ဆိုင်တွင် ရဟာနာရောင်းဝယ်နေသောစီးဝမ်နှင့်တွေ့ဆုံလေသည်။

စုံစမ်းရေးအရာရှိသည် အသက်ငယ်ငယ်ပင်ရှိသေးသည်။ သူသည် စီးဝမ်ကိုတွေ့လိုက်ရသောအခါ အလွန်အမင်းစိတ်ဓာတ်ကျသွားတော့သည်။ သူ၏စိတ်ထဲတွင် ကိုယ်ပျောက်သိုင်းသမားသည် ရတနာကုန်သည်များဖြစ်လေမလားဟု တွေးထင်ထားရာမှ ရတနာကုန်သည်စီးဝမ်မှာ ကဗျာစာပေသမားတစ်ယောက်ပုံစံနှင့်တူသည့်

www.burmeseclassic.com

www.burmeseclassic.com



အပြင် နွဲ့နွဲ့နှောင်းနှောင်းနှင့်လှုငယ်လေးတစ်ဦးဖြစ်နေသောကြောင့်ပင်။

"မနေ့က မောင်ရင့်ဆီက ငွေထွား လည်ခွဲလာဝယ်တော့ မောင်ရင်နဲ့ ဘာဖြစ်သေးသလဲ"

စီဝမ်းကပြန်စဉ်းစား၍....

"ဪ... ဘာမှမဖြစ်ပါလား၊ ဗိုလ်မှူးကြီးက သူ့မှာ ငွေနှစ်ရာပဲပါလို့ နှစ်ရာနဲ့ပဲပေးပါလို့ အတင်းပြောနေတာနဲ့ ကျွန်တော် ပေးလိုက်ရတာပါ... ရှုံးတော့ရှုံးတာပေါ့ဗျာ"

စုံစမ်းရေးအရာရှိက ရတနာကုန်သည်က လိမ်မပြောသည်ကိုသိရှိလိုက်သည်။

"မင်းနဲ့ စကားများသေးသလား"

"စကားများတယ်တော့မဟုတ်ပါဘူး... သူက ဒါပဲပါတယ် ပေးပါလို့ပြောနေတော့လဲ ကျွန်တော်ကပေးလိုက်ရတာပေါ့ဗျာ"

"ကြောက်လို့ဆိုပါတော့ ဟုတ်လား"

"အမှန်အတိုင်းပြောရရင်တော့ ဟုတ်တယ်ဗျ"

စုံစမ်းရေးအရာရှိကရယ်လိုက်သည်။

"ခင်ဗျားဟာ အမှန်အတိုင်းပြောတဲ့လူမို့ လေးစားပါတယ်၊ ဒါထက် အဲဒီအချိန် အနားမှာ ဘယ်သူတွေရှိနေသလဲဗျ"

စီးဝမ်က....

"ဟာ... စားသောက်ဆိုင်ကြီးတစ်ခုထဲမှာပဲဗျာ၊ လူတွေက အများကြီးဗျ၊ ဝိုင်းကြည့်နေကြတာပေါ့... ကျွန်တော် ဘယ်လိုလုပ်သိပါ့မလဲ"

စုံစမ်းရေးအရာရှိ ခေါင်းကုတ်၍ထွက်ခွာသွားတော့သည်။

၀၀၀၀



စီးဝမ်သည် စုံစမ်းရေးအရာရှိက သူ့အနားမှထွက်ခွာသွားသည်နှင့် သူသည် ရတနာများကို ဆက်လက်၍ရောင်းချနေသည်။ သူသည် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ရတနာများကိုစပ်ဟပ်ရောင်းချနေခြင်းဖြစ်သည်။

ထိုသူများသည် သူ၏ဖောက်သည်များပင်ဖြစ်၍ အားလုံးက ခင်မင်နေကြသည်။ တစ်ရက်နှစ်ရက်အတွင်းမှာပင် သူ့ဦပါလာသော ရတနာများသည် ကုန်သွားတော့သည်။

သူသည် တစ်နေ့တွင် စိတ်ပေါ့ပါးစွာဖြင့် လမ်းလျှောက်နေစဉ် အမျိုးသမီးတစ်ဦးကိုတွေ့ရှိလိုက်လေသည်။

အမျိုးသမီးမှာ နွမ်းပါးသောအဝတ်များကိုဝတ်ဆင်ထား၍ ဟုတ်မှဟုတ်ပါလေစဟုလည်း စိတ်ထဲတွင်သံသယဖြစ်သွားမိသည်။

သို့သော် သူသည် ထိုအမျိုးသမီးသွားသည့်နေရာသို့ နောက်ယောင်ခံ၍လိုက်သွားလေတော့သည်။

၀၀၀၀

အမျိုးသမီးကြီးသည် ဈေးတွင် စားသောက်စရာ ဟင်းသီးဟင်းရွက်များ အာလူးများ ပဲများဝယ်ခြမ်းနေသည်ကိုတွေ့ရသည်။ သူမသည် အပေါ်ဆုံးပစ္စည်းများကိုသာ ဝယ်ခြမ်းနေခြင်းဖြစ်၍ အတော်ပင်နွမ်းပါးနေပြီဟုထင်မိလိုက်၏။

စီးဝမ်၏စိတ်ထဲတွင် ဟုတ်မဟုတ် ယခုတိုင်ခွဲခြား၍မရပေ။ သူသိကျွမ်းခဲ့သောသူနှင့်ဆိုလျှင် မျက်နှာချင်းအနည်းငယ်ဆင်သော်လည်း ယခု ထိုသူမှာ ပိန်လှီ၍နေသဖြင့် မဟုတ်နိုင်ပါဘူးဟုပင် သူ့စိတ်ကိုပြန်၍ပြင်ဆင်လိုက်သည်။ စီးဝမ်သည် ဈေးထဲမှပြန်ထွက်ပြီး စားသောက်ဆိုင်တစ်ဆိုင်၌ လက်ဖက်ရည်ဝင်သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ စောစောက အမျိုးသမီးကိုပြန်တွေ့လိုက်သည်။ သို့သော် ထိုအမျိုးသမီးသည် မြင်းနှင့်ဈေးဝယ်လာသည်ကိုတွေ့ရ၍ အနီးအနားမှမဟုတ်နိုင်ဟု ထင်မိလိုက်သည်။

စီးဝမ်စိတ်အစဉ်သည် ထိုအမျိုးသမီးဆီသို့သာ အာရုံရောက်နေ၏။ လိုက်သွားပြီးစုံစမ်းပါက ဟုတ်လျှင် အကျိုးရှိမည်။ မဟုတ်လျှင် အကျိုးမယုတ်နိုင်ဟုစဉ်းစားမိသောအခါ စီးဝမ်သည် အချိန်ဆွဲမနေတော့ဘဲ မိတ်ဆွေတစ်ဦးထံမှမြင်းကိုငှားရမ်း၍ ထိုအမျိုးသမီးစီးသွားသောလမ်းအတိုင်း လိုက်သွားတော့သည်။

စီးဝမ်သည် ထိုလမ်းအတိုင်း လိုက်သွားသော်လည်း မြို့ပြင်သို့ရောက်သည့်အခါ မျက်ခြည်ပြတ်သွားတော့သည်။ သူသည် ထိုလမ်းအတိုင်း တော်တော်လေးလိုက်သွားသော်လည်း သူမကိုမတွေ့ရတော့ပေ။

စီးဝမ်စိတ်ပျက်စွာဖြင့် ပြန်လှည့်လာတော့သည်။ စီးဝမ်၏မြင်းသည် မြို့ထဲသို့ပြန်ဝင်သွားသည်နှင့် လမ်းဘေးချုံထဲမှ အမျိုးသမီးသည် သူမ၏မြင်းနှင့်အတူပြန်ထွက်လာ၏။

အမျိုးသမီးသည် စီးဝမ်အားမျက်နှာတစ်ချက်မဲ့၍....

"ဒီကောင်က ဘာကောင်လဲ... ငါ့နောက်ကို ဘာလို့လိုက်နေတာလဲ၊ ဒါပေမဲ့ ငါက နင့်ထက်လည်တယ်ဆိုတာသိပြီမဟုတ်လား"

အမျိုးသမီးသည် ထိုကဲ့သို့စိတ်ထဲမှကြိမ်းဝါးပြီး လမ်းမအတိုင်းထွက်ခွာသွားတော့သည်။

၀၀၀၀



စုဟုန်လင်းသည် ပန်းဂေဟာစားသောက်ဆိုင်၌ စွမ်းရိနှင့်တွေ့ချင်၍ စောင့်ဆိုင်းနေနေရာ ရတနာကုန်သည်လေးနှင့်တွေ့ပြီးနောက်တစ်နေ့မှာပင် စွမ်းရိရောက်ရှိလာတော့သည်။

သူတို့နှစ်ဦးသည် ၁၃ နှစ်ခန့်မတွေ့ကြရသော်လည်း ယခုကဲ့သို့ပြန်တွေ့ရသောအချိန်တွင် စုဟုန်လင်း၏မျက်နှာ သိပ်မပြောင်းလဲသော်လည်း စွမ်းရိမှာထူးထူးခြားခြားပြောင်းလဲသွားသည်။

"ငါ နင့်ကိုမနည်းရှုပ်ဖမ်းယူရတယ်"

စုဟုန်လင်းက ပြောလိုက်သည်။ စွမ်းရိကလည်း....

"ရှင်... ရှင်လဲပြောင်းသွားပါတယ်၊ အသားနည်းနည်းမဲသွားတာကလွဲပြီး ရှင်ကပိုချောလာသလိုပဲ"

သူမ၏စကားကြောင့် စုဟုန်လင်းကရယ်လိုက်လေသည်။

သူမကထပ်၍....

"ရှင်... ခုထိကံကောင်းတုန်းပဲလား"

သူမက တစ်ချိန်တုန်းက ကစားဝိုင်းတွင် ကံကောင်းခဲ့သည်ကိုပြန်တွေးမိ၍ ပြောလိုက်ခြင်းဖြစ်လေသည်။

စုဟုန်လင်းက ခေါင်းယမ်းလိုက်သည်။

"ခု ငါကံမကောင်းတော့ဘူး"

စွမ်းရိက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ... အစ်ကိုက မိန်းမနဲ့ကွဲလာပြီနဲ့တူတယ်"

စုဟုန်လင်းကရယ်လိုက်သည်။

"ကျုပ်မှာ မိန်းမ,မရှိသေးပါဘူး"

စွမ်းရိသည် မသိမသာသက်ပြင်းချရင်း....

"အစ်ကို ဆယ်နှစ်ကျော်ပြီနော်... ပျောက်နေလိုက်တာ"

"ဒါထက် စွမ်းရိ ကျုပ်ကိုတစ်ခုလောက်ပြောပြစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီက....

"ဘာသိချင်လို့လဲ"

စုဟုန်လင်းက....

"ကျူပ်မရှိတဲ့နောက်ပိုင်းမှာ မြို့စားဂေဟာအတိုက်အခိုက်ခံခဲ့ရတယ်လို့သိရတယ်၊ အဲဒီကိစ္စ ခင်ဗျားသိရင် ပြောပြပါလား"

စွမ်းရီကမျက်မှောင်ကြုတ်၍စဉ်းစားနေသည်။

"အို... အဲဒီကိစ္စက တော်တော်ကြာခဲ့ပြီပဲ၊ ဒါပေမဲ့ ကျွန်မမှတ်မိသလောက်တော့ပြောပြပါ့မယ်၊ အစ်ကိုက ဘာတွေသိချင်တာလဲ"

"မြို့စားဂေဟာမှာ လူတော်တော်သေသလား"

"အဲ့ဒီတုန်းက သေတဲ့လူတွေကမနည်းဘူး၊ သူပုန်တွေက အချုပ်သားတွေကိုလွှတ်ပေးပြီး သတ်တယ်လို့လဲသိရတယ်၊ အဲ့ဒီအခါမှာ ထွက်ပြေးတဲ့အချုပ်သားတွေကို မန်ချူးတွေကသတ် မန်ချူးတွေကို သူပုန်တွေကသတ်နဲ့ သူပုန်တွေလဲကျဆုံးတာအတုံးအရုံးပါပဲ"

"သူပုန် မဟုတ်ပါဘူး... ရှုဝံကြွယ်ဂိုဏ်းကမဟုတ်လား"

စုဟုန်လင်းက သူပုန်ဟုခေါ်သည်ကိုမကျေနပ်ပေ။

"ရှုဝံကြွယ်ဂိုဏ်းကို သူပုန်လို့ မန်ချူးတွေက သတ်မှတ်ထားတာပဲ"

"ကဲလေ... ထားလိုက်ပါတော့၊ ရှုဝံကြွယ်ဂိုဏ်းသားတွေထဲက သေဆုံးတဲ့လူတွေရဲ့နာမည်ကို သိသလား"

"အဲဒီအထိတော့ ကျွန်မ ဘယ်သိပါ့မလဲ"

စုဟုန်လင်း စိတ်ပျက်စွာဖြင့်နှုတ်ဆိတ်သွားတော့သည်။

oooo



စုဟုန်လင်းသည် ဆယ်နှစ်အတွင်း စွမ်းရီတစ်ယောက် အိမ်ထောင်ကျသွားပြီဟုထင်မှတ်ထား၏။ သို့သော် စွမ်းရီသည် ဤတစ်သက်တွင် အိမ်ထောင်မပြုပါဟု စုဟုန်လင်းကို ယခင်ကပြောထားဖူးသည့်အတိုင်း ယခုအချိန်အထိ အိမ်ထောင်မပြုခဲ့ပေ။

"နင် ဒီလောက်လှနေတာတောင် ယူမဲ့ယောကျ်ားကမရှိဘူးလား"

စွမ်းရီကမျက်စောင်းထိုးလိုက်သည်။

"ယောကျ်ားတွေကရိုက်သတ်လို့တောင်မကုန်ဘူး၊ ဒါပေမဲ့ သူတို့တွေက ကျွန်မကိုအပျင်းပြေကစားမဲ့အရုပ်လိုပဲ သဘောထားကြတာ အစ်ကိုသိပါတယ်"

သူမစကားများက စုဟုန်လင်းအတွက် ရင်နာစရာဖြစ်ရ၏။ သူမအကြောင်း စုဟုန်လင်းက ကောင်းကောင်းသိထား၏။

စွမ်းရီသည် အခြားသောမိန်းကလေးများကဲ့သို့ သူမ၏ခန္ဓာကိုယ်ကို အဆုံးရှုံးခံခဲ့သူ မဟုတ်ပေ။ ယခု သူမသည် ယခင်ကကဲ့သို့ ပန်းဂေဟာ၏ညှို့ကြိုမလေးလည်း မဟုတ်တော့ပါ။

ပန်းဂေဟာတွင် အလုပ်သမားများကိုထိန်းသိမ်းကွပ်ကဲသည့် အုပ်ချုပ်ရေးမှူးဖြစ်နေပေသည်။ စုဟုန်လင်းက....

"ခင်ဗျား ဒီတစ်သက်အိမ်ထောင်မပြုတော့ဘူးပေါ့ ဟုတ်လား"

စွမ်းရီသည် စုဟုန်လင်း၏မျက်နှာကိုမော့ကြည့်ကာ....

"ကျွန်မလိုချင်တဲ့ယောကျ်ားမျိုးကလဲ ကျွန်မကိုတန်ဖိုးမထားဘဲ ဒီတော့မယူတာအကောင်းဆုံးပဲပေါ့"

"ဒါဖြင့် ခင်ဗျားက ကြိုက်တဲ့လူကိုတော့တွေ့ထားတယ်ဆိုပါတော့"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူမက သက်ပြင်းချလိုက်သည်။

"ဆိုပါတော့လေ"

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ စုဟုန်လင်းက....

"ကျုပ် တစ်ခါတုန်းကမေးတဲ့ဂေဟာက လူတွေ ဘယ်ရောက်ကုန်သလဲဗျ"

စုဟုန်လင်း ယခုမေးသည်မှာ စွမ်းရီနှင့်သူ ဟိုအရင်လမ်းလျှောက်ကြစဉ် ကုမုထိဝင်ရောက်သွားသော သခင်မကြီးဝေ၏ ဂေဟာကိုမေးလိုက်ခြင်းမင် ဖြစ်သည်။

စွမ်းရီက ခေါင်းကိုဆတ်ခနဲညိတ်၍....

"အို... အဲဒီဂေဟာကကိစ္စကို အစ်ကို မသိသေးဘူးလား"

စုဟုန်လင်းခေါင်းညိတ်လိုက်သည်။

"ကျုပ်ဘာမှမသိရဘူး... ခုတော့ ဒီလောက်လှပတဲ့အိမ်ကြီးဟာ ချုံနွယ်တွေဖုံးနေတာကိုတွေ့ရလို့ပါ"

စွမ်းရီက....

"သခင်မကြီးဆိုတာက မန်ချူးဗိုလ်မှူးကြီးရဲ့ကတော် တစ်ယောက်ပဲ၊ ဒါပေမဲ့ မန်ချူးဗိုလ်ကြီးဟာ သူနဲ့လက်ထပ်ပြီး မကြာခင်မှာပဲ သေဆုံးသွားတယ်"

"ဪ...."

"သခင်မကြီးဝေဝေစွမ်းက မန်ချူးတွေကိုမုန်းနေပုံရတယ်၊ သူ့ယောကျ်ားကိုလဲ သူကပဲသတ်လိုက်ပြီး အခြားမန်ချူးအရာရှိတွေကိုလဲ သူကပဲသတ်နေတယ်ဆိုတဲ့သတင်းကို မြို့စားဂေဟာကကြားသိသွားလို့ သခင်မကြီးဝေဝေစွမ်း အသတ်ခံလိုက်ရတယ်"

စုဟုန်လင်းမှာ သိပ်ပြီးနားမရှင်းပေ။

"သူ ဘယ်တုန်းကအသတ်ခံရတာလဲ"



သူမက စိတ်ရှည်လက်ရှည်ဖြင့်....

"ဒီလို အစ်ကိုရဲ့ မြို့စားဂေဟာမှာဖြစ်ပွားသွားပြီးတဲ့နောက် တစ်ရက်နှစ်ရက်မှာပဲ ဝေဝေစွမ်းရဲ့ဂေဟာကို ဘုရင့်လျှို့ဝှက်ထောက်လှမ်းရေးသမားတွေကရှာဖွေတဲ့အခါမှာ သူမသတ်ခဲ့တဲ့ဗိုလ်တွေရဲ့ အမှတ်တံဆိပ်တွေကို ဘုရင်ရုပ်တုအောက်ကရှာတွေ့သွားတယ်၊ အဲဒီမှာပင် ဝေဝေစွမ်းကခုခံလို့ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က ဓားနဲ့ထိုးသတ်လိုက်တဲ့အချိန်မှာပဲ ဝေဝေစွမ်းရဲ့တိတ်တိတ်ပုန်းယောကျ်ားဆိုလား ကုမုထိဆိုတဲ့လူ ရောက်လာတယ်"

စုဟုန်လင်း ပိုမို၍စိတ်ဝင်စားသွားတော့၏။

"အင်း... အင်း... ဆက်ပြောပါဦး"

သူမကဆက်၍....

"ကုမုထိဟာ သူ့မိန်းမဓားဒဏ်ရာနဲ့သေနေတာကိုမြင်လို့ ဒေါသဖြစ်ပြီး ပြန်တိုက်ခိုက်ပေမဲ့ သွေးစကြာအဖွဲ့သားတွေက ကုမုထိကိုရက်ရက်စက်စက်သတ်လိုက်တယ်လေ"

စုဟုန်လင်း မျက်စိကိုမှိတ်၍အံကြိတ်လိုက်မိသည်။

စွမ်းရီက....

"အစ်ကို ဘာဖြစ်လို့လဲ အစ်ကိုနဲ့ပတ်သက်နေလို့လား"

စုဟုန်လင်းက စားပွဲပေါ်သို့လက်နှစ်ဖက်ထောက်၍ငိုင်သွားသည်။

"နောက်တော့သိရမှာပေါ့ ညီမရယ်"

ဟု တစ်လုံးချင်းပြောလိုက်တော့သည်။

ဝ၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံမီးခိုးရောင်ကိုဝတ်ဆင်ထားသည့်လူငယ်က သူ၏မြင်းကို ချန်ကျူးမြို့ပြင်သို့ထွက်သည့်လမ်းအတိုင်း စီးနင်းလာ၏။

ထိုလူငယ်သည် ရတနာကုန်သည်စီဝမ်းပင်ဖြစ်သည်။ သူသည် မနေ့ကတွေ့မြင်ရသောအမျိုးသမီးကိုသာ ပြန်လည်တွေ့ချင်သောဆန္ဒရှိနေပေ၏။ သူ၏စိတ်ထဲတွင် ထိုအမျိုးသမီးသည် ချန်ကျူးမြို့၏အနီးပတ်ဝန်းကျင်ရွာများ၌ပင်ရှိရမည်ဟု သူထင်ထားသည်။

ထို့ကြောင့် သူသည် စိတ်ထဲမှမကျေမနပ်ဖြစ်နေ၏။

သူသည် တစ်ရွာဝင်တစ်ရွာထွက်ရှာဖွေပါက တွေ့နိုင်သည်ဟု ထင်မြင်မိထားသောကြောင့်ဖြစ်သည်။

စီးဝမ်သည် ရွာသုံးရွာကိုလွန်မြောက်ခဲ့သော်လည်း သူသည် မေးမြန်းစုံစမ်း၍မရခဲ့ပေ။ သူသည် နေ့တစ်ဝက်ကျိုးသည်အထိ ရွာပေါင်းဆယ်ရွာခန့်ကို ဝင်ရောက်စုံစမ်းသည်။ အကျိုးက မထူးခဲ့ပေ။

စီးဝမ်က စိတ်ဓာတ်မကျသေးပါ။

သူသည် ဥယျာဉ်ခြံများစိုက်ပျိုးစားသောက်နေသည့်ရွာတစ်ရွာသို့ရောက်ရှိသွားပြန်၏။

၀၀၀၀

တီယိုကျိုသည် ရေကရားကြီးဖြင့်ပန်းပင်များကိုရေလောင်းနေစဉ် မြင်းတစ်ကောင်က ခြံဝတွင်ရပ်တန့်နေသည်ကိုတွေ့ရှိလိုက်ရသဖြင့် မျက်မှောင်ကြုတ်၍ကြည့်ရင်း သမီးဖြစ်သူတီကျိန်းနှင့် လန်စီကျင်းကို....

"နင်တို့အသာနေ ငါကြည့်ရှင်းမယ်"

ဟု ခပ်တိုးတိုးပြောပြီး ခြံဝသို့ထွက်သွား၏။ တီယိုကျိုတို့သည် မနည်းသတိထားပြီးနေရသောအချိန်ဖြစ်သည်။



လူစိမ်းများ မည်သည့်ပုံစံဖြင့်လာလာ မယုံကြည်တော့ပေ။

တီကျိန်းက လန်စီကျင်းကိုခပ်တိုးတိုးဖြင့်....

"ပုံစံကတော့ စာပေသမားပုံစံပဲ... အဲဒီလူမျိုးက ကြောက်ရတယ်၊ မန်ချူးထောက်လှမ်းရေးသမားတွေဟာ အဲဒီပုံစံမျိုးပေါ့"

လန်စီကျင်းကလည်း မြင်းပေါ်မှလူကိုလှမ်းကြည့်ရင်း....

"လူကတော့လူချောပါပဲ... စိတ်ထားကတော့ ဆိုးရင်တော့မပြောတတ်ဘူး"

ဟု မှတ်ချက်ချလိုက်သည်။

ထိုအချိန်တွင် မြင်းပေါ်ကလူနှင့် တီယိုကျိုသည် ခြေဟန်လက်ဟန်များဖြင့် စကားပြောဆိုလျက်ရှိနေပေသည်။ မကြာမီ မြင်းပေါ်မှစီးဝမ်သည် တီယိုကျိုတို့နှစ်ဦးကို သေသေချာချာပင် စူးစိုက်၍ကြည့်ကာခြံဝမှထွက်သွား၏။

တီယိုကျို ပြန်ဝင်လာသည်။

"ငါထင်တာသိပ်မလွဲဘူး"

တီယိုကျိုက....

"သူက ဘာလာစုံစမ်းတာလဲအဖေရဲ့"

တီယိုကျိုက....

"ဘာတွေမှန်း မသိပါဘူး... သူတို့ပျောက်နေတဲ့တရားခံတွေဖြစ်မှာပေါ့၊ ငါလဲသိပ်စကားမရှည်ချင်တာနဲ့ တို့ ဒီဂူ ၂ရောက်လာတာ ရက်ပိုင်းပဲရှိသေးတယ်လို့ပြောလွှတ်လိုက်တယ်"

တီကျိန်းနှင့်လန်စီကျင်းတို့ကပြုံးနေလိုက်ကြသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စီးဝမ်သည် တောင်ခြေဘက်သို့ သူ၏မြင်းကိုစီးနင်းသွားသည်။ တစ်နာရီကျော်ကျော်ခန့်သွားသောအခါ တောင်ခြေရင်းရွာတစ်ရွာသို့ရောက်ရှိသွားသည်။ ရွာဟုဆိုရသော်လည်း အိမ်ကလေးငါးအိမ်မျှသာရှိသည်။ အလွန်တိတ်ဆိတ်နေ၏။

စီးဝမ်လည်း အိမ်ခပ်သေးသေးလေးတစ်အိမ်ရှိနေသည့် ခြံဝင်းတစ်ခုထဲသို့ဝင်ရောက်လိုက်၏။ အိမ်အတွင်းသို့ငုံ့ကြည့်လိုက်ရာ မည်သူ့ကိုမှမတွေ့ရပေ။ လူမရှိသောအိမ်တွင် မေးမြန်းစုံစမ်းရန် မဖြစ်နိုင်သဖြင့် စီးဝမ်ကပြန်လှည့်ထွက်လာသည်။ ထိုစဉ်....

"ဝိုး... ဝိုး... ဒုတ်... ဒုတ်"

စီးဝမ်၏ပခုံးနှစ်ဖက်မှပွတ်ကာသီကာ ဖြတ်သန်းသွားပြီး အနီးရှိသစ်ပင်ကြီးတွင် ဓားနှစ်လက်ကသွားရောက်စိုက်ဝင်နေသည်။

စီးဝမ် တုန်လှုပ်သွားသည်။

"မင်း ရပ်နေစမ်းပါ"

အိမ်လေးအတွင်းမှ အသံတစ်သံထွက်လာသည်။ စီးဝမ်က လှမ်းကြည့်လိုက်သော်လည်း မည်သူ့ကိုမှမတွေ့ရပေ။

"ဝိုး... ဒုတ်"

ဓားအတိုတစ်လက်သည် သူ၏ဦးခေါင်းပေါ်မှဆံပင်များကို ရှပ်တိုက်ပြီးမှ သစ်ပင်တွင်စိုက်ဝင်သွားပြန်သည်။ အလွန်ဓားပစ်ကောင်းသည့်ပြင် ပစ်မှတ်ကိုမလွဲတန်းပစ်နိုင်သောသူဖြစ်ရမည်ဟု စီးဝမ် သတိပြုမိလိုက်သည်။

"မင်း ဘယ်သူလဲ... ဘယ်ကလဲ ဘာလာလုပ်တာလဲ"

အောင်မြင်သောမေးခွန်းသုံးခုက ဆက်တိုက်ထွက်ပေါ်လာသည်။ မိမိသည် ထိပ်တန်းသိုင်းသမားတစ်ဦးနှင့်ရင်ဆိုင်နေရပြီဖြစ်မှန်းသိလိုက်ရသည်။



သူက မည်သည့်အဖြေမှမပေးရသေးမီ အသံတစ်သံကို ထပ်မံကြားလိုက်ရပြန်သည်။

"ဟုတ်တယ်... မနေ့က ကျွန်မနောက်ကို လိုက်စုံစမ်းနေတာ သူပဲ"

စီးဝမ် ဝမ်းသာရမလို ဝမ်းနည်းရမလိုဖြစ်သွားတော့သည်။ ဝမ်းသာရမည်ဆိုသည်က အကယ်၍ သူသိချင်သောသူဖြစ်နေလျှင် အရေးမကြီးသော်လည်း... မဟုတ်ပါက မိမိကို သူတို့က ရန်သူဟု သတ်မှတ်ပေတော့မည်။

စီးဝမ်သည် မည်ကဲ့သို့ စတင်ရမှန်းမသိဖြစ်နေ၏။

"ဟေ့ကောင်... မေးနေတာပြော၊ မင်းဘယ်ကလဲ"

"ကျွန်တော်က ရတနာကုန်သည်ပါ"

စီးဝမ်က မဆိုင်းမတွ အမှန်အတိုင်းဖြေလိုက်သည်။

"ဟား... ဟား... ဟား... ဟေ့ကောင် မင်း အိမ်ရှေ့တည့်တည့်လာရပ်စမ်း၊ ပြေးလို့ကတော့ မင်းနောက်ကျောထဲဓားတွေဝင်သွားမယ်မှတ်"

စီးဝမ် အမှန်ပင် ချွေးများပြန်လာသည်။ လူကိုမတွေ့ရသည့်အတွက် သူပြောသည်ကိုသာ နာခံနေရသည်။ စီးဝမ်သည် အိမ်ကလေးရှေ့တွင် သွားရောက်ရပ်တန့်လိုက်ရသည်။ အလင်းရောင်အားနည်းလှသောအိမ်လေးထဲတွင် လူတစ်ယောက်က ကုလားထိုင်ပေါ်တွင်ထိုင်နေသည်ကိုမသဲမကွဲတွေ့နေရ၏။

သူ၏လက်ထဲတွင် ဓားမြှောင်ငါးလက်ခန့် ကိုင်ထားသည်ကိုလည်းတွေ့နေရ၏။ စီးဝမ်က ထိုသူကို သေသေချာချာပင် မျက်လုံးအားယူ၍ကြည့်မိသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများဖြင့် အကြည့်ရဆိုးလှသောလူကြီးတစ်ယောက် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီဝမ်းက အမျိုးသမီးကိုတွေ့လိုသော်လည်း စောစောက အသံသာကြားလိုက်ရသည်။ လူကိုမမြင်တွေ့ရပေ။ ကုလားထိုင်ပေါ်မှလူကြီးသည် စီးဝမ်အား စူးစိုက်ကြည့်ရင်းမှ....

"မင်းက ရတနာကုန်သည်ဟုတ်လား"

စီးဝမ်ကခေါင်းညိတ်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

အိမ်ထဲမှလူကြီးက....

"ရတနာကုန်သည်က ဘာဖြစ်လို့ ငါ့မိန်းမနောက်ကိုလိုက်နေရတာလဲ"

စီးဝမ်က ပြုံးပြလိုက်သည်။

"ဒီလိုပါခင်ဗျာ... ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့ တူလွန်းလို့ ဟုတ်မဟုတ် လိုက်လံစုံစမ်းမိတာပါ"

အိမ်ထဲကလူကြီးက....

"ရတနာကုန်သည်မှာ အင်မတန်ဆင်းရဲတဲ့မိတ်ဆွေရှိတယ်ဟုတ်လား"

စီးဝမ်သည် မိမိလူမှားခြင်းသာဖြစ်မည်ဟု ထင်လိုက်တော့သည်။

"ဟုတ်ကဲ့... ကျွန်တော်မှားတာဖြစ်ပါလိမ့်မယ်... သွားခွင့်ပြုပါ"

စီးဝမ်က လေးလေးစားစားပြောပြီး ပြန်လှည့်ထွက်လိုက်သည်။ ထိုစဉ်....

"မင်း ခဏနေဦး"

ယင်းအသံကြောင့် စီးဝမ် ပြန်၍ရပ်တန့်လိုက်သည်။

"မင်း ဘယ်သူ့ကိုရှာတယ်ဆိုတာနာမည်ပြောစမ်း"



စီးဝမ်မှာ နာမည်ကိုအတိအကျမှတ်မိဟန်မတူပေ။ အချိန်အတန်ကြာအောင် စဉ်းစားနေသည်။ နောက်မှ သူက တစ်စုံတစ်ခုကိုသတိရပြီး....

"ဆေးကုသတဲ့ဆရာကြီးတစ်ယောက်ရဲ့သမီးလားလို့ပါ"

ထိုစကားပြောလိုက်သည်နှင့် မုတ်ဆိတ်မွေး ထူရဖျစ်နှင့်လူကြီးမှာ မျက်နှာထားအနည်းငယ်ပြောင်းလဲသွားပုံရသည်။

"မင်း အိမ်ပေါ်ကိုတက်ခဲ့စမ်းပါဦး"

စီးဝမ်သည် ခပ်ကြောင်ကြောင်နှင့်ပင် အိမ်ပေါ်သို့လှမ်းတက်သွားသည်။

"ထိုင်...."

မုတ်ဆိတ်မွေးနှင့်လူက သူ့ရှေ့ရှိကုလားထိုင်ကိုလက်ညှိုးထိုးညွှန်ပြ၍ပြောလိုက်သည်။ စီးဝမ်သည် ထိုလူကြီး၏ရှေ့တွင် ဝင်ထိုင်လိုက်သည်။ ထိုအခါ စီးဝမ်အံ့ဩသွားရတော့သည်။

မုတ်ဆိတ်မွေးနှင့်လူကြီးသည် နံဘေးတွင် ချိုင်းထောက်တစ်ခုထောင်ထား၍ ကြည့်မိလိုက်ရာ ထိုလူကြီးမှာ ပေါင်တစ်ဖက်လုံးပြတ်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်လေသည်။

"အို... ဒုက္ခိတကြီးပါလား"

စီးဝမ်စိတ်ထဲမှရေရွတ်လိုက်သည်။

"မင်း အဲ့ဒီသမားတော်ကြီးရဲ့နာမည်ကော မသိဘူးလား"

စီးဝမ်စဉ်းစားနေမိသည်။ သူသည် အတန်ကြာ စဉ်းစားသော်လည်း တိတိကျကျပေါ်ထွက်မလာသဖြင့် ဖြစ်ချင်ရာဖြစ်စေတော့ အမှန်ကိုထုတ်မေးတော့မည်ဟုဆုံးဖြတ်လိုက်သည်။

"သူတို့နာမည်ကို ကျွန်တော်မေ့နေတယ်... ဟိုလွန်ခဲ့တဲ့ဆယ့်သုံးနှစ်ကျော်ကျော်လောက်က မြို့စားကြီးကျိုကျုံးရဲ့ဂေဟာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆုံခဲ့ဖူးတာပါ"

ထိုစဉ် အမျိုးသမီးတစ်ဦး အခန်းထဲမှထွက်လာကာ စီးဝမ်ကိုသေသေချာချာကြည့်၍....

"အင်း... ဆက်ပြောပါဦး၊ အဲ့ဒီအချိန်တုန်းက မင်းနဲ့ဘာယ်လိုလုပ်ပြီးသိတာလဲ"

"ကျွန်တော်က ဝက်ခြံထဲမှာဝက်ချေးကျုံး....."

သူ့စကားမဆုံးမီ အမျိုးသမီးသည် စီးဝမ်ကိုဝမ်းသာအားရပြေးဖက်လိုက်လေတော့၏။

"ဟင်... မင်း... မင်း စီးဝမ်မဟုတ်လား"

ဟု ဝမ်းသာအားရမေးလိုက်လေတော့သည်။

စီးဝမ် ယခုမှဝမ်းသာသွားသည်။

"မမက ကျွန်တော့်ကို မုန့်အမြဲကျွေးတဲ့သမားတော်ကြီးရဲ့သမီး"

အမျိုးသမီးကခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်... မမကယွမ်းရန်လေ"

စီးဝမ်သည် ငယ်စဉ်ကအဖြစ်ကိုမမေ့ပေ။

သူသည် ခေါင်းမော့၍ပြန်တွေးလိုက်သည်။

"အဲ့ဒီညက အားလုံးသေကုန်ပြီအောက်မေ့တာ ကျွန်တော်လဲထွက်ပြေးလိုက်တာ ဘာပြောကောင်းမလဲ"

ယွမ်းရန်လည်း အတိတ်ကအဖြစ်များကိုသတိရသွားသည်။

"အဲဒီညက မမရဲ့အဖေနဲ့မောင်လေး စီးဝမ်ရဲ့အမေတို့သေသွားရတာပေါ့ကွယ်"

စီးဝမ်သည် မေးရိုးကြီးကားလာသည်အထိ အံကိုတင်းတင်းကြိတ်လိုက်လေသည်။



အတန်ကြာမှ သူက....

"ဒါဆို ကျွန်တော်ညီမလေးစီးဟုန် မသေဘူးပေါ့... အခု သူကကော"

ယွမ်းရန်က ကုလားထိုင်ပေါ်မှဒုက္ခိတကြီးကိုမော့ကြည့်လိုက်သည်။ ဒုက္ခိတကြီးက သက်ပြင်းချလိုက်သည်။

စီးဝမ်က....

"အစ်ကိုကြီးက...."

ယွမ်းရန်က....

"အဲ့ဒီညက မမတို့နဲ့အတူ ထွက်ပြေးတဲ့ထုပင်းလေ မှတ်မိတယ်မဟုတ်လား"

ထိုအခါမှ စီးဝမ်သည် ထုပင်း၏မျက်နှာကိုသေသေချာချာကြည့်လိုက်မိတော့သည်။ ထုပင်းသည် အတိတ်၏ဖြစ်ရပ်များ အားလုံးကို အသေးစိတ်ပြန်လည်ပြောပြလိုက်လေသည်။

ယခု စီးဝမ် အတော်ကလေး ဇာတ်ရည်လည်သွားပြီဖြစ်သည်။ ထုပင်းက သူ၏နောက်ဆုံးစကားကိုဆက်လိုက်ပြန်သည်။

"မင်းရဲ့ညီမလေးနဲ့အစ်မကို ငါတပည့်က ခြသေ့်တောင်မှာရှိနေတဲ့ ဆရာကြီးကတ်ရှုဝါးဆီ သွားပို့ပေးတဲ့ညမှာပဲ ငါတို့က မြို့စားဂေဟာကိုဝင်ရောက်တိုက်ခိုက်ခဲ့တာ အသက်တော့မသေဘူးပေါ့ကွာ၊ ဒါပေမဲ့ ခြေထောက်တစ်ချောင်းပေးခဲ့ရတယ်"

စီးဝမ် စိတ်မကောင်းဖြစ်သွားရ၏။ သူတို့တစ်တွေ၏မိသားစုကြောင့် လူအများ တော်တော်ဒုက္ခရောက်ခဲ့ရသည်ကိုသိရသဖြင့် စီဝမ်းမှာ စိတ်မကောင်းကြီးစွာဖြစ်သွားလေသည်။

"ဒါဆို ကျွန်တော်ညီမလေးနဲ့အစ်မကြီးဟာ ခြသေ့်တောင်မှာပဲရှိမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ထုပင်းက ခေါင်းယမ်းလိုက်၏။

"ငါ မနှစ်က စုံစမ်းပြီးပါပြီ၊ ဘယ်သူမှမရှိတော့ဘူး… သူတို့ထွက်သွားကြပြီလို့သာ ကြားရတယ်၊ ငါလဲ ခုထိကို သတင်းမရဘူး… ဒီကြားထဲ ငါ့တပည့်ရဲ့သတင်းကလဲ လုံးဝကိုစုံစမ်းလို့မရတော့ လောကမှာရှိမယ်လို့ မထင်တော့ပါဘူးကွာ"

စီးဝမ်က…

"ဒါထက် အစ်ကိုကြီး ကျွန်တော်တို့မိသားစုကို ဒုက္ခပေးတဲ့ ကုတ်လျှံဖိဆိုတဲ့ မန်ချူးသစ္စာခံအမျိုးသားသစ္စာဖောက်ကောင်က အခု ဘယ်ရောက်နေသလဲ"

ထုပင်းက အေးဆေးသောလေသံဖြင့်…

"ကျိုကျုံးကတော့ ကိုယ်ပျောက်သိုင်းသမားဆိုလား သတ်လိုက်လို့ သေသွားပါပြီကွာ၊ သူ့ညာလက်ရုံးကြီး ကုတ်လျှံဖိကတော့ ချန်အန်းမြို့တော်မှာ ကောင်းစားနေတယ်လို့ကြားရတာပဲ"

စီးဝမ်သည် အံကိုကြိတ်ထားလိုက်သည်။ ထုပင်းက…

"မင်းတို့ ရန်ကိုရန်ချင်း မတုံ့နိုင်းကြပါနဲ့တော့ကွယ်၊ ကိုယ့်မှာ အင်အားမရှိဘဲနဲ့ အဲတုရင် တစ်နေ့ ကိုယ်ပဲအရှုံးနဲ့ရင်ဆိုင်ရမယ်၊ အဲဒီတော့ ဖြစ်ပြီးတဲ့ကိစ္စကို မေ့ထားတာအကောင်းဆုံးလို့ အစ်ကိုကြီး ပြောပါရစေ"

"ဟုတ်ကဲ့ ကျွန်တော် အစ်ကိုကြီးစကားကိုနားထောင်ပါ့မယ်… ကျွန်တော်ရဲ့ညီမလေးနဲ့အစ်မကိုတော့ ရောင်းရင်းဝယ်ရင်း စုံစမ်းပါ ဦးမယ်၊ ဒါထက် အစ်ကိုကြီး…"

"ပြောပါ"

"အစ်ကိုကြီးရဲ့ တပည့်ကိုတွေ့ရရင် သတင်းအစအနရချင်ရမှာ"



ထုပင်းကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ကွ… ဒါပေမဲ့ သူကစုံစမ်းလို့ကိုမရဘူး"

"သူ့နာမည်ဘယ်လိုခေါ်သလဲ"

ထုပင်းက…

"သူ့နာမည်ကတော့ စုဟုန်လင်းလို့ခေါ်တာပဲ"

စီးဝမ်သည် မျက်လုံးထဲ လက်ခနဲတစ်ချက်ဖြစ်သွားသည်။ လည်ဆွဲရတနာရောင်းသည့်နေ့က ကူညီသည့်ခရမ်းရောင်မိတ်ဆွေသည် စုဟုန်လင်းဟု သူ့အားပြောသွားသည်မဟုတ်ပါလား။

"စုဟုန်လင်း… စုဟုန်လင်း"

စီးဝမ်ကတိုးတိုးရေရွတ်လိုက်သည်။

ထုပင်းက မျက်မှောင်ကြုတ်၍…

"မင်းသိလို့လား"

စီးဝမ်ကထိုင်ရာမှထပြီး…

"သူ ဟုတ်မလားမသိဘူး… ကျွန်တော် အမြန်သွားမှဖြစ်မယ်"

စီးဝမ်သည်နှုတ်ဆက်၍ ကမန်းကတန်းပြန်ထွက်သွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်....

နှစ်ရက်မြောက်သောနေ့တွင် စီးဝမ်ပြန်လည်ရောက်ရှိလာ၏။ သူ၏မျက်နှာတွင် စိတ်ဓာတ်ကျသောအရိပ်လက္ခဏာများ တွေ့မြင်နေရသည်။ ထုပင်းသည် စီးဝမ်ဟု စိတ်ဓာတ်ကျနေသည်ကိုသိရ၍ အားပေးသည့်အနေဖြင့် ပြုံးပြလိုက်သည်။

"ဘယ့်နှယ်လဲ... ငါ့တပည့်စုဟုန်လင်း မဟုတ်ဘူး မဟုတ်လား"

စီးဝမ်က....

"အစ်ကိုကြီးရဲ့တပည့်စုဟုန်လင်းပါပဲ၊ ဒါပေမဲ့ သူ ချန်ကျူးမြို့မှာမရှိတော့ပြန်ဘူး၊ ခရီးထွက်သွားပြီလို့သိရတယ်"

ထုပင်းက....

"ဒါဆိုလဲ သူတစ်နေ့တစ်ချိန် ပြန်လာမှာပေါ့ကွာ၊ သူတည်းခိုတဲ့နေရာကို မင်း မှာမထားဘူးလား"

"ကျွန်တော် မှာထားခဲ့ပါတယ်"

ထုပင်းက မျက်မှောင်ကြုတ်၍....

"သူ ဘယ်မှာတည်းခိုတတ်သလဲ"

စီးဝမ်က သူ၏တစ်ဆက်တည်းသောပေါင်ကို လက်ဖြင့်ပုတ်လိုက်လေသည်။

"အေး... ဟုတ်ပြီ... ဟုတ်ပြီ၊ သူ ငါ့ကိုတစ်ခါ ပြောဖူးတယ်၊ ပန်းဂေဟာစားသောက်ဆိုင်ကမိန်းကလေးက သူ့ကို အများကြီးအကူအညီပေးတယ်လို့"

သူသည် ဤသို့ပြောပြီး စီးဝမ်ကိုကြည့်ကာ ဆက်ပြောလိုက်သည်။

"တစ်နေ့ တွေ့ရမှာပေါ့ကွာ"



"ဟုတ်ကဲ့အစ်ကိုကြီး"

စီးဝမ်သည် ထုပင်းနှင့်ယွမ်းရန်ကိုပြန်တွေ့ရသဖြင့် အတော်ကလေး ပျော်ရွှင်နေသည်။ ယွမ်းရန်နှင့်ထုပင်းကလည်း စီးဝမ်ကို သနားနေသည်။ ခင်မင်နေသည်။ ထုပင်းသည် ရှေးဟောင်းနှောင်းဖြစ်များကိုပြောပြ၍ ယခုအခါတွင် ထုပင်းက စီးဝမ်အား တရားချနေ၏။

"အတိတ်ရဲ့ဖြစ်ရပ်ကို အာဃာတထားရင် အနာဂတ်ရဲ့ခရီးဟာလဲ သိပ်ပြီးမလှဘူးကွ"

စီးဝမ်က....

"အစ်ကိုကြီးပြောတာက အားလုံးကိုမေ့ပစ်လိုက်ရတော့မှာလား"

ထုပင်းက ခေါင်းညိတ်လိုက်သည်။

"အားလုံးတော့ မဟုတ်ဘူးပေါ့... ဒါပေမဲ့ မေ့သင့်တဲ့ကိစ္စတွေကိုတော့ မေ့ထားရလိမ့်မယ်၊ ဥပမာ မန်ချူးတွေကိုတော်လှန်ဖို့ဆိုတာ ကိုယ့်မှာတော်လှန်နိုင်လောက်တဲ့ အရည်အချင်းရှိသူတွေဖြစ်ရမယ်၊ လူအင်အားများရမယ်... စည်းလုံးညီညွတ်မှုလဲ အမြဲရှိနေရမယ်"

စီးဝမ်က ငြိမ်၍နားထောင်နေသည်။

ထုပင်းက ဆက်၍ပြော၏။

"တစ်ချိန်တုန်းက ရှုပ်ကြွယ်ဂိုဏ်းဟာ လူအင်အားသိပ်မပြည့်စုံသေး ဘူး၊ ခိုင်မာမှုမရှိသေးဘူး... ဒါပေမဲ့ သူတို့က မြို့ကြီးတစ်မြို့လုံးကို ဝင်ရောက်တိုက်ခိုက်ချင်တော့ အစ်ကိုကြီးတို့အပါအဝင်ပေါ့ကွာ၊ အားလုံးသေကြေပျက်စီးရတယ်... နှစ်ဘက်စလုံး အထိနာကြတာပါပဲ၊ ဒါပေမဲ့ မန်ချူးနယ်ချဲ့ဟာ ဒီလောက်ကလေးနဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



လုံးဝဖြို့မှာမဟုတ်ဘူး"

စီးဝမ်က....

"ရှုဝံကြွယ်ဂိုဏ်းဟာ အခု လုံးဝကွယ်ပျောက်သွားလို့လား"

ထုပင်းက ခေါင်းညိတ်၍....

"လုံးဝကွယ်ပျောက်တယ်လို့တော့ မဆိုနိုင်ဘူးပေါ့ကွာ... ဒါပေမဲ့ အတော်ကလေးငြိမ်နေတယ်၊ အခုတလော ကိုယ်ပျောက်လူသတ်သမားဆိုတာ သတင်းတစ်ခုပေါ်သေးတယ်၊ ရှုဝံကြွယ်ဂိုဏ်းရဲ့အဆက်ပဲလားလို့ ငါစဉ်းစားနေတယ်"

"ကျွန်တော့်သဘောကတော့ မနိုင်တာ နိုင်တာ အပထား၊ ဒီမန်ချူးတွေကို နည်းအမျိုးမျိုးနဲ့ဒုက္ခပေးနေတဲ့ မျိုးချစ်သိုင်းသမားတွေကိုလေးစားတယ်"

ထုပင်းက ယဲ့ယဲ့ကလေးပြုံးလိုက်လေသည်။

"မင်းတို့က လေးစားတယ်ဆိုတာတော့ ဝမ်းသာစရာပဲ၊ ဒါပေမဲ့ မင်းတို့လေးစားတဲ့လူတွေရဲ့အဖြစ်လဲ ကြည့်ပါဦး"

ထုပင်းက ပြတ်နေသောခြေတစ်ဖက်ကိုမေးငေါ့ပြသည်။

စီးဝမ် ဝမ်းနည်းသွားသည်။

မှန်သည်။ တရုတ်အမျိုးသားတွေအတွက် တရုတ်မျိုးချစ်သိုင်းသမားကြီးတွေက ခုခံကာကွယ်ပေးခဲ့သည်။ ကျိုးသည်။ ကန်းသည်။ လူစဉ်မမီဖြစ်သည်။ အသက်ဆုံးရှုံးကြသည်။

သို့သော် မည်သည့်တရုတ်သူဌေးကြီးကြီးတွေကမှ လှည့်မကြည့်ကြပေ။ ဤအချက်သည် အလွန်ရင်နာစရာကောင်းနေ၏။

"ကျွန်တော့်ကိုမွေးစားခဲ့တဲ့မိဘတွေဟာ အင်မတန်ချမ်းသာကြပါတယ်၊ အစ်ကိုကြီး ဒုက္ခရောက်နေတဲ့မျိုးချစ်သိုင်းသမားတွေကို ကြည့်ရှုစောင်မဖို့ ကျွန်တော်ကိုယ်တိုင်ကြိုးပမ်းမယ်"



ထုပင်းက ပြုံးလိုက်လေသည်။

"အင်း... ငါ့ညီရဲ့စိတ်ထားကို အစ်ကိုကြီး လေးစားပါတယ်၊ ဒါဟာ အင်မတန်မွန်မြတ်တဲ့ စိတ်ထားတစ်ခုပဲကွ"

"ကျွန်တော်က ပါးစပ်အပြောမဟုတ်ပါဘူး... အခု အစ်ကိုကြီးကိုကျွန်တော်ငွေလွှဲလက်မှတ်တွေပေးခဲ့တယ်၊ အစ်ကိုကြီး ကြိုက်သလိုအသုံးချပါ"

စီဝမ်းသည် သူ၏အိတ်ထဲမှငွေလွှဲစာရွက်များကို ထုတ်ပေးသည်။ ထုပင်းက လက်ကာ၍....

"မလုပ်ပါနဲ့ကွာ... အစ်ကိုကြီးဘဝ ဒီအတိုင်းပဲ နေပါရစေ"

စီးဝမ်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော့်စေတနာကို မစော်ကားပါနဲ့အစ်ကိုကြီး၊ ကျွန်တော် နောက်တစ်ခေါက် ချန်ကျူးမြို့ကိုရောက်တဲ့အခါ အစ်ကိုကြီးကို ဒီမှာမထားတော့ဘူး"

ယွမ်းရန်က....

"ငါ့မောင်က သိပ်စေတနာထက်သန်နေပါလား"

ထုပင်းကစဉ်းစဉ်းစားစားဖြင့်....

"ငါတို့လိုဒုက္ခရောက်နေတဲ့မျိုးချစ်သိုင်းသမားတွေကို လူတွေက စေတနာရှိကြပါတယ်ကွာ၊ ဒါပေမယ့် ထင်ထင်ပေါ်ပေါ်ထောက်ပံ့ရင် မန်ချူးတွေကမုန်းမှာစိုးလို့ဆိုတာလဲ ထည့်တွက်ဦးမှာပေါ့"

စီးဝမ် တစ်ချက်ငိုင်သွား၏။

"ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ကြိုးစားမယ်"

စီးဝမ်က အားရပါးရပြောကြားလိုက်ခြင်းဖြစ်ပေသည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ချန်အန်း....

ချန်အန်းသည် နေပြည်တော်မြို့ကြီးဖြစ်သည်။

သူဌေးသူကြွယ်ကြီးများနှင့်မင်းစိုးရာဇာကြီးများ အများဆုံးနေထိုင်သည့်မြို့တော်ဖြစ်၏။ မင်းမှုထမ်းအရာရှိကြီးများ တာဝန်မှအနားရသောအခါ ချန်အန်းမြို့တွင်သာအခြေချ၍ အေးချမ်းစွာနေတတ်ကြသည်။

မြို့တော်ကကြီးပြီး ကျယ်ပြန့်သလောက် လူဦးရေကလည်းပေါများထူထပ်လှပေသည်။ သို့သော် အမှတ်ငါးလမ်းမကြီးတွင်နေထိုင်ကြသောသူများမှာ ကိုယ့်ဝင်းကိုယ့်ခြံနှင့်မို့ အလွန်အေးဆေးလှပေ၏။ ထိုလမ်းထဲတွင် လှပသပ်ရပ်သောအိမ်တစ်လုံးရှိပေသည်။

ယင်းအိမ်၏ခြံဝင်းတံခါးမှာ အနီရောင်ဆေးများ သုတ်လိမ်းထားပြီး အနက်ရောင်ပေါ်တွင် ရွှေစာလုံးကြီးများဖြင့်ရေးသားထားသည့်ဆိုင်းဘုတ်တစ်ခုကိုလည်း တွေ့မြင်နိုင်ပေသည်။

"ကုတ်လျှံဖိသိုင်းပညာသင်ကျောင်း.....

စာလုံးကြီးများက ခန့်ညားထယ်ဝါလှပေသည်။

ကုတ်လျှံဖိသိုင်းပညာသင်ကျောင်းကို လူအတော်များများလည်းသိရှိနေကြပြီဖြစ်၏။ ဆယ်နှစ်အတွင်း ထိုကျောင်းသည် အလွန်နာမည်ကျော်ကြားခဲ့သည်။ ကျောင်းအုပ်ကြီးကုတ်လျှံဖိ၏ သွန်သင်မှုကြောင့် ထက်မြက်သောသိုင်းပညာရှင်များဖြစ်သွားကြသည်ဟူသော သတင်းကလည်းပျံ့နှံ့နေပေသည်။

ကျောင်းအုပ်ကြီး ကုတ်လျှံဖိထံတွင် လက်ထောက်သိုင်းနည်းပြဆရာငါးယောက်တိတိရှိပြီး သင်တန်းသားများမှာ တစ်ရာခန့်အမြဲတမ်းရှိနေသည်ကိုတွေ့ရလေသည်။

၀၀၀၀



လူတစ်ယောက်သည် ထိုသင်တန်းကျောင်းမှ ဆိုင်းဘုတ်ကိုကြည့်၍ငေးမောနေသည်။ ထိုလူသည် အတန်ကြာအောင် ငေးမောပြီးမှ တံခါးဝဆီသို့လျှောက်လာသည်။

တံခါးစောင့်သည် အိတ်ကြီးတစ်လုံးနှင့်ထိုလူကိုကြည့်၍....

"ဘာလဲဟေ့... မင်းကကျောင်းနေချင်လို့လား"

"ဟုတ်ကဲ့ခင်ဗျား... ကျွန်တော်ပညာသင်ချင်လို့ပါ"

တံခါးစောင့်သည် တံခါးဖွင့်ပေး၍ တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်လေသည်။

"အဲ့ဒီစုံစမ်းရေးနေရာကိုသွားပါ"

အိတ်တစ်လုံးနှင့်လူသည် စုံစမ်းရန်နေရာသို့လျှောက်သွားသည်။ သင်တန်းသားများသည် ကွက်လပ်ကြီးတစ်ခု၌ အသုတ်လိုက်အသုတ်လိုက်ခွဲ၍ လေ့ကျင့်နေကြသည်ကိုတွေ့ရလေသည်။

အချို့က အခြေခံလေ့ကျင့်နေကြဆဲဖြစ်သည်။ အချို့မှာမူ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်သည်အထိ လေ့ကျင့်နေသည်ကိုတွေ့ရ၏။ သင်တန်းသားများထဲတွင် အမျိုးသမီးလေးငါးခြောက်ဦးသာတွေ့ရှိရလေသည်။ အိတ်တစ်လုံးနှင့်လူသည် စုံစမ်းရေးအခန်းထဲသို့ရောက်သောအခါ စာရင်းသွင်းသည့်စာရေးကိုတွေ့ရလေသည်။

စာရင်းသွင်းသည့်စာရေးက....

"ထိုင်ပါခင်ဗျာ"

အိတ်နှင့်လူက....

"ကျွန်တော်က ဒီကျောင်းမှာ ပညာသင်ချင်ပါတယ်၊ ဒါပေမဲ့ ကျောင်းရဲ့စည်းကမ်းနဲ့သတ်မှတ်ထားတဲ့ငွေကြေးကိုသိရမှဖြစ်မှာမို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့... ကျွန်တော့်ဆီမှာပါလာတဲ့ငွေကြေးနဲ့ မလုံလောက်မှာစိုးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



စာရင်းသွင်းသောစာရေးသည် လူငယ်တစ်ယောက်ဖြစ်ပြီး ရည်မွန်လှပေသည်။

"ဪ... ဒီကိစ္စ ကျွန်တော်ရှင်းပြပါ့မယ်ကွပါ"

စာရင်းသွင်းသောစာရေးက အိတ်နှင့်လူကို တစ်နေရာသို့ ခေါ်သွားသည်။

"ဟောဒါက ကျောင်းသားတွေနေတဲ့အဆောင်ပါ၊ သန့်ရှင်းတယ်... သပ်ရပ်တယ်၊ ဟောဟိုဘက်ကအဆောင်က စားသောက်ဆောင်ဖြစ်ပါတယ်၊ အစားအသောက်ကိုလဲ ကောင်းမွန်စွာချက်ပြုတ်ကျွေးပါတယ်"

အိတ်နှင့်လူကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

"ဒီလို အဆင့်အတန်းမြင့်မြင့်နေထိုင်ပြီး ကောင်းကောင်းမွန်မွန်စားသောက်ရတဲ့အတွက် ကျွန်တော်တို့ကတစ်နှစ်ကို နှစ်ထောင်ယူပါတယ်"

အိတ်နှင့်လူသည် ပါးစပ်တစ်ချက်ဟသွားသည်။

"နှစ်ထောင်ဟုတ်လား"

"ဘာဖြစ်လို့လဲ များလို့လား"

"မများပါဘူး... သင့်လျော်ပါတယ်၊ ဒါပေမဲ့ ဒီအတိုင်းမှန်ရင်တော့ ကျူပ်က အတော်များများပြန်ယူဦးမှဖြစ်မယ်"

စာရင်းသွင်းသူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော်တို့ကတော့ အချိန်မရွေး လက်ခံပါတယ်"

အိတ်နှင့်လူသည် ခြံကြီးတစ်ခုလုံး၏အနေအထားကိုစောင်းငဲ့ကြည့်မိသည်။



"ဒီအလယ်ကအဆောင်ကကော ကျောင်းသားတွေနေတာပဲလား"

စာရင်းသွင်းသူက ခေါင်းယမ်းလိုက်သည်။

"မဟုတ်ပါဘူး... အဲဒါက သင်တန်းဆရာတွေနေတာပါ၊ ဟောဟိုအနောက်ဆုံးက အဆောင်ကြီးကတော့ ကျောင်းအုပ်ကြီးကုတ်လှျံဖိနေတဲ့အဆောင်ပေါ့"

"ဪ... ဪ... ဒါနဲ့ ကျောင်းအုပ်ကြီးကုတ်လှျံဖိက နာမည်ကျော် သိုင်းဆရာကြီးတစ်ယောက်ဆိုတာ ကျွန်တော်ကြားဖူးပါတယ်"

စာရေးကခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... သူက အထူးကျော်ကြားတဲ့သိုင်းဆရာကြီးပါပဲ၊ လွန်ခဲ့တဲ့ဆယ်နှစ်ကဆိုရင် ဆရာကြီးဟာ မြို့စားကြီးတစ်ဦးရဲ့ ကိုယ်ရံတော်ဗိုလ်မှူးကြီးပေါ့"

အိတ်နှင့်လူက အံ့သြသွားဟန်ဖြင့်....

"ဪ... မြို့စားကြီးရဲ့ ကိုယ်ရံတော်ဗိုလ်မှူးကြီးတောင်ဖြစ်ခဲ့တာကိုး"

သူသည် ထိုကဲ့သို့ချီးမွမ်းစကားပြောပြီးမှဆက်၍....

"စာရေးကြီးကို ကျေးဇူးတင်ပါတယ်... ကျွန်တော်ရဲ့ငွေကနည်းနေလို့ပါ"

အိတ်နှင့်လူသည် သူ၏အိတ်ကြီးထဲမှငွေထုပ်တစ်ထုပ်ကိုယူ၍ပြလိုက်သည်။

"အဲဒါပဲပါလို့ ကျွန်တော်သိပ်မကြာဘူး... ဆယ်နှစ်စာယူပြီးပြန်လာခဲ့ပါ့မယ်"

စာရင်းသွင်းသည့်စာရေးက....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ဟုတ်ကဲ့... ဖြစ်ပါတယ်ခင်ဗျာ"

အိတ်နှင့်လူသည် ကျေနပ်သောအပြုံးမျိုးဖြင့် ကျောင်းထဲမှသွက်လက်စွာထွက်သွားလေတော့သည်။

၀၀၀၀

ချန်ကျူးမြို့ ပန်းဂေဟာစားသောက်ဆိုင်သည် ယခုအခါ ပိုမို၍စည်ကားနေပေသည်။ အုပ်ချုပ်ရေးမှူး စွမ်းရီသည် သူ၏စားပွဲမှနေ၍ အလုပ်သမားများအား လက်မလည်အောင်ညွှန်ကြားနေရ၏။

သူမသည် ယခုအခါ ယခင်ကဲ့သို့ ဧည့်သည်များအား ဖျော်ဖြေရမည့်ညှို့ကြိုမယ်တစ်ဦး မဟုတ်တော့ပါ။ သူမသည် အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်နေပြီဖြစ်၏။ သို့သော် သူမနှင့်ခင်မင်ဖူးသောလူအချို့သည် အရက်အတော်ကလေးမူးလာပြီဆိုလျှင် သူမကိုသာ ဆွဲလွဲ၍ခေါ်တတ်သည်။

ထိုအထဲတွင် ကျောင်းလုထန်းတို့လူစုသည် အဆိုးဝါးဆုံးဖြစ်သည်။ ယခုလည်း ကျောင်းလုထန်းတို့လူစုသည် ကစားဝိုင်းတွင်ရှုံးခဲ့ပြီး အရက်များအလွန်အကျွံမူးနေပေသည်။

ထိုအခြင်းအရာကိုမြင်ရသည့်စွမ်းရီက ရှောင်နေရန် စိတ်ကူးထားမိသည်။ သို့သော် သူမ နောက်ကျသွားပြီဖြစ်သည်။

ကျောင်းလုထန်းက သူမကိုလှမ်းခေါ်သည်။

"စွမ်းရီ လာစမ်း"

စွမ်းရီကမကြားဟန်ပြု၍ ရှောင်သွားရန် စိတ်ကူးလိုက်၏။ ကျောင်းလုထန်းက သူမ၏လက်ကိုသွားရောက်ဆွဲလေသည်။

"ဖြန်း...."

စွမ်းရီမှာ ရှက်လည်းရှက်သွားသဖြင့် ကျောင်းလုထန်း၏



ပါးကိုရိုက်ချလိုက်လေသည်။

"ကျွန်မက တခြားအလုပ်တွေလုပ်နေတယ်ဆိုတာ ရှင်လဲသိရဲ့သားနဲ့"

ကျောင်းလုထန်းသည် သူ၏ပါးကိုလက်ဝါးဖြင့်ပွတ်သပ်ရင်း စွမ်းရီအား စားမတတ်ဝါးမတတ်ကြည့်ကာ....

"နင်က လူပါးဝလိုက်တာ... ငါ့မျက်နှာကိုသေသေချာချာကြည့်စမ်း"

ကျောင်းလုထန်းကား ငွေကြေးချမ်းသာသောလူရမ်းကားလေးဖြစ်သည်။ အပေါင်းအသင်းများပြီး အရာရှိအရာခံမြို့စားအထိ ဆက်ဆံပေါင်းသင်းတတ်သောကြောင့် အကြောင်းသိသူများက သူ့ကိုရှောင်ကြသည်။ သခင်အားရ ကျွန်စာ၀ဆိုသည့်လူမိုက်တစ်စုက သူ့နောက်မှနေ၍ အမြဲတမ်း အားပေးလျက်ရှိသည်။

ကျောင်းလုထန်းအား အချို့က မင်းသားလေးဟုပင် ခေါ်ကြသည်။ ပန်းဂေဟာစားသောက်ဆိုင်၏တာဝန်ခံသည် အခြေအနေသိပ်မကောင်းတော့သဖြင့် ဝင်ရောက်ရတော့သည်။

"ကျွန်မ တောင်းပန်ပါတယ် မင်းသားလေး... သူက အခုနေအခါမှာ အလုပ်သမားတွေကိုစီမံအုပ်ချုပ်တဲ့တာဝန်ယူနေရလို့ပါ"

ကျောင်းလုထန်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဟင်း... ကျုပ်ကိုဒီလောက်စော်ကားတာ ကျုပ်က ကျေနပ်ရမယ်ဟုတ်လား"

ကျောင်းလုထန်းသည် စွမ်းရီအား အပြင်သို့ဆွဲခေါ်သွားရန် သူ၏တပည့်များကိုခေါင်းဆတ်ပြလိုက်သည်။ ခေါင်းတုံးနှင့်လူတစ်ယောက် မျက်နှာပြားပြား မျက်လုံးပြူးပြူးလူတစ်ယောက်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီအား ရုတ်တရက်လက်ကိုဆောင့်ဆွဲလိုက်သည်။

"ရှင်တို့ ကျွန်မကိုလွှတ်ကြပါ"

စွမ်းရီကအော်ဟစ်သည်။ ထိုအခါ အသံတစ်သံကခက်ထန်မာကျောစွာထွက်ပေါ်လာ၏။

"သူ့ကို တစ်ယောက်မှလက်ဖျားနဲ့မထိနဲ့"

၀၀၀၀

စုဟုန်လင်းသည် ပန်းဂေဟာသို့ပြန်လည်ရောက်ရှိနေသည်မှာ နှစ်ရက်ရှိပြီဖြစ်သည်။ သူသည် ယခုအခါ သူတွေ့ချင်သောသူများကိုရှာဖွေမတွေ့ရ၍ စိတ်ဓာတ်ကျနေသူဖြစ်သည်။ သူသည် တစ်နေ့လျှင် အရက်တစ်အိုးနှင့်စားပွဲတစ်လုံးတွင် စည်းစိမ်ခံ၍သောက်နေလေသည်။

ထိုအရက်ကိုလည်း စွမ်းရီကလာရောက်ချထားပေးခြင်းဖြစ်သည်။ သူသည် ကျောင်းလုထန်းတို့လူစုရမ်းကားနေသည်ကို အစမှအဆုံး တွေ့မြင်နေရသည်။ သို့သော် သူက မသိကျိုးကျွံပြုကာ အသာပင်ကြည့်နေခဲ့သည်။ ယခုကဲ့သို့တရားလွန်လာသောအခါ သူ လုံးဝလက်ပိုက်ကြည့်မနေနိုင်တော့ဘဲ အထက်ပါအတိုင်း ဝင်ရောက်ဟန့်တားလိုက်ခြင်းဖြစ်တော့သည်။

ကျောင်းလုထန်းနှင့်နောက်ပါတစ်စုသည် စုဟုန်လင်းကိုဆတ်ခနဲလှည့်ကြည့်လိုက်ကြ၏။ ကျောင်းလုထန်းသည် စုဟုန်လင်းအား မီးတောက်နေသောမျက်လုံးများဖြင့်စူးစိုက်ကြည့်ကာ....

"ကိုယ့်လူ လေသံကတယ်ပြင်းပါလား... မင်းက ဘာကောင်မို့လဲ"

စုဟုန်လင်းက မပြုံးမရယ် မျက်နှာတည်တည်ဖြင့်....



"အကောင်မဟုတ်ပါဘူး... ငါကလူကွ"

ထိုအခါ ခေါင်းတုံးနှင့်လူသည် ရှေ့သို့တိုး၍....

"မင်းသားလေးကို မင်းက ဒီလိုပြန်ပြောဝံ့တယ်ဟုတ်လား"

စုဟုန်လင်းမှာ စိတ်တိုနေသူဖြစ်သည်။

"မင်းသားလေးမကလို့ ဘုရင့်သားပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး"

စွမ်းရီက တင်းမာလာသောအခြေအနေကြောင့် စုဟုန်လင်းကိုလှမ်းကြည့်၍....

"ရှင်မူးနေရင် အေးအေးဆေးဆေးထိုင်နေပါ... ကျွန်မတို့ကိစ္စထဲကိုမဝင်နဲ့လေ"

သူမသည် စုဟုန်လင်းအတွက်စိုးရိမ်၍ပရိယာယ်ဖြင့်ဟန့်တားလိုက်ခြင်းဖြစ်သည်။

"ငါ့မျက်စိရှေ့မှာ ဒါမျိုးတွေမကြည့်ချင်ဘူး"

စုဟုန်လင်းက ပြန်ပြောသည်။ ကျောင်းလုထန်းသည် ရှေ့သို့လှမ်းလာပြီး စုဟုန်လင်းနှင့်ငါးပေမျှအကွာတွင် ရပ်လိုက်သည်။

စွမ်းရီကိုလက်ညှိုးထိုးပြ၍....

"မင်းနဲ့သူနဲ့ ဘာတော်လို့လဲ"

စုဟုန်လင်းကမဆိုင်းမတွဘဲ....

"အဲဒါ ငါ့ရဲ့ဇနီးလောင်း"

စွမ်းရီပင် ရုတ်တရက်အံ့ဩသွားလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား"

ကျောင်းလုထန်းက ရယ်မောလိုက်သည်။

"လက်စသတ်တော့ စွမ်းရှိရဲ့ခင်ပွန်းလောင်းကိုး"

ကျောင်းလုထန်းသည် ထိုသို့ပြောပြီး စုဟုန်လင်းနားသို့ တိုးသွားကာ လက်သီးနှစ်လုံးကိုဆက်တိုက်ထိုးသွင်းလိုက်သည်။

စုဟုန်လင်းက လျင်မြန်စွာရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းပင် ညာခြေဖြင့်ပတ်ကန်လိုက်ရာ...

"ဝုန်း..."

ကျောင်းလုထန်း၏ခါးကို ထိထိမိမိကန်မိကာ လွင့်စဉ်သွားလေသည်။

"ယား..."

ခေါင်းတုံးနှင့်မျက်နှာပြားပြားလူနှစ်ယောက်က ပြိုင်တူအော်၍ဝင်တိုက်သည်။ စုဟုန်လင်းက သူ့ရှေ့မှစားပွဲဖြင့် တွန်းထုတ်လိုက်၏။ စားသောက်ခန်းထဲတွင် ဝရုန်းသုန်းကားဖြစ်သွားလေတော့သည်။ စုဟုန်လင်းသည် လူရှစ်ယောက်နှင့် အကွက်စေ့အောင်ပင် ပြန်လည်ထိုးနှက်နေရသည်။

စားသောက်သူများ အလျှိုလျှိုထွက်သွားကြသည်။ ဆိုင်တစ်ဆိုင်လုံးလည်း စားပွဲကုလားထိုင်များ၊ အရက်အိုးများ၊ ပန်းကန်ခွက်ယောက်များ ဖရိုဖရဲပြန့်ကျဲသွားတော့သည်။ ဆိုင်တာဝန်ခံ အမျိုးသမီးကြီးသည် တစ်စုံတစ်ရာကိုရေတွက်၍ မျက်စိကိုမှိတ်ထားလေသည်။ ကျောင်းလုထန်း၏တပည့်ရှစ်ယောက်အနက် ငါးယောက်မှာ ညည်းညူ၍ လဲကျနေသည်။

ကျောင်းလုထန်းသည် သူ၏ခါးကြားမှဓားတစ်လက်ကို ထုတ်၍ စုဟုန်လင်းအား ချိန်ရွယ်ပစ်ပေါက်လိုက်သည်။



စုဟုန်လင်းသည် ရုတ်တရက် သူ့တပည့်တစ်ယောက်ကို ဆွဲယူ၍ ဓားမြှောင်ပစ်လွင့်လာသောလမ်းမှဆီး၍ ခံပေးလိုက်သည်။

အရှိန်နှင့်ပြေးလာသောဓားမြှောင်သည် ကျောင်းလုထန်းတပည့်၏မျက်လုံးတည့်တည့်သို့ စိုက်ဝင်သွားသည်။

"အား... အား"

ထိုလူသည် မချိမဆံ့အော်ဟစ်လိုက်သည်။ ထိုအခြင်းအရာကြောင့် ကျောင်းလုထန်းမျက်လုံးများပြာသွား၏။ သူသည် ကုလားထိုင်တစ်လုံးနှင့်ပြေးရိုက်ပြန်ရာ စုဟုန်လင်းက သန်မာသောလက်နှစ်ဖက်ဖြင့် ဆီးခံလိုက်သည်။

ထို့နောက် ယင်းကုလားထိုင်တို့ကိုပင် ပြန်၍ဆောင့်တွန်းလိုက်ရာ ကျောင်းလုထန်းမှာနဖူးမှသွေးများ ဖြာဆင်းသည်။

ကျောင်းလုထန်းအခြေအနေကိုရိပ်စားမိသွားပြီ ဖြစ်သည်။

သူသည် စုဟုန်လင်းကိုတစ်ချက်ကြည့်၍ သူ့တပည့်များနှင့် ဆိုင်ထဲမှ ဖရိုဖရဲထွက်သွားကြလေသည်။

ကျောင်းလုထန်းနှင့် အမှတ်မထင်ဖြစ်ပွားရသောကိစ္စသည် နောင်အခါတွင် မြို့စားကြီးဖုံးလုကျန်း၏ဂေဟာအထိ ကူးစက်သွားမည်ကို မည်သူမျှကြို၍တင်သိထားကြမည်မဟုတ်ပါ။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ပန်းဂေဟာစားသောက်ဆိုင်သည် နှစ်ရက်အတွင်း တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားသည်။ ဝင်ရောက်စားသောက်ကြသည့် ဖောက်သည်များလည်း ယခင်အတိုင်းပင်ဖြစ်သွားသည်။

ဆိုင်တာဝန်ခံအမျိုးသမီးက စွမ်းရီနှင့်စုဟုန်လင်းကို မကျေနပ်၍ ဆိုင့်မှပျက်စီးသောတန်ဖိုးကိုလျော်ခိုင်းသည့်အပြင် စွမ်းရီကို ဆိုင်မှမောင်းထုတ်လေသည်။

သို့သော် ပန်းဂေဟာပိုင်ရှင်ကသိရှိသောအခါ တစ်မျိုးတစ်ဖုံ ဖြစ်သွား၏။

ပန်းဂေဟာပိုင်ရှင်သည် မတရားမှုကိုလုံးဝမကြိုက်သည့်အပြင် ကျောင်းလုထန်း၏မိဘများကိုလည်း ပန်းဂေဟာပိုင်ရှင်က မနှစ်သက်ပေ။

ထို့ကြောင့် ပန်းဂေဟာပိုင်ရှင်သည် စုဟုန်လင်းထံမှ လျော်ကြေးမယူသည့်အပြင် စွမ်းရီအား ဆိုင်တာဝန်ခံအဖြစ် ခန့်အပ်ပြီး စုဟုန်လင်းကိုမူ ပန်းဂေဟာအား ထိန်းသိမ်းအုပ်ချုပ်သူအဖြစ် ခန့်ထားလိုက်တော့သည်။

စုဟုန်လင်းသည် စွမ်းရီအပေါ် အမှန်ပင်မေတ္တာသက်ဝင်ချစ်မိနေသော်လည်း လွန်ခဲ့သော ၁၃–နှစ်ကျော်က လန်စီကျင်းကို ပေးထားသည့်ကတိတစ်ခုရှိနေသဖြင့် သူမကိုရှာဖွေစုံစမ်းမည်ဟု ဆုံးဖြတ်ထားပေသည်။

စွမ်းရီသည် စုဟုန်လင်းက သူမအား တစ်နေ့တစ်ချိန်တွင် လက်ထပ်မည်ဟုပြောထားသဖြင့် အလွန်ပျော်နေမိ သည်။

သို့သော် သူမက စုဟုန်လင်းအား အသေအလဲချစ်နေသော်လည်း စုဟုန်လင်း စိတ်မချမ်းမသာဖြစ်မည်ကိုစိုးရိမ်၍ မည်သည့်အခါမှလက်ထပ်ပါဟု နားပူနားဆာမလုပ်ပေ။



"မင်းကိုသိပ်ချစ်ပါတယ်စွမ်းရီ… ဒါပေမဲ့ ငါ့မှာလုပ်စရာကိစ္စလေးတွေကျန်နေသေးလို့ လောလောဆယ် လက်မထပ်သေးတာပါ"

စွမ်းရီက ပြုံးလိုက်သည်။

"ကျွန်မ အစ်ကို့မေတ္တာ အစ်ကို့စေတနာကိုယုံပါတယ်၊ အစ်ကိုစိတ်ချမ်းသာအောင်နေပါ။ လက်ထပ်မဲ့နေ့ကို ကျွန်မစိတ်ရှည်ရှည်နဲ့စောင့်ဆိုင်းနိုင်ပါတယ်ရှင်"

စုဟုန်လင်းက သူမကိုမြတ်နိုးစွာကြည့်၍ပြုံးလိုက်မိသည်။

စွမ်းရီက တစ်စုံတစ်ခုကိုသတိရ၍…

"အစ်ကို့ကို သူဌေးကြီးကတွေ့ချင်လို့တဲ့"

စုဟုန်လင်းသည် ပန်းဂေဟာသူဌေးကြီးထံသို့ချက်ချင်းပင် ထသွားတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ပန်းဂေဟာပိုင်ရှင်သူဌေးကြီးသည် အသက်အတော်ကြီးပြီဖြစ်သည်။ သူသည် စုဟုန်လင်းကိုအလွန်သဘောကျနေသူဖြစ်သည်။ သူ၏ဆိုင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့်သူမှာ စုဟုန်လင်းသာဖြစ်ရမည်ဟု ယူဆထား၏။

"မောင်ရင်ဟာ သိုင်းပညာမှာ အင်မတန်ထက်မြက်တဲ့ အပြင် မျိုးချစ်စိတ်ပြင်းထန်တဲ့လူတစ်ယောက်ဆိုတာ စွမ်းရိကတစ်ဆင့်သိရတယ်"

စုဟုန်လင်းက ခေါင်းငုံ့ထားရာမှ....

"သူဌေးကြီး ခုလိုပြောတာကျေးဇူးတင်ပါတယ်... ဒါပေမဲ့ ကျွန်တော်က ဒီလောက်အထိ...."

သူဌေးကြီးက သူ့စကားမဆုံးမီ လက်ကာလိုက်သည်။

"ထားပါလေ... မောင်ရင်က ချီးကျူးစကားပြောရင်လဲ ကြိုက်မဲ့သူဟုတ်မယ်မထင်ဘူး... သြော်... ဒါထက် မောင်ရင်ရဲ့မိဘတွေက ဘယ်မှာရှိသလဲ ကျုပ်ကတတ်နိုင်သမျှကူညီရမှာပေါ့"

စုဟုန်လင်း မျက်နှာညှိုးသွားသည်။

"ကျွန်တော့်မိဘအကြောင်းတွေကိုမပြောလို့ မဖြစ်ဘူးလားခင်ဗျာ"

သူဌေးကြီးချောင်းဆူးက သူ့ကိုငေးကြည့်နေသည်။

"အေးပေါ့လေ... မင်းက ထုတ်မပြောချင်ဘူးဆိုတော့လဲ ရပါတယ်၊ ဒါပေမဲ့ ငါ့အနေနဲ့ကတော့ သိထားသင့်တယ်မဟုတ်လား"

စုဟုန်လင်း ခေါင်းညိတ်လိုက်သည်။

"သူဌေးကြီးပြောတာ မှန်ပါတယ်... ကျွန်တော့်မိဘနှစ်ပါးကလဲ မရှိတော့ပါဘူး၊ ကျွန်တော် ၁၂-နှစ်သားအရွယ်မှာ မန်ချူးတွေသတ်လို့ သေဆုံးသွားခဲ့လို့ပါ"



စုဟုန်လင်းသည် ထိုအကြောင်းကိုပြောသည့်အခါ ဒေါသသံလည်း အနည်းငယ်ပါသွား၏။ ထို့ကြောင့်လည်း စုဟုန်လင်းသည် မန်ချူးများကိုမုန်းသည့် မျိုးချစ်လူငယ်တစ်ယောက်ဖြစ်နေပါကလားဟု သူဌေးကြီးချောင်းဆူးကဆင်ခြင်မိလိုက်လေသည်။

သူဌေးကြီးကဆက်မမေးမီမှာပင် စုဟုန်လင်းက ပြောပြလိုက်သည်။

"ကျွန်တော့်အဖေနဲ့အမေက ရန်ရန်လင်းနဲ့ချို့ဝါးပါ"

"ဘာ... ဘာပြောတယ်"

သူဌေးကြီးချောင်းဆူးသည်ထိုင်ရာမှပင် ထခုန်၍အော်ဟစ်လိုက်လေသည်။ စုဟုန်လင်းမှာ ရုတ်တရက်စိုးရွံ့သွားတော့သည်။

"မင်း... မင်းက ချို့ဝါးရဲ့သား ဟုတ်လား"

စုဟုန်လင်းက ကြောက်ရွံ့စွာဖြင့်ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

သူဌေးကြီးချောင်းဆူးသည် အရွယ်နှင့်မလိုက်အောင်ပင် မျက်နှာတစ်ခုလုံး ခက်ထန်သွားတော့သည်။

"ကျောင်းချစ်... ကျောင်းချစ် ယုတ်မာတာ"

သူဌေးကြီးသည်တစ်ယောက်တည်း နာကြည်းစွာ ကြိမ်းဝါး၏။ စုဟုန်လင်းမှာ ဘာမှမသိရ၍ငေးမောနေမိသည်။

သူဌေးကြီးချောင်းဆူးသည် စုဟုန်လင်းကို သေသေချာချာကြည့်၍ အနားသို့ထသွားပြီး ကလေးတစ်ယောက်လို ဦးခေါင်းကိုရင်ခွင်ထဲထည့်၍ ပွတ်သတ်လိုက်သည်။

"မြေးလေး... ငါ့မြေးလေးစုဟုန်လင်း"

စုဟုန်လင်းသည် အံ့သြခြင်းများစွာဖြင့် ချောင်းဆူကို မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘိုးဘိုးရဲ့မြေး ဟုတ်လား"

"ဟုတ်တာပေါ့… လူလေးရယ်၊ ဟုတ်တာပေါ့… ချိုဝါးဟာ ဘိုးဘိုးသမီး အရင်းပါ"

စုဟုန်လင်းသည် ဝမ်းသာဝမ်းနည်းဖြစ်သွားရသည်။

သူသည် ဘိုးဘိုးဖြစ်သူ ချောင်းဆူးကိုမော့ကြည့်၍…

"ဘိုးဘိုးက ဒီလောက်ချမ်းသာရဲ့သားနဲ့မေမေက ဘာလို့ ဆင်းဆင်းရဲရဲသေရတာလဲ"

ချောင်းဆူး၏မျက်နှာတွင် ဝမ်းနည်းစရာများပေါ်လာတော့သည်။

ဝဝဝဝ

သူဌေးကြီးချောင်းဆူးနှင့် သူဌေးကြီးကျောင်းချစ်တို့သည် ရင်းနှီးသောမိတ်ဆွေများဖြစ်ကြသည်။ သို့သော် ကျောင်းချစ်လောက် ချောင်းဆူးကမချမ်းသာပေ။ သမီးဖြစ်သူက ရန်ရန်လင်းနှင့်ယူလိုက်သောအခါ ချောင်းဆူးက သဘောမတူ၍မောင်းထုတ်လိုက်သည်။

ထိုအခါ သူဌေးကြီးကျောင်းချစ်က မိတ်ဆွေကောင်းပီသစွာဖြင့် ရန်ရန်လင်းနှင့်ချိုဝါးတို့ကို သူပိုင်ဆိုင်သောခြံကြီးတစ်ခုတွင် ခေါ်ထားလိုက်လေသည်။

ကျောင်းချစ်သည် ယခုကဲ့သို့ခေါ်ယူထားရင်းမှ သူ၏အကျင့်စရိုက်များက ပေါ်ထွက်လာသည်။ ချိုဝါးကို သူသည် နှစ်သက်စွဲလန်းနေ၏။

ရန်ရန်လင်းမရှိသည့်အခါများတွင် ချိုဝါးကို အမြဲတမ်းချစ်ရေးသွားရောက်ဆိုသည်။

ချိုဝါးကငြင်းပယ်သည်။



သူမ၏သားတစ်ယောက် ဆယ် နှစ်ကျော်လာသည့်အရွယ်ထိ ကျောင်းချစ်သည် ချိုဝါးကို အမြဲတမ်းချစ်ရေးဆိုလျက်ရှိနေသည်။

တစ်နေ့ ကျောင်းချစ်က မတရားပြုကျင့်ရန်ကြံသည်ကို ရန်ရန်လင်းကသိ၍ သူဌေးကြီးကျောင်းချစ်အား ဓားနှင့်ဆီးခုတ်ရာ ဒဏ်ရာရရှိသွားသည်။

ကျောင်းချစ်သည် ထိုကိစ္စကို အခဲမကျေနိုင်ဖြစ်ပြီး မန်ချူးရဲမက်များကိုငွေပေး၍ မြှောက်ပင့်ပြောဆိုသောအခါ မန်ချူးရဲမက်များကရိုက်နှက်ပြီး ချုပ်နှောင်ဖမ်းဆီးရန်ခေါ်သွားသည်။

ထို့နောက် လင်မယားနှစ်ယောက်စလုံးကို သတ်ပစ်လိုက်သည်ဟု သူဌေးကြီးချောင်းဆူးကြားသိရသည်။ သူ၏မြေးကလေးမှာ ပျောက်ဆုံးနေသည်။

ချောင်းဆူးသည် စုဟုန်လင်းကိုပြောပြ၏။

"သူက ငွေကြေးချမ်းသာလွန်းတော့ ဘိုးဘိုးက ဒါတွေသိပေမဲ့မယှဉ်ရဲဘူးလူလေးရယ်၊ ဒါပေမဲ့ အခုငါ့မြေးကိုတွေ့ရလို့ ဘိုးဘိုး ဝမ်းသာပါပြီလေ"

စုဟုန်လင်းမှာ အဟောင်းများအသစ်ဖြစ်သွားရသဖြင့် ဒေါသများ ထောင်းခနဲထလာတော့သည်။

"ကျောင်းချစ်ဆိုတာ ဘယ်သူလဲဘိုးဘိုး"

ချောင်းဆူးကမဲ့ပြုံးပြုံးလိုက်သည်။

"ဟင်း… ငါ့မြေးနဲ့ဆုံတတ်ပါပေတယ်… တစ်နေ့က ငါ့မြေး ဆုံးမလိုက်တာ သူ့သားကျောင်းလုထန်းပေါ့ကွယ်"

စုဟုန်လင်း သဘောပေါက်သွားသည်။

သူသည် ခပ်ပြုံးပြုံးဖြင့် ခေါင်းကိုတဆတ်ဆတ်ညိတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လူယုံတော်မှာ... တစ်နေ့ ကျွန်တော်နဲ့တွေ့မယ်ဘိုးဘိုး"

ချောင်းဆူးသည်ဒေါသများ ဖြင်းထန်နေမိသော်လည်း စုဟုန်လင်းကိုပြုံးပြလိုက်သည်။

"အာဃာတ သိပ်မထားပါနဲ့လူလေးရယ်... သူ့ရဲ့ကံတရားအတိုင်းစီမံသွားပါလိမ့်မယ်"

စုဟုန်လင်းသည် ဘိုးဘိုးဖြစ်သူ စိတ်မချမ်းမသာဖြစ်မည်စိုး၍ ပါးစပ်ဓေ့ထားလိုက်သည်။ ချောင်းဆူးက ဝမ်းသာကျေပ်နေမိ၍ လက်နှစ်ဖက်ကို တအားဆုပ်ကိုင်ထားလိုက်သည်။

"ဒီနေ့ဟာ ငါ့သိပ်ကံကောင်းတဲ့နေ့ပဲ... လူလေးကိုခေါ်ရတာက တခြားကိစ္စတစ်ခုရှိလို့ပါ"

"ပြောပါ ဘိုးဘိုး"

"လူလေးက အုပ်ချုပ်ရေးမှူးဆိုတော့ ပန်းဂေဟာကို ကာကွယ်ဖို့ လုံခြုံရေးဝန်ထမ်းလိုအပ်မယ် မဟုတ်လား၊ ဒါကို ဘိုးဘိုးကလူတစ်ယောက်ပေးမလို့ပါ"

စုဟုန်လင်းက....

"ဘိုးဘိုးမှာ ရည်ရွယ်ထားတဲ့လူရှိနေလို့လား"

ချောင်းဆူးက ခေါင်းညိတ်လိုက်သည်။

"အေးကွယ့်... ဘိုးဘိုးမှာ လူတစ်ယောက်ရှိနေတယ်၊ ဘိုးဘိုးရဲ့ကျေးဇူးရှင်ဆိုလဲ မမှားဘူး၊ ဟိုတလောက ဘိုးဘိုးပိုင်ဆိုင်တဲ့ပစ္စည်းကို လူဆယ်ယောက်ကမီးရှို့ဖျက်ဆီးဖို့ကြိုးစားကြတယ်၊ သူ့ကြောင့် နှစ်ယောက်သေပြီး ရှစ်ယောက်ကိုဖမ်းဆီးမိတယ်လေ"

စုဟုန်လင်းက ခေါင်းညိတ်လိုက်သည်။

"ဟာ... သိပ်တော်တဲ့လူပဲ၊ သူ့ကို ဘိုးဘိုးစောင့်ရှောက်သင့်တာပေါ့"



ချောင်းဆူးက ဆက်၍....

"တစ်ခါတည်း ဘိုးဘိုးပြောလိုက်မယ်... ပန်းဂေဟာကို ငါ့မြေးကြီးပိုင်ဆိုင်ခွင့်ရှိတယ်ကွယ့်၊ အားလုံးကို လူလေးပဲ စီမံအုပ်ချုပ်ပေတော့"

စုဟုန်လင်းက ချောင်းဆူးကိုရှိခိုးဂါရဝပြုလိုက်သည်။

"စိတ်ချပြီးနေပါဘိုးဘိုး"

"ကောင်းပြီကွယ်... ဒီည ငါ့မိတ်ဆွေလေးကိုလွှတ်လိုက်မယ်"

၀၀၀၀

စုဟုန်လင်းက သူ၏အဘိုးနှင့်ဆုံတွေ့ခဲ့ရပုံများကို ပြောပြသောအခါ စွမ်းရိတစ်ယောက် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာသွားလေသည်။

သူမသည် ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျလာသည်။

မိန်းကလေးအချို့သည် ဝမ်းသာသည်ဖြစ်စေ ဝမ်းနည်းသည်ဖြစ်စေ မျက်ရည်ကျတတ်ကြသည်မဟုတ်ပါလား။

"ကျွန်မ သိပ်ဝမ်းသာတယ်အစ်ကိုရယ်... အစ်ကိုက အမြဲတမ်းကံကောင်းနေသူပါ"

စုဟုန်လင်းက မျက်မှောင်ကြုတ်လိုက်သည်။

"အစ်ကိုက ကံကောင်းနေသူဆိုတော့ ညီမကကော ကံဆိုးနေလို့လား"

စွမ်းရိက အားနည်းစွာ ပြုံးလိုက်သည်။

"ကျွန်မနဲ့အစ်ကိုက ထိုက်တန်တဲ့လူမဟုတ်တော့ဘူး... အစ်ကို့လို ပန်းဂေဟာကိုပိုင်ဆိုင်တဲ့လူ...."

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းက သူမ၏နှုတ်ခမ်းကိုလှမ်း၍ပိတ်လိုက်သည်။

"အဲဒီစကားထပ်ပြောရင် ကျုပ်ကစိတ်ဆိုးမှာဗျ"

စွမ်းရီက မချိုမြိုးလေးပြုံးပြလိုက်လေသည်။ ထိုအခိုက် ပန်းဂေဟာသို့ လူတစ်ယောက်အပြေးအလွှားဝင်လာသည်။

ထိုလူမှာ ရတနာကုန်သည်ကလေး စီးဝမ်ပင်ဖြစ်လေသည်။

စီးဝမ်သည် စုဟုန်လင်းကိုတွေ့ရသည်နှင့်....

"အစ်ကိုက စုဟုန်လင်းနော်"

စုဟုန်လင်းကခေါင်းညိတ်ပြလိုက်သည်။

စွမ်းရီသည် စုဟုန်လင်းအပေါ် အခြားလူများက အထင်သေးနေမည်စိုး၍ သူမက ကပျာကယာဝင်၍...

"သူက စုဟုန်လင်းဖြစ်သလို ပန်းဂေဟာပိုင်ရှင်တစ်ယောက်ဆိုလဲ မမှားပါဘူးရှင်"

စီးဝမ်မှာ မျက်မှောင်ကြုတ်သွားမိသည်။ သူက လူမှားပြန်ပြီဟုထင်မိလိုက်သည်။

စီးဝမ်က အနည်းငယ်လေးစားလာသောအမူအရာဖြင့်....

"အစ်ကိုက စုဟုန်လင်းဆိုရင် တစ်ဖောက်ကန်းထုပင်းကိုသိမှာပေါ့"

စုဟုန်လင်း ခေါင်းထောင်သွားတော့သည်။

"သိတယ်... သူ အခုဘယ်မှာလဲ"

စီးဝမ်သည် စုဟုန်လင်းလက်ကိုဆွဲ၍ ဆိုင်ထဲမှအပြေးအလွှားထွက်သွားတော့သည်။

၀၀၀၀



စုဟုန်လင်းက စီးဝမ်၏ညီမနှင့်အစ်မတို့ကို သူခရီးဆုံးအထိပို့ခဲ့ရပုံများ နောက်ပိုင်း သူနှင့်ယခုတိုင်ပြန်မဆုံမိသေးပုံများကိုပြောပြ၏။ ထုပင်းက ဝင်၍...

"မသေသေးရင်တော့ မင်းတို့မောင်နှမတွေ တစ်နေ့မဟုတ်တစ်နေ့ တွေ့ရမှာပေါ့ကွယ်"

ဟု စိတ်သက်သာရာရရန် ဝင်ပြော၏။ ထို့ပြင် အတိတ်ကိုအတိတ်မှာပင်ထားခဲ့ရန် ထုပင်းက ဆုံးမစကားများကိုပြောကြားသည်။ သူတို့သည် ထုပင်းစကားကိုမည်သို့မျှပြန်လည်ချေပနေခြင်းမပြုသော်လည်း စိတ်ထဲကတော့ ကျေနပ်ချင်ပုံမရပေ။

စုဟုန်လင်းက....

"ဆရာတို့ကအသက်ကြီးပြီပဲ... အေးအေးဆေးဆေး အနားယူကြပါတော့၊ ကျွန်တော်တို့မှာ သမိုင်းကတင်ခဲ့တဲ့အကြွေးတွေ ရှိနေသေးတယ်"

ထိုစဉ် ထုပင်း၏မိတ်ဆွေတစ်ဦးရောက်လာသည်။

ထိုသူမှာ မျက်နှာတွင် ဓားဒဏ်ရာအမာရွတ်ကြီးရှိနေသဖြင့်ကြည့်ရသည်မှာ အရုပ်ဆိုးလှပေ၏။

စုဟုန်လင်းက သေသေချာချာကြည့်သောအခါ ကောက်ဝီဖြစ်နေသည်ကိုတွေ့ရှိလိုက်၏။ ကောက်ဝီက စုဟုန်လင်းအား....

"မင်းပြောတာကို ငါထောက်ခံပါတယ်... ဒါပေမဲ့ ကိုယ့်မှာအဘက်ဘက်ကပြည့်စုံဖို့ အရေးကြီးတယ်၊ အေး... ငါတို့တစ်တွေမှာအတော့်ကိုဒုက္ခရောက်ခဲ့ကြတယ်၊ ကုမုထိဆိုရင် သူချစ်သူနဲ့ပြန်ပေါင်းမယ်လို့ကြံကာရှိသေးတယ် အဖြစ်ဆိုးနဲ့ကြုံသွားရပြီ"

ကောက်ဝီသည်ပြောပြီး ခပ်ကုတ်ကုတ်ထိုင်နေသောလူတစ်ယောက်ဘက်သို့လှည့်၍ လက်ညှိုးထိုးရင်း....

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကျွေ့ရှူးကိုတော့မှတ်မိမှာပေါ့… ခုဆို သူ့ခြေတွေလက်တွေ အချိုးခံထားရလို့ ဘာမှအသုံးမကျတော့ဘူး"

စုဟုန်လင်းသည် ယခုမှကျွေ့ရှူးကိုတွေ့သွားသည်။ သူ၏ခြေလက်များမှာ ယခင်ကကဲ့သို့ သန်စွမ်းမှုမရှိတော့ပေ။

ကောက်ဝီက ဆက်ပြောသည်။

ချန်ကျူးမြို့ကြီးသည် အရှေ့ခြမ်းအနောက်ခြမ်းဟူ၍ ခွဲခြားခေါ်ဝေါ်ကြသည်။ အရှေ့ခြမ်းတွင် သူဌေးသူကြွယ်များပေါများသကဲ့သို့ အနောက်ခြမ်း၌ လူလတ်တန်းစားများနေထိုင်ကြ၏။

ယင်းအနောက်ခြမ်းတွင် အလွန်ကျယ်ဝန်း၍ ကြီးမားသောအိမ်ကြီးတစ်လုံးရှိနေသည်။ ထိုအိမ်ကြီးကို မကြာမီကမှ သူဌေးလေးတစ်ဦးကဝယ်ယူလိုက်ခြင်းဖြစ်သည်။

သို့သော် သူဌေးလေးဆိုသူက နေထိုင်ခြင်းမရှိပါ။

အမှန်တကယ်ပြောင်းလာသူမှာ ဒုက္ခိတတစ်ဦးဖြစ်သည်။

ယခု ထိုဒုက္ခိတလင်မယားအပြင် အခြားယောကျ်ားကြီးလေးငါးဦးလည်း ထိုအိမ်ကြီး၌ပင် အတူတကွ နေထိုင်လျက်ရှိနေပေသည်။ ဒုက္ခိတလင်မယားဆိုသည်မှာ ထုပင်းတို့ဇနီးမောင်နှံကိုဆိုလိုခြင်းဖြစ်သည်။

၀၀၀၀

စုဟုန်လင်းသည် ထုပင်းကိုတွေ့ရသည်နှင့်ဖက်ပြီး ငိုယိုနေတော့သည်။ ထုပင်းကလည်း ကျလုဆဲဆဲ သူ့မျက်ရည်စကို အချိန်မီသုတ်လိုက်၏။

"လူလေး… မင်း ဘာလို့ဝမ်းနည်းရတာလဲ၊ မင်းကို အခုလိုတွေ့ရတော့ ငါသိပ်ဝမ်းသာနေတာ"



စီးဝမ်နှင့်ယွမ်းရန်အပြင် အခြားလူများသည် သူတို့နှစ်ဦးကိုကြည့်၍ဝမ်းနည်းနေကြသည်။

"ဦးဦး ဖေဖေ အခုလိုဖြစ်ရတာ"

ထုပင်းလက်ကာပြ၍….

"ဒါတွေ မပြောနဲ့တော့လူလေးရယ်… အခု ငါစိတ်ချမ်းသာနေပြီ၊ အားလုံးဟာစီးဝမ်ရဲ့ကျေးဇူးတွေပဲ… ဟော့ စီးဝမ် မင်းသူ့ကိုပြောပြပြီးပြီလား"

ထုပင်းကစီးဝမ်ကိုလှမ်းမေးသည်။

စီးဝမ်ကခေါင်းယမ်းလိုက်သည်။

"ကျွန်တော် ဘာမှမပြောခဲ့သေးဘူး"

ထုပင်းက စီးဝမ်ကိုညွှန်ပြ၍….

"သူဟာ မြို့စားဂေဟာက ထွက်ပြေးလွတ်မြောက်သွားတဲ့ လန်စီကျင်းရဲ့မောင်လေး စီးဝမ်လေ"

စုဟုန်လင်းသည် စီးဝမ်ကိုသေသေချာချာကြည့်ကာ သွားရောက်ပြီး….

"မှုံကြွယ်ဂိုဏ်းသားတွေလဲ တော်တော်လေးဒုက္ခရောက်နေကြတယ်၊ ဒါပေမဲ့ အခုတော့ ပူစရာမလိုပါဘူး၊ ငါတို့တစ်တွေကိုပစ်မထားရက်တဲ့စီးဝမ်လို လူငယ်တွေပေါ်ပေါက်လာလို့ ကျေနပ်ပါတယ်ကွာ၊ အခု တို့ကပွဲကြည့်ပရိသတ်ဖြစ်နေပြီ၊ မကြာခင်က နာမည်ကျော်လာတဲ့ကိုယ်ပျောက်သိုင်းသမားဆိုတာ မင်းတို့လဲကြားဖူးမှာပေါ့… သူဟာ မှုံကြွယ်ဂိုဏ်းရဲ့အစွယ်အပွားလားတော့ မပြောတတ်ဘူး… အတော်ချီးကျူးဖို့ကောင်းတဲ့လူတစ်ယောက်ပဲ"

ကောက်ဝီ၏စကားဆုံးသည်နှင့်ထုပင်းက….

"သူဘာပဲဖြစ်ဖြစ်လေ ကိုယ်ပျောက်သိုင်းသမားဟာ [illegible]ချူး

www.burmeseclassic.com

www.burmeseclassic.com



ကိုသုတ်သင်တဲ့နေရာမှာတော့ အတော်ပိရိပြီး သူ့ရဲ့သိုင်းပညာဟာလဲ ဘယ်အဆင့်ထိရောက်နေတယ်ဆိုတာ မခန့်မှန်းနိုင်အောင်ဖြစ်နေတယ်"

စီးဝမ်သည် စုဟုန်လင်းကိုလှမ်းကြည့်၍....

"အစ်ကိုတော့ မဟုတ်ပါဘူးနော်"

ဟုကျီစယ်လိုက်လေသည်။

စုဟုန်လင်းက....

"ငါက ပန်းဂေဟာရဲ့ဂိုင်ရှင်ဆိုတာလဲ မှန်ပါတယ်ကွာ"

သူသည် ထိုသို့ပြောပြီး ထုပင်းတို့ဘက်လှည့်ကာ....

"ကျွန်တော် ပန်းဂေဟာကိုပိုင်ဆိုင်ခွင့်ရထားတာ တစ်ချိန်က တော်လှန်ရေးသမားကြီးတွေအတွက် ပိုပြီးအထောက်အကူဖြစ်စေပါ့မယ်"

စုဟုန်လင်းနှင့်စီးဝမ်တို့သည် စကားပြောမကုန်နိုင်အောင်ရှိနေကြသော်လည်း စုဟုန်လင်းမှာ ပန်းဂေဟာတာဝန်ရှိနေ၍ အားလုံးကိုနှုတ်ဆက်လိုက်လေသည်။

စီးဝမ်ကလည်း....

"ကျွန်တော်လဲ ရတနာရောင်းရင်းနဲ့ဟုန်းယန်းမြို့က ချစ်သူဆီကိုသွားရဦးမယ်ဗျ"

ဟု ရယ်ကာမောကာပြော၍လမ်းခွဲလိုက်ကြတော့သည်။

၀၀၀၀



ပန်းဂေဟာပိုင်ရှင်သည် သူဌေးကြီးချောင်းဆူး၏မြေး စုဟုန်လင်းဖြစ်သည်ဟူသောသတင်းသည် ချန်ကျူးတစ်မြို့လုံးနီးနီးပျံ့နှံ့သွားတော့သည်။

ထို့ပြင် သူဌေးလေးစုဟုန်လင်းနှင့်အုပ်ချုပ်ရေးမှူးစွမ်းရိတို့သည် မကြာမီလက်ထပ်လိမ့်မည်ဟူသည့်သတင်းမျိုးကိုလည်း အမျိုးသမီးတိုင်း အတော်များများက ပြောဆိုဝေဖန်နေကြပြီဖြစ်သည်။

စုဟုန်လင်းကား ထိုကိစ္စများကို စိတ်မဝင်စားနိုင်ပါ။ ပန်းဂေဟာကိုတစ်မျိုးတစ်ဖုံ သစ်လွင်လာအောင်ကြိုးစားနေသည်။

ယခင်ကထက် အစစအရာရာသာလွန်းအောင် ဖန်တီးနေခြင်းဖြစ်၏။ သူသည် သူ၏သီးသန့်ခန်းထဲ၌အနားယူနေစဉ်....

အသက်ဆယ့်ရှစ်နှစ်ခန့်ရှိမည်ဟု ထင်ရသောမိန်းကလေးတစ်ဦးကရောက်ရှိလာလေသည်။ သူမသည် ကိုယ်လုံးကိုယ်ပေါက်သွယ်လျလျနှင့်မိန်းမချောကလေးတစ်ဦးဖြစ်သော်လည်း သူမ၏အမူအရာမှာ ရဲတင်းဖျတ်လတ်လှပေသည်။

"ရှင်က ပန်းဂေဟာရဲ့သူဌေးလေးလား"

သူမက ရဲရဲတင်းတင်းပင် မေးလိုက်သည်။

စုဟုန်လင်းသည် သူမကိုစူးစိုက်ကြည့်နေမိ၏။

သူနှင့်ရင်းရင်းနှီးနှီးခင်မင်ခဲ့ဖူးသောရုပ်ရည်မျိုးဖြစ်နေ၍ စဉ်းစားနေမိသည်။ သို့သော် အဖြေက ပေါ်မလာပေ။

"ဟုတ်ပါတယ်... ညီမက ဘယ်ကလဲ... ဘာကိစ္စလဲ"

သူမက မထီလေးစားအမူအရာမျိုးဖြင့်....

"ကျွန်မကို ဘိုးဘိုးချောင်းဆူးက လွှတ်လိုက်လို့"

စုဟုန်လင်း ယာခုမှသတိရသွားသည်။ ပန်းဂေဟာလုံခြုံမှုအတွက် သူ၏ကျေးဇူးရှင်တစ်ယောက်ကိုလွှတ်လိုက်မည်။

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးအရာရှိခန့်ထားမည်ဟုဆိုသူမှာ ဤမိန်းကလေးများဖြစ်လေမလားဟုတွေးမိရာက....

"မင်းက လူတစ်ယောက်ကိုဖမ်းပေးခဲ့တယ်ဆိုတဲ့သူလား"

မိန်းကလေးကရယ်ကျဲကျဲလုပ်၍....

"ဘာလဲ... ရှင်က မသိသလိုလို ဘာလိုလိုနဲ့"

သူမကမျက်စောင်းထိုး၍ပြောလိုက်သည်။ စုဟုန်လင်းက သူ၏စိတ်ကိုတည်ငြိမ်အောင်ထား၍ စဉ်းစားနေ၏။

"ကဲ... မင်းနာမည်ပြော"

"စီးဟုန်"

မိန်းကလေးက ခပ်ပြတ်ပြတ်ပင် ပြန်၍ပြောလိုက်ရာ စုဟုန်လင်းမှာမျက်လုံးများ ပြူးကျယ်သွားတော့သည်။

၀၀၀၀

သူသည် မြင်ဖူးသည်ဟု ထင်မြင်နေမိသည်မှာမမှားပါ။ ယခုမှ သေသေချာချာရုပ်ဖမ်းမိတော့သည်။

"စီးဟုန်"

သူက အားရှိပါးရှိခေါ်လိုက်သည်ကို သူမက စုဟုန်လင်းအား မျက်လုံးအပြူးသားဖြင့်ငေးကြည့်နေရင်းမှ....

"ဟုတ်တယ်လေ... ကျွန်မနာမည် စီးဟုန်... ရှင်က ဘာဖြစ်သွားတာလဲ"

စုဟုန်လင်းက ဝမ်းသာအားရဖြင့်....

"ငါ့ကို နင်သေသေချာချာကြည့်စမ်း"

စီးဟုန်သည် စုဟုန်လင်းကိုငေးကြည့်နေမိ၏။ သို့သော် သူမထံမှ မည်သည့်အဖြေမှထွက်မလာသဖြင့် စုဟုန်လင်းက....



"ငါက စုဟုန်လင်းလေ... နင် မသိတော့ဘူးလား"

စီးဟုန် မျက်နှာကလေး တဖြည်းဖြည်းဝင်းပလာသည်။ သူမ ပြန်လည်မှတ်မိသွားပြီဖြစ်သည်။

"ဟယ်... အစ်ကို အစ်ကိုစုဟုန်လင်း"

စီးဟုန်သည် စုဟုန်လင်းအားပြေး၍ဖက်လိုက်တော့သည်။

စီးဟုန်သည်ဖက်ထားရာမှာပြန်ခွာ၍ စုဟုန်လင်းအား စိုက်ကြည့်ကာ....

"ဒါထက် မမကော"

စုဟုန်လင်း ပါးစပ်ဟသွားသည်။

"ငါကနင့်ကိုမေးရမှာ"

စီးဟုန်က....

"အစ်ကို ညာတာလား"

စုဟုန်လင်းကခေါင်းယမ်း၍....

"မညာပါဘူး... ဘာဖြစ်လို့လဲ"

စီးဟုန်ကနှုတ်ခမ်းစူလိုက်သည်။

"သူက ကျွန်မကိုတောင်သိပ်ပြီး သံယောဇဉ်ရှိတာမဟုတ်ဘူး၊ အစ်ကို့ကိုမတွေ့တွေ့အောင်ရှာမယ်ဆိုပြီး ကျွန်မကိုလမ်းခွဲသွားတယ်"

စုဟုန်လင်းသည် စိတ်ပျက်စွာဖြင့် သက်ပြင်းချလိုက်သည်။

"ငါလဲ လိုက်ရှာတာပါပဲစီးဟုန်ရယ်"

စုဟုန်လင်းက မသက်မသာပြောလိုက်လေသည်။

ထိုစဉ် စွမ်းရိက အခန်းထဲသို့ရောက်ရှိလာသည်။

သူသည် စီးဟုန်နှင့် ရင်းရင်းနှီးနှီးတွေ့လိုက်ရသဖြင့် စုဟုန်လင်းအား မျက်မှောင်ကြုတ်၍ကြည့်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းက....

"သူက ဘိုးဘိုးရဲ့ကျေးဇူးရှင်လေ... ပန်းဂေဟာမှာလုံခြုံရေးမှူးတာဝန်ကိုယူမယ့်သူပေါ့။ စီးဟုန် သူကအုပ်ချုပ်ရေးမှူးစွမ်းရိတဲ့"

စီးဟုန်က စွမ်းရိဘက်သို့လှည့်၍ဦးညွတ်ကာ....

"ဟုတ်ကဲ့မမ... ကျွန်မကစီးဟုန်ပါ၊ ဘိုးဘိုးချောင်းဆူးက လွှတ်လိုက်တာပါ"

စွမ်းရိ ပြန်လည်ပြုံးပြလိုက်သည်။ သို့သော် သူမ၏အပြုံးမှာသိပ်ပြီးလှိုက်လှိုက်လှဲလှဲမရှိရှာပေ။

ဝဝဝဝ

ကြည်နူးဖွယ်ရာကောင်းသော နံနက်ခင်း၏နေရောင်ခြည်သည် ဟုန်းယန်းမြို့ပေါ်သို့ဖြန့်လျက်ထားပြီးဖြစ်သည်။ မိုးဆမ်းပန်းစားသောက်ဆိုင်သည် နံနက်ခင်းနေရောင်ခြည်နှင့်အတူ စည်ကားစပြုလာပြီဖြစ်သည်။

စီးဝမ်သည် နွားနို့ပူပူတစ်ခွက်ကိုသောက်နေစဉ်မှာပင် သူ၏မိတ်ဆွေဂင်တိုဖုကန်းရောက်ရှိလာသည်။

"မင်းက နွားနို့သောက်နေတယ် ဟုတ်လား... ခုလောက်ဆို ရှန်းလျှံက မင်းကိုဒေါသဘယ်လောက်ဖြစ်နေမလဲ"

စီးဝမ်က....

"ဘာဖြစ်လို့လဲကွ"

ဂင်တိုဖုကန်းကမျက်စောင်းထိုး၍....

"ဘာဖြစ်ရမှာလဲကွ... နောက်ဆယ်ရက်လောက်မှာမှ မင်းရောက်မလာရင် သူကသေတောင်သေသွားနိုင်တယ်"

စီးဝမ်ရယ်လိုက်သည်။



"ငါလဲ လာချင်တာပေါ့ကွာ... ကုန်သည်ဆိုတာက မင်းသိတဲ့အတိုင်းပဲ"

"ကဲပါ... မင်း သူ့အိမ်ကိုမသွားတော့ဘူးလား"

"သွားမှာပေါ့"

"ကောင်းပြီ... မင်းသွားပေတော့ ငါ့ကိုအရက်ဝယ်ပေးခဲ့"

စီးဝမ် နှာခေါင်းရှုံ့လိုက်သည်။

"စောစောစီးစီး မင်းမလွန်ဘူးလား"

"အဲ့ဒါက ငါ့အလုပ်ပါ"

စီးဝမ်က တစ်စုံတစ်ခုကိုသတိရ၍....

"ဖုကန်း... မင်းကိုငါခိုင်းထားတဲ့ကိစ္စ"

ထိုအခါမှ ဖုကန်းသတိရသွားပြီး သူ၏အိတ်ထဲမှစာရွက်တစ်ရွက်ကိုထုတ်ပေးလိုက်သည်။ စီးဝမ်သည် စာရွက်ပေါ် ရေးသားထားသောမြေပုံများကိုကြည့်၍ သဘောကျကျေနပ်သွားလေသည်။ သူသည် ဖုကန်းအတွက်ငွေထုပ်တစ်ထုပ်ကိုပစ်ပေးခဲ့ပြီး မိုးဆမ်းပန်းမှထွက်ခွာသွားလေသည်။

ရှန်းလျှံသည် စီးဝမ်မလာသည်မှာကြာသည့်အတွက် သူ့ကိုမြင်သောအခါ ငိုယိုပြီးစိတ်ကောက်နေသည်။ စီးဝမ် စိတ်မကောင်းဖြစ်သွားသည်။ သူသည် ရှန်းလျှံစိတ်ကျေနပ်စေရန် အမျိုးမျိုးချော့မော့ရလေသည်။

သူမ၏ဦးလေးသည် စီးဝမ်၏မိဘမျိုးရိုးကိုသိထားရသည့်ပြင် စီးဝမ်ကလည်းရိုးသားသဖြင့် သဘောတူထားသည်။ လူငယ်တွေစိတ်ချမ်းသာစေရန် လွတ်လွတ်လပ်လပ်တွေ့ခွင့်ပေးထားသည်။

စီးဝမ်က သူ အခြားမြို့မှဝယ်ယူလာသည့်လက်ဆောင်များနှင့်ချော့မော့တော့မှ သူမ စိတ်ဆိုးပြေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးဝမ်က နောက်လ ထဲတွင် ဆက်ဆက်လက်ထပ်ပါမည်ဟု ကတိပေးသောအခါ ရှန်းလျှံသည် အလွန်အမင်းစိတ်ပျော်ရွှင်သွားလေသည်။

သူမသည် ဟင်းလျာများကို ကိုယ်တိုင်ကိုယ်ကျချက်ပြုတ်၍ စီးဝမ်အားညစာကျွေးလေသည်။ စီးဝမ်မှာ ချစ်သူကျွေးသော ညစာကြောင့် စိတ်လက်ကြည်နူးသွားရတော့၏။

ဝဝဝဝ

နေပြည်တော်ကြီးသို့သွားသော လမ်းမကြီးတစ်ခုဖြစ်သည်။ ထိုလမ်းမကြီးပေါ်တွင် မြင်းဆယ်ကောင်နှင့်မန်ချူးစစ်သည် ဆယ်ယောက်သည် သူတို့၏မြင်းများကိုဒုန်းစိုင်း၍ ပြေးလွှားနေပေသည်။ လွှင့်ထူကိုင်ဆောင်လာသောအသံများကိုကြည့်ခြင်းအားဖြင့် ဘုရင့်ဘဏ္ဍာတော်များပို့ဆောင်သည့်အဖွဲ့ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ သူတို့သည် အနယ်နယ်အရပ်ရပ်မှဘဏ္ဍာငွေများကို မြို့စားကြီးများထံမှတစ်ဆင့် နေပြည်တော်သို့ပို့ဆောင်ပေးရခြင်းဖြစ်သည်။

ထိုအခါ ဘဏ္ဍာငွေများ လုံခြုံမှုအတွက် အကောင်းဆုံးနှင့် သိုင်းပညာကျော်ကြားသည့်စစ်သည်များကိုသာ ရွေးချယ်၍စေလွှတ်ခြင်းဖြစ်လေသည်။

အလယ်မှမြင်းပေါ်တွင် ဘဏ္ဍာတော်သေတ္တာပါလာ၏။ သူ့ရှေ့မှမြင်းသုံးကောင်သည် အလံများထောင်၍ကိုင်လာကြသည်။ ဘဏ္ဍာသေတ္တာ၏နောက်တွင် ဓားရှည်ကိုယ်စီချိတ်ဆွဲထားသော စစ်သည်တော်ခြောက်ယောက်တိတိပါရှိလာပေသည်။

သူတို့သည် မြင်းများကို မညှာမတာတမ်း ဒုန်းစိုင်းလျက်ရှိနေ၏။



သူတို့သည် ဤလမ်းများကို မကြာခဏသွားရောက်ခဲ့ဖူးသူများသာဖြစ်ပေသည်။ ယခင်က လေးငါးယောက်ဖြင့် ပို့ဆောင်ခဲ့သော်လည်း ယခုအခါ သူတို့သည်ကြားထားရသောသတင်းကြောင့် ဆယ်ယောက်တိတိလိုက်ပါပို့ဆောင်ကြခြင်း ဖြစ်သည်။

သူတို့ကြားရသောသတင်းကား မမှားပါချေ။ တောင်ကြားလမ်းတစ်ခုကိုဖြတ်ကျော်မိသည်နှင့်လူငါးယောက်သည် သူတို့၏မြင်းများရှေ့၌ ရပ်တန့်နေသည်ကိုတွေ့ရှိလိုက်ရလေသည်။

ဝဝဝဝ

လူငါးယောက်စလုံး မျက်နှာဖုံးများအုပ်ထားသဖြင့် မည်သူမည်ဝါမှန်းမသိကြရပေ။ ဘဏ္ဍာပို့ဆောင်သူတို့သည် မည်သို့မှမေးမြန်းစစ်ဆေးခြင်းမပြုတော့ပါ။ ဘဏ္ဍာတော်လုမည့်ဓားပြများဖြစ်သည်ကိုသိရှိထားပြီးဖြစ်သည်။ ထို့ကြောင့်ပင် လုံးဝတုံ့ဆိုင်းခြင်းမရှိဘဲ ထိုလူငါးဦးကိုစတင်တိုက်ခိုက်လေတော့သည်။

မျက်နှာဖုံးစွပ်ဓားပြငါးဦးသည် ဘဏ္ဍာငွေသေတ္တာ သူတို့လက်ထဲရောက်ရှိနိုင်ရန် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိ၏။ အော်ဟစ်သံများ၊ အားမာန်သွင်းသံများ၊ ဓားချင်းထိခိုက်သည့်အသံများသည် တောလမ်းကလေး၌ တစ်မုဟုတ်ချင်း ဆူညံသွားတော့သည်။

ဝဝဝဝ

မန်ချူးရဲမက်ခြောက်ယောက်ကား ခေသူများမဟုတ်ပေ။ သူတို့၏ခုခံကာကွယ်တိုက်ခိုက်မှုများသည် တိကျသွက်လက်၍ ဆန်းပြားသောတိုက်ကွက်များကို အသုံးပြုလိုက်လေသည်။

ထိုအခါ မမျှော်လင့်ဘဲဓားပြသုံးဦးကျဆုံး၍ သူတို့ဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဒဏ်ရာရကာ တစ်ဦးကျဆုံးသွားသည်။

နှစ်ဦးတည်းသာကျန်ရှိတော့သည့်ဓားပြတို့သည် အခြေအနေ လုံးဝမလှမှန်းသိလာသည်။ သူတို့သည် ဘဏ္ဍာငွေမရဘဲ အသက်ပါဆုံးရှုံးရမည့်အခြေအနေသို့ရောက်ရှိလာတော့သည်။ ထို့ကြောင့် ဓားပြနှစ်ဦးသည် မြင်းပေါ်ပြေးတက်၍လှည့်ပြေးတော့သည်။

သို့သော် သူတို့နှစ်ဦးထွက်ပြေးရင်းမှ နောက်သို့လှည့်ကြည့်လိုက်ရာ အံ့အားသင့်သွားတော့သည်။ ပြောင်လက်သောအနက်ရောင်ဝတ်ရုံနှင့်လူတစ်ယောက်သည် မန်ချူးရဲမက်များကို ခွပ်ခွပ်ရွံရွံ တိုက်ခိုက်နေသည်ကိုတွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပေသည်။ ဓားပြနှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"သူက တို့ကိုဝင်ကူတဲ့လူပဲကွ"

ဓားပြတစ်ယောက်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်... ကျွန်တော်ကိုပြန်တိုက်မယ်"

ဓားပြနှစ်ဦးသည် အပြေးအလွှားပြန်လည်ရောက်ရှိလာ၏။ သူတို့နှစ်ဦးပြန်လည်ရောက်ရှိလာချိန်တွင် ဓားပြနှစ်ယောက်အံ့အားသင့်သွားစေသည်မှာ မန်ချူးရဲမက်ငါးယောက်တိတိ လဲကျသေဆုံးနေသည်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ဓားပြနှစ်ဦးသည် ပိုမိုအားတက်သွားကာ မန်ချူးများအားဝင်၍တိုက်ခိုက်တော့သည်။ ထိုစဉ် ဝင်ရောက်ကူညီတိုက်ခိုက်သည့် အနက်ရောင်ဝတ်စုံနှင့်လူသည် ဘဏ္ဍာငွေသေတ္တာကို ဓားပြခေါင်းဆောင်ဖြစ်သူထံပစ်ပေးလိုက်လေသည်။

ထိုအခါ ဓားပြခေါင်းဆောင်ဖြစ်သူသည် ဘဏ္ဍာငွေသေတ္တာကိုယူဆောင်ပြီးသည်နှင့် မြင်းကိုအားကုန်မောင်းနှင်သွားတော့၏။

ထိုအချိန်တွင်....



အနက်ရောင်ဝတ်စုံနှင့်လူရှေ့တွင် မန်ချူးရဲမက်တစ်ဦးသာကျန်ရှိနေတော့သည်။ အနက်ရောင်ဝတ်စုံနှင့်လူသည် ထိုမန်ချူးရဲမက်ကိုစေ့စေ့ကြည့်၍....

"ခစ်... ခစ်"

ဟုရယ်လိုက်သည်။ မန်ချူးရဲမက်မှာပါးစပ်ဟသွားပြီး....

"ဟင်... ကိုယ်ပျောက်သိုင်းသမား"

ဟုပြောကာနောက်သို့လှည့်ပြေးတော့သည်။

သို့သော်....

"အား...."

၀၀၀၀

ဓားပြခေါင်းဆောင်သည် သူ၏ငယ်သားတစ်ယောက်နှင့်အတူ တောင်ကုန်းတစ်ခုပေါ်ရပ်တန့်၍စောင့်ဆိုင်းနေသည်။ ဝတ်ရုံနက်နှင့်လူသည် သူတို့ထံသို့ရောက်ရှိလာသည်။ ဓားပြခေါင်းဆောင်သည် ဝတ်ရုံနက်နှင့်လူကိုသေသေချာချာစိုက်ကြည့်ပြီးမှ....

"ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

သူသည် ပြောရင်းမှသေတ္တာကိုပြလိုက်ပြီး....

"ဒါပေမဲ့ ခင်ဗျားကိုထက်ဝက်တိတိတော့မပေးနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာဒီပစ္စည်းတွေကို တစ်နေ့တစ်ချိန်မှာ တိုင်းပြည်အတွက်အကျိုးပြုဖို့ပဲ"

ဝတ်စုံနက်နှင့်လူသည် ဓားပြခေါင်းဆောင်ကိုစူးစိုက်ကြည့်နေသည်။ အသံကိုကြားရခြင်းအားဖြင့် အသက်အရွယ်ကြီးရင့်သူတစ်ဦးဟုခန့်မှန်း၍ရပေသည်။ ဝတ်ရုံနက်နှင့်လူက 'ခစ်'ခနဲရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားပြနှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလျက်သားဖြစ်သွားတော့၏။ ဓားပြခေါင်းဆောင်က....

"သြော်... မင်းကကိုယ်ပျောက်သိုင်းသမားကိုး"

ဝတ်ရုံနက်နှင့်လူကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... လူတွေကတော့ ကျုပ်ကိုဒီလိုပဲခေါ်ကြတယ်... ကိုယ်ပျောက်မပျောက်တော့ ကျုပ်မသိဘူး"

ဓားပြခေါင်းဆောင် သက်ပြင်းတစ်ချက်ချလိုက်သည်။

သူ့စိတ်ထဲတွင် သိုင်းပညာထက်မြက်သောကိုယ်ပျောက်သိုင်းသမားက ခုနေအခါ ဘဏ္ဍာငွေသေတ္တာကိုပြန်လည်လုယူလျှင် မိမိ နိုင်အောင်တိုက်ခိုက်နိုင်ပါ့မလားဟုတွေးနေမိသည်။

အကယ်၍ သူ့ကိုထိုက်ထိုက်တန်တန်ပေးလျှင် ကျေနပ်မည်ဟုလည်းထင်မိလိုက်၏။

"ကျုပ် မင်းကိုတစ်ဝက်တိတိပေးမယ်ဆိုရင် မင်းလက်ခံနိုင်မလား"

ကိုယ်ပျောက်သိုင်းသမား ခေါင်းယမ်းလိုက်သည်။

"ကျုပ်က တစ်ပြားမှမလိုချင်ဘူး"

ဓားပြခေါင်းဆောင်မှာ အံ့သြသွားသည်။

"မင်း တကယ်ပြောတာလား"

"တကယ်ပေါ့... ဒါပေမဲ့ ကျုပ်သိချင်တာကိုတော့ အမှန်အတိုင်းပြောရမယ်"

ဓားပြခေါင်းဆောင်က....

"ဘာကိုသိချင်တာလဲ"

"ပထမအချက် ခင်ဗျားဘယ်သူလဲ... ဒုတိယအချက် တိုင်းပြည်အတွက်သုံးမယ့်ဆိုတာ ဘာကိုပြောတာလဲ၊ တတိယအချက်



ကျုပ်ကို မိတ်ဆွေတစ်ယောက်လိုသဘောထားရင် အမှန်အတိုင်းပြောပါ'

ဓားပြခေါင်းဆောင်က ကျေနပ်သွားသလို ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်လေသည်။

"အင်း... မင်းမေးတာတွေ တစ်ခုမှမခဲယဉ်းပါဘူး၊ ပထမအချက်အနေနဲ့ကတော့..."

ဓားပြခေါင်းဆောင်သည် သူ၏လက်ထဲမှအရာဝတ္ထုတစ်ခုကိုမြင်သာအောင်ထုတ်ပြလိုက်၏။ ထိုအခါ ကိုယ်ပျောက်သိုင်းသမားမှာ အံ့သြသွားတော့သည်။

"ဟင်... ရွှံ့ကြွယ်နံပါတ်တစ်ဆိုပါလား"

ရွှံ့ကြွယ်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်ကဂိုဏ်းခေါင်းဆောင်တစ်ဦးပဲ"

ရွှံ့ကြွယ်သည်ခေတ္တနားပြီးမှ သူ့စကားကိုပြန်ဆက်သည်။

"ကျုပ်ရဲ့ဂိုဏ်းဟာ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က အထိနာပြီးပြိုကွဲခဲ့ရတယ်၊ ကျုပ်က ဒါကိုပြန်ထောင်နိုင်ဖို့ ကြိုးစားတဲ့အခါမှာ ငွေကြေးက အဓိကပဲမဟုတ်လား၊ ဒါဆိုရင် မိတ်ဆွေသဘောပေါက်ပါလိမ့်မယ်... နောက်ဆုံးအချက်ကတော့ ဖြေဖို့မလိုတော့ပါဘူး၊ မင်းကို မိတ်ဆွေအဖြစ် အမြဲတမ်းအသိအမှတ်ပြုထားပါ့မယ်"

ကိုယ်ပျောက်သိုင်းသမားက....

"ရွှံ့ကြွယ်ခေါင်းဆောင်ကြီးရဲ့နာမည်ကိုမသိရဘူးလား"

ရွှံ့ကြွယ်သည် အတန်ကြာအောင်စဉ်းစားနေသည်။

အတန်ကြာမှ....

"မင်းက ကျုပ်ရဲ့ဂိုဏ်းသားတစ်ယောက်အဖြစ်နဲ့ ကျုပ်ရဲ့လက်ထောက်ရာထူးယူမယ်ဆိုရင်တော့ အခုပဲပြောပြလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပျောက်သိုင်းသမားသည် အချိန်အတော်ကြာအောင် စဉ်းစားနေပြီးမှ မှုဝံကြွယ်၏ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ကျွန်တော် ခေါင်းဆောင်ကြီးကိုလေးစားပါတယ်... ဂိုဏ်းသားအဖြစ် အသိအမှတ်ပြုပေးပါ"

မှုဝံကြွယ်သည် အသင့်ဆောင်ထားသောမှုဝံကြွယ်တံဆိပ်တစ်ခုကိုပေးလိုက်၏။ ထိုတံဆိပ်တွင် အမှတ်နှစ်ဟူ၍ရေးသားထား၏။ မှုဝံကြွယ်သည် ကိုယ်ပျောက်သိုင်းသမားအား သူ၏အမည်ကို တိုးတိုးလေးပြောလိုက်သည်။ ထိုအခါ ကိုယ်ပျောက်သိုင်းသမားသည် အံ့ဩသွားပြီး သူကလည်း အမည်ကိုခပ်တိုးတိုးပင်ထုတ်၍ ပြောလိုက်တော့၏။

သူတို့နှစ်ဦးသည် အံ့ဩလောက်အောင်ပင် တစ်ယောက်နှင့် တစ်ယောက်သိုင်းဖက်ထားကြသည်ကိုတွေ့လိုက်ရလေတော့သည်။

၀၀၀၀

ချမ်းအန်းမြို့တော်ကြီးသည် ညဘက်တွင်ပို၍ သာယာလှပနေ၏။ ဘုရားကျောင်းများတွင် အလှတွဲချိတ်ထားသည့်မီးပုံးကြီးများ စားသောက်ဆိုင်နှင့်အခြားအဝတ်အထည်ဆိုင်တို့တွင်လည်း ရောင်စုံမီးပုံးများကိုထွန်းညှိ၍ အပြိုင်အဆိုင်ရောင်းချကြသည်။

လမ်းကြီးလမ်းငယ်အသွယ်သွယ်မှာ ထိုမီးပုံးများကြောင့် ထိန်လင်းပြီး တွေ့မြင်ရသူအဖို့ စိတ်ကြည်နူးစရာအတိဖြစ်သည်။

အတော်ညဉ့်နက်၍ ညဉ့်နက်ကျိုးကာနီးမှပင် မီးပုံးများက တဖြည်းဖြည်းပျောက်ကွယ်သွားကာ တိတ်ဆိတ်စပြုသွားတော့သည်။ သန်းခေါင်ယံအချိန်ကျရောက်ခဲ့ပြီဖြစ်သည်။ တစ်မြို့လုံး အိပ်မောကျစပြုလာလေပြီ။



ထိုအချိန်ကို အများက အကာလညအချိန်ဟုခေါ်ကြ၏။

အကာလဆိုသည်မှာ မင်္ဂလာမရှိသောအချိန်ဟုအဓိပ္ပာယ်ရလေသည်။ တစ်ခါတစ်ရံ ရူးရူးဝါးဝါးဟောင်လိုက်သည့်ခွေးဟောင်သံများနှင့် ကင်းလှည့်ရင်း သွားလာနေကြသောမြို့စောင့်တပ်သားများသာရှိနေတတ်ကြပေသည်။

ယနေ့ညအဖို့ ထူးခြားသည်မှာ လမ်းမပေါ်တွင်သွားလာနေကြသောမြို့စောင့်တပ်သားများအဖြစ် အမှောင်ရိပ်ကိုခိုကပ်၍ တရွေ့ရွေ့လှုပ်ရှားနေသည့်အရိပ်တစ်ခုကိုလည်း တွေ့မြင်ရမည်ဖြစ်ပေသည်။ ထိုအရိပ်သည် အမှတ် ၅-လမ်းမကြီးမှ မြို့စောင့်တပ်သားများထွက်ခွာသွားပြီးသည်နှင့် အမှတ် ၅-လမ်းမပေါ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုမည်းမည်းအရိပ်သည် သူ၏မြင်းကို မှောင်ရိပ်အောက်တွင်ထားခဲ့ပြီး သူက အမှတ် ၅-လမ်းမပေါ်သို့ရောက်ရှိလာခြင်းဖြစ်သည်။ သူသည် ခြံဝင်းကြီးတစ်ခု၏ခေါင်းရင်းဘက်ရှိ သစ်ပင်ကြီးတစ်ပင်ကိုခိုကပ်၍ ထိုခြံဝင်းထဲသို့ပေါ့ပါးစွာခုန်ဝင်သွားပြီဖြစ်ပေ၏။

ထိုအရိပ်မည်းသည် အဆောင်နှစ်ခုကိုကျော်ဖြတ်ပြီးသည်နှင့်နောက်ဆုံးကအဆောင်ကြီးဆီသို့ချဉ်းကပ်လိုက်တော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကုတ်လျှံဖိသည် သင်တန်းကျောင်းအုပ်ကြီးဖြစ်သည်။ သူ့ထံတွင် သင်တန်းသားများထံမှရရှိထားသည့်ငွေလွှဲလက်မှတ်ပေါင်းများစွာရှိနေပေသည်။

သူသည် ငွေလွှဲလက်မှတ်များကို သေတ္တာလေးတစ်ခုအတွင်းမှထုတ်ယူ၍စစ်ဆေးနေပေ၏။

အတန်ကြာအောင် စစ်ဆေးပြီးသောအခါ ငွေလွှဲလက်မှတ်များကို သေတ္တာလေးအတွင်းပြန်၍ထည့်ပြီး ဗီရိုကြီးတစ်လုံးရှိရာသို့ လျှောက်သွား၏။ ထိုအခါ တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် ကုတ်လျှံဖိမှာမျက်လုံးများ ပြူးသွားတော့၏။

ဗီရိုကိုကျောပေး၍ လူတစ်ယောက်ကရပ်တန့်နေ၏။

ထိုသူမှာ အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့်အပြင် ခါးပတ်မှာလည်း အရောင်များတဖျတ်ဖျတ်လင်းလက်နေ၏။ ထိုလူ၏လက်ထဲတွင်ကိုင်ထားသည့်ဓားရှည်သည် မီးရောင်ကြောင့် လက်ခနဲလက်ခနဲဖြစ်နေ၏။

"မင်း ဘယ်သူလဲ"

ကုတ်လျှံဖိက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်မေးလိုက်၏။

မျက်နှာဖုံးစွပ်ထားသည့်အနက်ရောင်လူသည် အခန်းတံခါးကိုလုံခြုံမှုရှိမရှိစစ်ဆေးပြီး မိမိဝင်ရောက်လာသည့်ပြတင်းပေါက်ကိုသာ အသင့်ဟထားလိုက်သည်။ ကုတ်လျှံဖိမှာ လက်ထဲကသေတ္တာတုန်ခါနေသည့်အထိ ကြောက်ရွံ့နေပုံရ၏။

"ခစ်... ခစ်"

သူ့ကိုကြည့်၍ အနက်ရောင်ဝတ်စုံနှင့်လူက ရယ်လိုက်သည်။

ထိုရယ်သံကိုကြားရသည်နှင့် ကုတ်လျှံဖိ ချွေးသီးချွေးပေါက်များစီးကျလာရတော့သည်။



"မင်း... မင်း ကိုယ်ပျောက်လူသတ်သမားလား"

ထိုလူက ခစ်ခနဲတစ်ချက်ရယ်ကာ....

"ဒါတင် ဘယ်ကဦးမလဲ"

ကိုယ်ပျောက်လူသတ်သမားဟုအခေါ်ခံရသူက အိတ်ထဲမှတစ်စုံတစ်ရာကိုပါ ထုတ်ပြလိုက်၏။

"ဟင်... ရူဝံကြွယ် မင်းတို့ကခုချိန်ထိ"

သူ့စကားမဆုံးမီ ရူဝံကြွယ်၏ဓားက သူ့လည်မျိုကိုထောက်ထားလိုက်၏။

"အေးအေးဆေးဆေးပြောပါ... ခင်ဗျားအသံကျယ်ပေမဲ့ ဒီထဲကို ဘယ်သူမှဝင်လို့မရဘူး"

ကုတ်လျှံဖိငြိမ်သက်သွားသည်။

အခြေအနေမလှမှန်းရိပ်စားမိလာသောအခါ သူ၏နဖူးမှချွေးများစီးကျလာတော့သည်။

"မင်း ဒီငွေကိုလိုချင်ရင်လဲ ယူသွားပါကွာ"

ကုတ်လျှံဖိက ငွေလွှဲစာရွက်များထည့်ထားသည့်သေတ္တာကို သူ၏အသက်နှင့်လဲလှယ်လိုက်သည်။

ရူဝံကြွယ်က ခစ်ခနဲရယ်လိုက်ပြန်သည်။

"ခင်ဗျားငွေတွေကဘာလုပ်ရမှာလဲ... ခင်ဗျားသေရမှာ သိပ်ကြောက်နေသလား"

ကုတ်လျှံဖိကပါးစပ်ပိတ်သွားလိုက်သည်။

ရူဝံကြွယ်က....

"ဒီမှာကုတ်လျှံဖိ... သူများတကာကိုသတ်လာတဲ့လူဟာ တစ်နေ့ ကိုယ်လဲ ဒီလိုပဲသေရမယ်ဆိုတာသိထားသင့်တာပေါ့ဗျာ"

ကုတ်လျှံဖိသည် အံကြိတ်၍အကြံထုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခါးကြားထဲ၌ ဓားတိုတစ်လက်ရှိနေ၏။

ကုတ်လျှံဖိက အနည်းငယ်လှုပ်လှုပ်ရှားရှားပြုလိုက်သဖြင့် ရှုဝံကြွယ်ကဓားကိုလည်မျိုသို့အနည်းငယ်ဖိတွန်းလိုက်သည်။

ကုတ်လျှံဖိခေတ္တငြိမ်သက်သွားပြန်သည်။

"ကျုပ် ခင်ဗျားကိုသိပ်တွေ့ချင်နေတာဗျ၊ ဒါကြောင့်မို့ ခက်ရာခက်ဆစ်လာခဲ့ရတာ"

ရှုဝံကြွယ်ကပြောလိုက်သည်။ ကုတ်လျှံဖိက....

"မင်းဘယ်သူလဲ... ငါနဲ့ဘယ်လိုရန်ငြိုးရှိလို့လဲ"

"ခစ်... ခစ်... သိပ်ရယ်စရာကောင်းတာပဲ၊ ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိရမှာပေါ့ဗျာ"

ရှုဝံကြွယ်သည် စာရွက်တစ်ရွက်ကိုထုတ်ပြလိုက်လေသည်။

ထိုစာရွက်ပေါ်၌ သူသည် မည်သူမည်ဝါဖြစ်ကြောင်းကို အတိအကျရေးသားထားသည်။ ကုတ်လျှံဖိမှာဖတ်ကြည့်ပြီး မျက်လုံးများပြူးကျယ်သွားတော့သည်။

"လက်စသတ်တော့ မင်းက...."

သူသည် စကားဆုံးအောင် မပြောနိုင်ပါ။ ရှုဝံကြွယ်၏ဓားသည် သူ၏လည်မျိုအား ထုတ်ချင်းပေါက်သည်အထိထိုးသွင်းလိုက်သောကြောင့် ကုတ်လျှံဖိမှာ အရုပ်ကြိုးပြတ်လဲကျသွားတော့သည်။

ရှုဝံကြွယ်သည် ကုတ်လျှံဖိ လဲကျသေဆုံးသွားသည်ကို တစိမ့်စိမ့်ကြည့်၍....

"ခစ်... ခစ်"

ဟု သဘောကျစွာကျိတ်ရယ်လိုက်လေသည်။

OOOO



ပန်းဂေဟာစားသောက်ဆိုင်တွင် စားသောက်သူများ ကျဲပါးသွားပြီဖြစ်သည်။ အလုပ်သမားများသည် စားပွဲများကိုနေရာတကျသန့်ရှင်းပြီးသည်နှင့် ဆိုင်တံခါးကိုပိတ်လိုက်လေသည်။

ထိုအခါ တစ်ညလုံး ကစားကြသည့်ကစားဝိုင်းအချို့သာ ကျန်ရှိနေပေတော့သည်။ စုဟုန်လင်းသည် ကစားဝိုင်းများဆီသို့ တစ်ချက်လှည့်လည်ကြည့်ရှုပြီးနောက် စွမ်းရီ၏အခန်းသို့လှမ်းကြည့်လိုက်ရာ မီးပုံးတစ်လုံးကိုထွန်းညှိထားသော်လည်း စွမ်းရီကိုရှာဖွေ၍မတွေ့ပေ။

စုဟုန်လင်းသည် အနောက်ဘက်ပန်းဥယျာဉ်သို့ဆင်းလာသောအခါ ပန်းခြံထဲတွင် တစ်ယောက်တည်းထိုင်နေသောစွမ်းရီကို တွေ့လိုက်ရလေသည်။ သူမ၏မျက်နှာ လုံးဝမကောင်းပါ။

သူမသည် စုဟုန်လင်းကိုတွေ့၍ပြုံးပြလိုက်သော်လည်း သူမ၏အပြုံးသည် ဟန်လုပ်ထားမှန်း စုဟုန်လင်းကသိရှိလိုက်၏။

"စွမ်းရီ ညီမ ဘာဖြစ်နေသလဲ"

စွမ်းရီကခပ်ယဲ့ယဲ့ပြုံး၍....

"အလုပ်ပင်ပန်းလို့ပါ"

စုဟုန်လင်းကပြုံး၍ခေါင်းယမ်းလိုက်သည်။

"ငါ့ညီမကညာတတ်တုန်းပဲနော်"

စွမ်းရီက ပါးစပ်ပိတ်ထားလိုက်လေသည်။

"ညီမ ဘယ်လောက်အလုပ်ပင်ပန်းပေမဲ့ ဘယ်တော့မှ ဒီလိုမှိုင်မနေသင့်ဘူး... အစ်ကို့ကိုပြောပြသင့်တယ်"

သူမက ခေါင်းကိုဆတ်၍ယမ်းသည်။

"ဘာမှမဖြစ်ပါဘူးအစ်ကိုရယ်"

စုဟုန်လင်းသည် ဘာမှမစဉ်းစားတတ်အောင်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် ချက်ချင်းပင် တစ်စုံတစ်ခုကိုစဉ်းစားမိလိုက်သည်။

သူမ စီးဟုန်နှင့်စကားလက်ဆုံကျနေသည်ကို နှစ်ခါ သုံးခါမက သူမြင်ထားမိလေသည်။ စီးဟုန်သည် မည်သည့်စကားတွေများ ပြောကြားထားလေသနည်း။

စုဟုန်လင်းက စွမ်းရီ၏လက်ကိုဖမ်းဆုပ်၍....

"ညီမကို စီးဟုန်ကဘာတွေပြောခဲ့သလဲ"

သူမက ဆတ်ခနဲမော့ကြည့်လိုက်၏။

"ဒီလိုတော့လဲ အစ်ကိုကဆက်စပ်တတ်သားပဲ"

စုဟုန်လင်းက....

"ပြောပါလေ... သူက ညီမကို ဘာတွေပြောသလဲ"

သူမက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အစ်ကို မိန်းကလေးတစ်ယောက်ကိုကတိပေးထားတယ် မဟုတ်လား... စီးဟုန်ရဲ့အစ်မ လန်စီကျင်းဆိုတာလေ"

စုဟုန်လင်းက....

"ပြော်... ညီမက ဒါကြောင့် စိတ်ဆင်းရဲနေတာကိုး"

စွမ်းရီက ဆတ်ခနဲမော့ကြည့်လိုက်ပြန်သည်။

"ကျွန်မ ပျော်ပျော်ပဲနေပါ့မယ်အစ်ကိုရယ်"

စုဟုန်လင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အစ်ကို မညာပါဘူးညီမရယ်"

သူမက စကားမဆုံးမီမျက်နှာတစ်ချက်မဲ့၍....

"အစ်ကိုမညာမှန်းသိပါတယ်... ကျွန်မလို အမျိုးသမီးတစ်ဦးကလဲ အစ်ကိုနဲ့မထိုက်တန်ပါဘူးလေ"

စုဟုန်လင်းက....



"အစ်ကိုပြောပါရစေဦး... အစ်ကိုဆုံးဖြတ်ထားတာ တစ်ခုရှိပါတယ်"

စွမ်းရီက.....

"ပြောပါဦး"

စုဟုန်လင်းက သူမအနားသို့တိုးကပ်လိုက်သည်။

"လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က သူ့ကို အစ်ကို တောင်ပေါ်ကို သွားပို့ပေးရတယ်၊ အဲ့ဒီအချိန်တုန်းက အစ်ကို သူ့ကို တစ်နေ့ကျရင် လက်ထပ်ပါ့မယ်လို့ ကတိပေးခဲ့မိတာမှန်ပါတယ်"

စွမ်းရီကကြားဖြတ်၍....

"စီးဟုန်ကပြောပြပါတယ်... သူ့အစ်မဟာ အခုလောက်ဆိုရင် အစ်ကို့ကိုဒေါင်းတောက်အောင်ရှာဖွေနေမှာပဲတဲ့"

"ထားပါတော့လေ... အဲဒီကတိကြောင့် အစ်ကိုစောင့်နေခဲ့တယ်... လိုက်ပြီးစုံစမ်းခဲ့တယ်၊ ဒါပေမဲ့ အချိန်တွေသာကုန်လာခဲ့တယ်... မတွေ့ရဘူး... ဒီတော့ အစ်ကို့မှာအပြစ်မရှိတော့ပါဘူး"

စွမ်းရီက....

"စီးဟုန်ကပြောတော့ အစ်ကိုက သူ့အစ်မကိုလိုက်ရှာသင့်တယ်လို့ပြောနေတယ်၊ သူ့အစ်မကို စိတ်ဒုက္ခပေးထားတဲ့လူတစ်ယောက်လို့ စွပ်စွဲနေပါလား"

စုဟုန်လင်းကရယ်ပြီး....

"သူက ကလေးပဲရှိပါသေးတယ်၊ သူ့စကားကို သိပ်အလေးမထားပါနဲ့လေ"

သူမကသက်ပြင်းချ၍....

"ဘာပဲဖြစ်ဖြစ် အစ်ကိုလိုက်ရှာသင့်ပါတယ်"

စုဟုန်လင်းက....

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရှာခဲ့တာ အချိန်တွေကုန်ခဲ့ပါပြီ... ဒါပေမဲ့ ဒီတစ်လအတွင်း စောင့်ကြည့်ပါဦးမယ်၊ တွေ့သည့်တိုင်အောင်လဲ သူ့အခြေအနေက ပြောင်းလဲချင်ပြောင်းလဲနေမှာပါ။ ဘာပဲဖြစ်ဖြစ်လေ တစ်လကုန်ပြီးရင် ညီမကိုအစ်ကိုလက်ထပ်ပါ့မယ်"

စွမ်းရှိသည် သူ့ကိုခပ်ယဲ့ယဲ့သာပြုံးပြ၍အနားမှထသွားလေသည်။ ထိုညက လုံးဝလမသာပေ။

၀၀၀၀

နောက်ဆယ်ရက်ခန့်အကြာ လကထိန်ထိန်သာနေသည်။

ယခုတလော လန်စီကျင်းသည် အစားအသောက်လည်း သိပ်ပြီး မစားမသောက်သည့်အပြင် ညဘက်၌လည်း အိပ်သည်ကို သိပ်မမြင်ရသောကြောင့် တိကျိန်းသည် လန်စီကျင်းကိုကြည့်၍ စိတ်မချမ်းမသာဖြစ်နေမိသည်။

နေကြာပန်းများသည် လရောင်၏အောက်၌ ငွားငွားစွင့်စွင့် လန်းနေသည်။ ထိုပန်းခင်းများ၏အလယ်တွင် လန်စီကျင်းက ငုတ်တုတ်ထိုင်နေ၏။

တိကျိန်းသည် သူမ၏အနားသို့လျှောက်သွားကာ ဝင်၍ထိုင်လိုက်သည်။

"ငါ့ညီမက လသာတာကိုကြည့်ပြီး စိတ်ကူးယဉ်နေတယ်နဲ့တူတယ်"

လန်စီကျင်းကပြုံးပြလိုက်သည်။

"စိတ်ကူးယဉ်တယ်ဆိုတာ တကယ်ဖြစ်မလာနိုင်ဘူးပေါ့ ဟုတ်လားမမ"

တိကျိန်း ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဖြစ်သွားသည်။



အတန်ကြာမှ....

"ဒီလိုမဟုတ်ပါဘူး... စိတ်ကူးက ပထမပဲ... အဲဒီစိတ်ကူးကို နောက်မှအကောင်အထည်ဖော်ကြတာမျိုးပဲ"

လန်စီကျင်းက....

"ဒီလိုဆိုရင် စိတ်ကူးယဉ်တာတွေဟာ အကောင်အထည်ဖြစ်လာနိုင်တာပေါ့ ဟုတ်လား"

တိကျိန်းက ရယ်လိုက်သည်။

"အဲဒါကဒီလိုရှိတယ်လေ... ဖြစ်နိုင်တာကို စိတ်ကူးယဉ်တာရယ်... မဖြစ်နိုင်တာကိုစိတ်ကူးယဉ်တာရယ်... မဖြစ်နိုင်တဲ့စိတ်ကူးယဉ်မှုဆိုတာက ဟိုကောင်းကင်ပေါ်က လမင်းကြီးကိုလိုချင်ပါတယ်ဆိုရင်တော့ ညီမ စိတ်ကူးယဉ်တာတွေဟာ ဘယ်လိုမှအကောင်အထည်ပေါ်လာမှာ မဟုတ်ဘူး"

လန်စီကျင်းက....

"နောက်မဖြစ်နိုင်တာ ဘာရှိသေးသလဲ"

တိကျိန်းသည် သူမ၏ဘဝကို တစ်စွန်းတစ သိရှိထားပြီမို့ သူမစိတ်ထဲတွင် ဘာဖြစ်နေသည်ကိုတီးခေါက်မိသည်။

ထို့ကြောင့် တိကျိန်းက....

"နောက်မဖြစ်နိုင်တာကတော့ သေသွားတဲ့လူတစ်ယောက်ကိုရှာမယ်ဆိုရင် ဘယ်တော့မှတွေ့မှာမဟုတ်ဘူး"

လန်စီကျင်း ထိတ်ထိတ်ပျာပျာဖြင့် တိကျိန်းကိုမော့ကြည့်လိုက်သည်။

"သူက မသေနိုင်ပါဘူးမမရဲ့"

တိကျိန်း ရယ်လိုက်သည်။

"မမက စကားအဖြစ်ပြောတာပါ... ညီမက စုဟုန်လင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဖွဲ့မြဲမြဲတမ်းတနေတယ်မဟုတ်လား၊ ဒါဟာဖြစ်နိုင်တဲ့စိတ်ကူးယဉ်မှုတစ်ခုပဲ… အကောင်အထည်ဖော်ရုံပဲကျန်တော့တယ်”

“ကျွန်မက ဘယ်လိုအကောင်အထည်ဖော်ရမှာလဲဟင် မမ” တိကျိန်းက ပြုံးလိုက်သည်။

“လွယ်ပါတယ်… သူ့ကို မတွေ့တွေ့အောင် လိုက်ရှာပေါ့ကွယ်”

လန်စီကျင်း စိတ်ပျက်သွားပုံရသည်။

“ကျွန်မ ဒီကိုမရောက်ခင် အမျိုးမျိုးရှာဖွေခဲ့ပါတယ်၊ သူ့စိတ်နဲ့ ညီမလေး စီးဟုန်လင်းကိုတောင် သူဟာသူ သွားချင်ရာသွားတော့ဆိုပြီး လမ်းခွဲခဲ့တယ်… စီးဟုန်လင်းက သိပ်ပြီး တိုက်ခိုက်ချင်တဲ့ကောင်မလေး”

တိကျိန်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

လန်စီကျင်းစိတ်ချမ်းသာစေရန် တစ်မျိုးမျိုးနှင့်နှစ်သိမ့်ထားမှသင့်မည်ဟုလည်း တွေးမိလိုက်သည်။

“မပူပါနဲ့ညီမရယ်၊ မမပါဝိုင်းပြီးတွေ့အောင်ရှာပေးပါ့မယ်”

လန်စီကျင်းကရယ်ပြီး တိကျိန်းကို ကလေးတစ်ယောက်သဖွယ်ဖက်ရင်း နမ်းရှုံ့လိုက်သည်။

ထိုညမှာပင် သူမအဖို့ ထူးခြားချက်တစ်ခုကမမျှော်လင့်ဘဲဝင်ရောက်လာတော့သည်။

ဝဝဝဝ



စီးဝမ်သည် လက်လည်းသာ အေးချမ်းသောနယ်မြေကလည်းဖြစ်နေ၍ မြင်းကိုမှန်မှန်လေးစီး၍ ခရီးနှင်လျက်ရှိနေသည်။

သူသည် ရတနာများနှင့်အနယ်နယ်အရပ်ရပ်သို့သွားနေရသူဖြစ်ပေသည်။ ယခု သူသည် စုဟုန်လင်းရှိရာ ချန်ကျူးမြို့သို့ ဦးတည်လာခဲ့ခြင်းဖြစ်သည်။

လမ်းခရီးတွင် စုဟုန်လင်းအကြောင်း စဉ်းစား၍လာသည်။ စုဟုန်လင်းထံမှ သူသိထားရသောအချက်များ များစွာရှိနေသည်မဟုတ်ပါလား။

သူသည် အစ်မကို စုဟုန်လင်းက စောင့်ရှောက်စဉ်အခါက ချန်ကျူးမြို့နှင့်မနီးမဝေးတွင်ရှိနေသောဥယျာဉ်စိုက်ပျိုးစားသောက်သူ တိယိကျိုဆိုသူမိသားစုထံ၌ လန်စီကျင်းကိုပြန်တွေ့ရသည်ဟုကြားထားရသည်။

စီးဝမ်သည် ထုပင်းနှင့်ယွမ်းရန်ကိုရှာဖွေစဉ်က ထိုဥယျာဉ်ခြံရွာသို့ရောက်ခဲ့ဖူးသည်။ ယခုလည်း သူက ထိုရွာကိုလှမ်း၍မြင်နေရပေသည်။

သို့သော် စုဟုန်လင်းကပြောပြထားသည်မှာ တိယိုကျိုကိုသူစုံစမ်းစဉ်က တိယိုကျိုမှာ ထိုနေရာ၌မရှိတော့ဘဲ အဖမ်းခံသွားရပြီဟုသိခဲ့ရကြောင်းများသာပြောခဲ့သည်။

ထို့ကြောင့်လည်း စုဟုန်လင်းကိုယ်တိုင် ထိုရွာသို့ တစ်ခါတစ်ခေါက်မှရောက်ရှိမလာခြင်းဖြစ်တော့သည်။

တိယိုကျိုတို့မိသားစုသည် မည်သည့်အတွက်ကြောင့် အဖမ်းခံရပါသနည်း။

မိမိ၏အစ်မကိုကယ်တင်ထားသောမိသားစုသည် မိမိ၏ကျေးဇူးရှင်ပင် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မိမိသည် တိယိုကျိုတို့မိသားစုသတင်းကိုတော့ စုံစမ်းသင့်သည်ဟု စီဝမ်းယူဆမိလိုက်၏။

ထို့ကြောင့် သူသည် လမ်းမကြီးပေါ်မှခွဲထွက်၍ ဥယျာဉ်စိုက်ပျိုးသောရွာကလေးဆီကိုဆင်းသွားတော့သည်။

သူ အိမ်တစ်အိမ်ကိုမေးမြန်းလိုက်ရာ ဝမ်းသာစရာသတင်းကိုကြားလိုက်ရလေတော့သည်။ ၎င်းဝင်မေးသောအိမ်ရှင်က တိယိုကျိုတို့၏ဥယျာဉ်ခြံကို လက်ညှိုးထိုးပြလိုက်သောကြောင့်ပင် ဖြစ်လေသည်။

○○○○



"အိမ်ရှင်တို့ခင်ဗျာ"

ခြံဝမှခေါ်သံကြောင့် တိယိုကျိုမှာ အိပ်ပျော်လုဆဲဆဲခေါင်းထောင်သွားတော့သည်။ တိယိုကျိုသည် အချိန်မတော်လာရောက်သောဧည့်သည်အတွက်ကြောင့် တစ်ကြိမ်ကအဖမ်းခံထားရပြီဖြစ်ရာ ကြောက်နေမိသည်။ သို့သော် သူသည် လူဆိုးလူကောင်းသိလိုသဖြင့် တံခါးဖွင့်ပေးလိုက်သည်။

"ဘယ်သူလဲ… ဘာကိစ္စလဲဟေ့"

စီးဝမ်က ထိုအိမ်တွင် တစ်ကြိမ်က သူစုံစမ်းဖူးမှန်း မှတ်မိထားသဖြင့် ဒီတစ်ခါ မနှင်ထုတ်စေရန်….

"ကျွန်တော်က စုဟုန်လင်းရဲ့မိတ်ဆွေပါ… စုဟုန်လင်းက လွှတ်လိုက်လို့ပါ"

ထိုစကားကြောင့် အခန်းထဲတွင် အိပ်မပျော်သေးသောတိကျိုန်းနှင့်လန်စီကျင်းတို့ပြေးထွက်လာကြ၏။ တိယိုကျိုက ခြံတံခါးကိုဖွင့်ပေးလိုက်၏။ သူသည် စီဝမ်းအား သေသေချာချာအကဲခတ်ကြည့်ပြီးမှ….

"မင်းက စုဟုန်လင်းရဲ့မိတ်ဆွေမှန်တယ်နော်"

စီးဝမ်က ခေါင်းညိတ်ပြပြီး အိမ်ရှေ့တွင်လာရောက်ရပ်တန့်လိုက်သည်။ တိကျိုန်းတို့က မီးရောင်ဖြင့် စီးဝမ်၏မျက်နှာကိုမြင်တွေ့လိုက်ရသည်။

"တစ်ခါ လာစုံစမ်းတာလဲ သူပဲအဖေရဲ့"

တိကျိုန်းက စီးဝမ်ကိုမှတ်မိသဖြင့်ပြောလိုက်သည်။

စီးဝမ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ဗျာ… အဲ့ဒီတုန်းက ကျွန်တော်က ယွမ်းရန်ဆို တဲ့အမျိုးသမီးတစ်ယောက်ကိုလာစုံစမ်းတာပါ"

www.burmeseclassic.com

www.burmeseclassic.com



တီယိုကျိုသည် စီးဝမ်အားလူဆိုးတစ်ဦးမဖြစ်နိုင်ဟုယုံကြည်ထားသည်။

"ကဲ... အိမ်ထဲဝင်ပါ"

စီးဝမ်သည် အိမ်ထဲ၌ထိုင်မိသည်နှင့် တီယိုကျိုနှင့်လန်စီကျင်းကို ငေးမောကြည့်နေမိသည်။

စုဟုန်လင်း၏စကားအရ တီယိုကျိုန်း၌ သမီးတစ်ယောက်သာရှိသည်ဟု သူကသိထားခဲ့ရာ ယခုနှစ်ယောက်ဖြစ်နေသည်ကို တွေ့ရသောအခါ အံ့ဩပြီးစဉ်းစားနေခြင်းဖြစ်သည်။

လန်စီကျင်းက မျိုသိပ်မထားနိုင်ဟန်မတူဘဲ ပျာပျာသလဲမေးလိုက်သည်။

"ရှင်က စုဟုန်လင်းမိတ်ဆွေမဟုတ်လား"

စီးဝမ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်မမ"

သူမက....

"အခု သူဘယ်မှာလဲ"

စီးဝမ်က လန်စီကျင်းကိုငေးကြည့်ကာ....

"စုဟုန်လင်းဟာ ချန်ကျူးမြို့မှာရှိပါတယ်... ပန်းဂေဟာ စားသောက်ဆိုင်ရှင်တစ်ယောက်ပေါ့"

"ဩော်... သူကသူဌေးဖြစ်နေမှကိုး"

လန်စီကျင်းကမဲ့ရွဲ့၍ပြောလိုက်သည်။

ထိုစဉ် တီယိုကျိုက....

"နေပါဦးမောင်ရင်... မင်းကို စုဟုန်လင်းက ဘာကိစ္စမှာလိုက်လို့လဲ"

စီးဝမ်ကရှည်ရှည်ဝေးဝေးသိပ်စဉ်းစားမနေတော့ဘဲ....



"ကျွန်တော့်နာမည်စီးဝမ်ပါ... ကျွန်တော့်အစ်မကြီး လန်စီကျင်းဆိုတာ ဒီမှာများရှိနေမလားလို့"

တီယိုကျိုနှင့်တီကျိုန်းက လန်စီကျင်းကိုလှမ်းကြည့်လိုက်ကြသည်။ လန်စီကျင်းသည် စီးဝမ်ကိုစူးစိုက်ကြည့်ကာ အားရဝမ်းသာပြေးဖက်လိုက်တော့သည်။

"ဟင်... မောင်လေးစီးဝမ်... မောင်လေး စီးဝမ် မမက လန်စီကျင်းပါ"

သူမသည် ထိုသို့ပြောပြီးသည်နှင့်အားရပါးရ ငိုချလိုက်လေတော့သည်။

၀၀၀၀

သူတို့လေးဦး ယနေ့ည အိပ်မပျော်တော့ပါ။ ယခု သူတို့သည် စီးဟုန်တစ်ယောက်ကိုသာရှာဖွေရန်ကျန်ရှိတော့သည်။

တီကျိုန်းမှာ လန်စီကျင်းသည် မောင်လေးဖြစ်သူနှင့်လည်း ပြန်တွေ့ကရ ချစ်သူသတင်းလည်း ကြားသိရသွားပြီဖြစ်၍ သူမတို့သားအဖပါ ဝမ်းသာနေကြပေသည်။ မောင်နှမနှစ်ယောက် ပျော်ရွှင်နေကြသည်ကိုမြင်တွေ့ရ သည်။

စီးဝမ်က....

"ငါ့မမက ဘယ်ဆိုးလို့တုန်း... ကျွန်တော်နဲ့လဲ ပြန်တွေ့ရတယ်၊ ချစ်သူသတင်းလဲကြားရတယ်ဆိုတော့ ဟိုမှာရှိနေတဲ့ယောက်ဖကြီးလဲ ဘယ်လောက်ဝမ်းသာမလဲမသိဘူး"

လန်စီကျင်းရှက်သွား၍ခေါင်းငုံ့နေသည်။

သို့သော် သူမကအားကျမခံ....

"နင်ငါ့ကိုပဲပြောမနေနဲ့... နင်ကောချစ်သူမရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



စီးဝမ်သည်သဘောကျစွာ ရယ်၍....

"ရှိတာပေါ့မမရဲ့... မမရဲ့ယောင်းမက အရမ်းကိုလှတာ ကျွန်တော်နဲ့မကြာခင်လက်ထပ်တော့မယ်"

လန်စီကျင်းက....

"နင် တကယ်ပြောတာလား မောင်လေး"

"တကယ်ပေါ့"

"နာမည်ကကော"

စီးဝမ်က....

"ရှန်းလျှံတဲ့"

သူတို့သည် တစ်ညလုံး ရေးဟောင်းနှောင်းဖြစ်များ ပြောမကုန်နိုင်အောင်ရှိနေကြတော့သည်။

၀၀၀၀

စီးဝမ်သည် ရှင်လန်းအားရသောအမူအရာဖြင့် ပန်းဂေဟာသို့ရောက်ရှိလာလေသည်။ သူသည် စုဟုန်လင်းအခန်းသို့သွားရန် လျှောက်လာသောအခါ မိန်းကလေးတစ်ဦးက ဟန့်တားလိုက်လေသည်။

"ရှင် ဘယ်သွားမှာလဲ"

စီးဝမ်က သူမကိုမျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

"မင်း ဘာဖြစ်လို့မေးရတာလဲ"

မိန်းကလေးက ခါးထောက်၍...

"ကျွန်မက ဘာလဲဆိုတာ ရှင်မသိဘူးမဟုတ်လား။ သူဌေးလေးအခန်းကို လူတိုင်းမဝင်ရဘူး... ကျွန်မမှာတာဝန်ရှိတယ်"

စီးဝမ် သူမကိုမျက်လုံးပြူး၍ကြည့်လိုက်သည်။



"ခင်ဗျားက လုံခြုံရေးမှူးပေါ့ ဟုတ်လား"

မိန်းကလေးကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

စီးဝမ် မျက်နှာချိုသွေးလိုက်၏။

"ဟုတ်ကဲ့... ကျွန်တော် သူဌေးလေးစုဟုန်လင်းနဲ့တွေ့ပါရစေ"

မိန်းကလေးက....

"နာမည်ဘယ်လိုခေါ်သလဲ... ဘာကိစ္စလဲ"

ဆူဆူညံညံအသံကြောင့် စုဟုန်လင်း အခန်းထဲမှထွက်ကြည့်လိုက်သည်။ ထိုအခါ စီးဝမ်နှင့်စီးဟုန်တို့ရန်ဖြစ်နေသည်ကိုတွေ့ရသောအခါ သဘောကျလွန်း၍ ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား ရယ်ဖို့ကောင်းတယ်ဟေ့"

စုဟုန်လင်းကပြောပြီး ရယ်နေပြန်သည်။

စီးဝမ်မှာ နားမလည်နိုင်အောင်ဖြစ်၍....

"အစ်ကိုကြီးကရယ်နေတယ်... သူကကျွန်တော့်ကိုဟားနေတာဗျ"

စီးဟုန်က....

"သူက သူဌေးလေးအခန်းကိုဝင်ဖို့ကြိုးစားနေပါတယ်"

စုဟုန်လင်းကဆက်၍ ရယ်နေပြန်သည်။

ပြီးမှ သူကစီးဝမ်အား....

"မင်း သေသေချာချာကြည့်စမ်း... သူက မင်းရဲ့ညီမလေး စီးဟုန်လေ"

ထိုအခါ အံ့သြ၍ ပါးစပ်အဟောင်းသားဖြစ်သွားသူမှာ စီးဝမ်ပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ စီးဟုန်က ယခုမှသေသေချာချာကြည့်၍....

"အစ်ကို"

ဟုခေါ်လိုက်သည်။

စီးဝမ်က ဝမ်းသာအားရစွာဖြင့်....

"ညီမလေး... ညီမလေး"

ဟု ခေါ်၍ပွေ့ဖက်လိုက်လေတော့သည်။

ဝဝဝဝ

စီးဝမ်က လန်စီကျင်းနှင့်တွေ့ခဲ့ရပုံများကို အားပါးတရပြောပြသောအခါ စီးဟုန်သည်ပျော်ရွှင်သွားတော့သည်။

သူမတို့မောင်နှမသုံးယောက် ယခုကဲ့သို့ပြန်တွေ့ဆုံရသည့်အပြင် စုဟုန်လင်းနှင့်လည်း ပြန်တွေ့ရတော့မည်ဖြစ်၍ စီးဟုန်က ပျော်နေခြင်းဖြစ်သည်။

"မမက ဒီကိုဘယ်တော့လာမလဲ"

စီးဝမ်က စီးဟုန်ကိုမျက်စောင်းထိုးလိုက်သည်။

"ဟော့... ညီမလေးရဲ့ မမက ဒီကိုလာရတယ်ဆိုတာ သိက္ခာကျတယ်ဟေ့၊ အစ်ကိုစုဟုန်လင်းကသွားပြီးတွေ့ကြတာပေါ့ မဟုတ်ဘူးလား"

စီးဟုန်က လက်ခုပ်တီးလိုက်သည်။

"အေး... ဟုတ်တယ်၊ ငါ့အစ်ကိုပြောတာမှန်တယ်... သူ့ဒွေးလေးက သွားတွေ့ရမှာ"

သူမကပြောပြီး အပြင်သို့ထွက်သွားသည်။

စုဟုန်လင်းမှ စီးဟုန်က ထိုကိစ္စကို စွမ်းရီအားသွားရောက်ပြောမည်ကိုစိုးရိမ်နေမိသည်။



သူမက ချက်ချင်းထွက်သွားသဖြင့် စုဟုန်လင်းမှာ တားဆီး၍မမီဘဲဖြစ်သွားတော့သည်။

စုဟုန်လင်းအား စီးဝမ်က ဝမ်းသာစရာစကားများ ပြောနေသော်လည်း စုဟုန်လင်းမှာ စိတ်ထဲတွင် တစ်စုံတစ်ရာကို လေးလံနေမိတော့သည်။

စီးဝမ်သည် မကြာခင် သူလည်း ရှန်းလျှံနှင့်လက်ထပ်တော့မည့်အကြောင်းများကို စုဟုန်လင်းအားပြောပြလိုက်တော့၏။

ဝဝဝဝ

ထိုညသည် စုဟုန်လင်းအဖို့ အိပ်မပျော်သောညတစ်ညပင်ဖြစ်ပါတော့သည်။

သူသည် လန်စီကျင်းကိုကတိပေးထားသည့်အတိုင်း ခေါ်ယူလက်ထပ်လျှင်ကောင်းမည်လော။

သို့မဟုတ်....

မျက်နှာငယ်ရသောစွမ်းရီအား ဇွတ်မိုတ်၍လက်ထပ်ရလျှင်ကောင်းမည်လော။

သူသည်ဝေခွဲ၍မရနိုင်အောင်ပင်ရှိတော့သည်။

စုဟုန်လင်းသည် သူ၏အခန်းထဲတွင် အရက်သောက်နေသည်မှာသုံးလေးအိုးကုန်နေပြီ ဖြစ်သည်။

သို့သော် သူသည် တိကျမှန်ကန်သည့်အဖြေကိုမရရှိပါပေ။ ထိုစဉ် စွမ်းရီသည် အလုပ်သိမ်းသည့်အခါ သူ့ထံသို့ရောက်ရှိလာ၏။

သူမက မချိုပြုံးပြုံးလိုက်၏။

"အစ်ကို ဘာတွေစဉ်းစားနေတာလဲ"

စုဟုန်လင်းကရယ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာမှမဖြစ်ပါဘူးညီမရယ်"

သူမက ရယ်လိုက်သည်။

"အစ်ကိုမညာပါနဲ့လေ... ကျွန်မကြောင့် အစ်ကိုစိတ်ညစ်မယ်ဆိုရင် ကျွန်မ ဒီမှာမနေတော့ဘူး"

စုဟုန်လင်းကခေါင်းထောင်၍ကြည့်လိုက်၏။

"ညီမ ဘာစကားပြောတာလဲ"

သူမက ပြုံး၍....

"ကျွန်မဟာ အစ်ကို့ကိုချစ်ပါတယ်... ဒါပေမဲ့ အစ်ကို့ကို ပေါင်းသင်းလို့မဖြစ်ဘူးဆိုတာ အစကတည်းက ကျွန်မဆုံးဖြတ်ပြီးသားပါ"

စုဟုန်လင်းက ပါးစပ်ပိတ်ပြီးနားထောင်နေသည်။

သူမကဆက်ပြောသည်။

"အစ်ကိုမယုံလို့လား... မယုံရင် အစ်ကို့ဘိုးဘိုးကိုသွားမေးကြည့်ပါ။ အစ်ကို ပန်းဂေဟာကိုပိုင်ဆိုင်ခွင့်ရတဲ့နေ့ကတည်းက ကျွန်မက အစ်ကို့ဘိုးဘိုးဆီသွားပြီး ဒီတစ်သက်မှာ ဘယ်သူ့ကိုမှအိမ်ထောင်မပြုပါဘူးလို့ကတိပေးထားတဲ့အတွက် ဘိုးဘိုးချောင်းဆူးက ကျွန်မကိုအုပ်ချုပ်ရေးရာထူးကိုပေးတယ်ဆိုတာ အစ်ကိုမသိသေးလို့ ဖြစ်ပါလိမ့်မယ်"

စုဟုန်လင်းမှာ အံ့သြသွားရသည်။

သူမကဆက်၍....

"အစ်ကို သိပ်စိတ်ညစ်နေမှာစိုးလို့ ကျွန်မက မပြောတာပါ၊ အစ်ကိုယုံတယ်မဟုတ်လား... မယုံရင် ဘိုးဘိုးကိုသွားမေးကြည့်ပါလား"

စုဟုန်လင်း ဘာတစ်ခွန်းမှပြန်မပြောဖြစ်တော့ပါ။

သူမကသာ ဆက်၍....



"အခုဆိုရင် ကျွန်မကာဝမ်းသာသွားပြီ... အစ်ကို့ချစ်သူနဲ့ပြန်တွေ့ပါစေဆိုတဲ့ ကျွန်မရဲ့ဆုတောင်းလဲပြည့်သွားလို့ အစ်ကို့ထက်တောင်ပျော်နေသေးတယ်"

သူမက တကယ်ပင် ရယ်ရယ်မောမောဖြင့်ပြောပြီး အခန်းထဲမှထွက်သွားလေတော့သည်။

၀၀၀၀

စိတ်ရှုပ်ထွေးစရာအပြည့်နှင့်ကျန်ခဲ့သူမှာ စုဟုန်လင်းပင်ဖြစ်တော့သည်။

စွမ်းရိုသည် မိမိအား အမှန်တကယ်ပင် ပြောကြားသွားခြင်းလော။ သို့မဟုတ် မိမိစိတ်ချမ်းသာအောင်ပြောကြားသွားခြင်းလော။

သူသည် အမှန်အားဖြင့် ယယ်စဥ်ကတည်းက ကတိပေးထားခဲ့သောလန့်စီကျင်းကိုသာ လက်ထပ်ရမည်ဖြစ်ပေသည်။

"ငါ ဘယ်သူ့ကိုလက်ထပ်သင့်သလဲ"

စုဟုန်လင်းခေါင်းထဲ၌ ချာချာလည်စဥ်းစားနေရင်း မေးခွန်းထုတ်မိသည်။ သူသည် အရက်တစ်ခွက်ကိုထပ်မံ၍ သောက်ချလိုက်ပြန်၏။ ထို့နောက်....

"လောလောဆယ်... ဘယ်သူ့မှလက်မထပ်သေးဘူး"

"ဟုတ်တယ်... ငါ့မှာလုပ်စရာတွေရှိသေးတယ်"

စုဟုန်လင်းသည် တစ်ယောက်တည်း အရူးသဖွယ် သူ့ဟာသူမေးခွန်းထုတ်ပြီးဖြေကြားနေပေသည်။ အမှန်လည်း သူသည် လက်ထပ်ရေးထက် ပို၍ အရေးကြီးသောကိစ္စတစ်ခုကို ဆောင်ရွက်ရန် ရှိနေသည်မဟုတ်ပါလား။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စီးဝမ်သည် ဟုန်းယန်းမြို့သို့ပျော်ရွှင်စွာဖြင့် ရောက်ရှိလာသည်။ သူသည် ယခုအပတ် ဟုန်းယန်းမြို့သို့ အလျင်အမြန်ပြန်လာခြင်းမှာ သူ၏မိသားစုများနှင့်လည်း ပြန်လည်ဆုံစည်းရပြီဖြစ်၍ ဝမ်းသာသည့်သတင်းပြောကြားရန်နှင့် ရှန်းလျှံအားလက်ထပ်ရန် ရက်သတ်မှတ်တော့မည်ဖြစ်ပေသည်။

သူသည် ရှန်းလျှံနှင့်လက်ထပ်မည့်ကိစ္စကို မွေးစားမိဘများထံသို့လည်းအကြောင်းကြားထားပြီဖြစ်သည်။ သူသည် မိုးဆန်းပန်းသို့ရောက်ရှိသည့်အခါ ဂင်တိုဖုကန်းကို အဆင်သင့်တွေ့လိုက်ရလေသည်။

သည်တစ်ခါ ဂင်တိုဖုကန်းအားတွေ့ရသည်မှာ မိမိအနေဖြင့် အရက်ဖိုးကုန်စရာမလိုပေ။ ဂင်တိုဖုကန်းမှ အတော်ပင်မူးနေသည်ကို တွေ့လိုက်ရသည်။

“လာပါ ရတနာကုန်သည်ကြီးရဲ့... မင်း ငါ့ကိုအရက်ထပ်မတိုက်တော့ဘူးလား”

စီးဝမ်က....

“မင်း တော်တော်မူးနေပြီပဲ... တော်ရောပေါ့ကွာ”

ဖုကန်းရယ်လိုက်လေသည်။

“ငါအရက်သောက်လို့မူးတယ်ဆိုတာမရှိပါဘူးကွာ၊ များတဲ့အခါ အိပ်ပျော်သွားတာပဲရှိပါတယ်”

သူကပြောပြီး သဘောကျစွာရယ်လိုက်သဖြင့် စီးဝမ်ကလည်း ရယ်လိုက်ရတော့သည်။

“ဟေ့... မင်းအရက်ထပ်သောက်ချင်သောက်၊ ငါကဝမ်းသာစရာစကားပြောမလို့”

စီးဝမ်ကပြောလိုက်သည်။ ဂင်တိုဖုကန်းက....



“ဝမ်းသာစရာစကားဆိုရင် အရက်ကပိုပြီးသောက်လို့ကောင်းတယ်... ပြောစမ်းပါကွာ”

ဖုကန်းမှာပြောပြီး အရက်တစ်အိုး လှမ်းမှာလိုက်၏။

“ငါ ရှန်းလျှံနဲ့လက်ထပ်ဖို့ လာခဲ့တာ”

ဖုကန်းခေါင်းထောင်သွားသည်။

“ဟေ... မြန်လှချည်လား၊ ဝမ်းသာစရာပဲဟေ့... နောက်တစ်အိုးထပ်မှာဦးကွာ”

စီးဝမ်ကထိပ်ကိုလှမ်းထိုး၍....

“ဒါ ကုန်အောင်သောက်ဦး... အဲဒီလိုလောဘမကြီးနဲ့”

ဖုကန်းကရယ်၍....

“မကုန်မှာမပူနဲ့မောင်ရင်... ငါက ဘယ်လောက်သောက်သောက် မမူးဘူး... အိပ်ပျော်သွားရင်တော့မသောက်တော့ဘူး”

စီးဝမ်က သူ့ကိုစိတ်ပျက်စွာကြည့်၍ပြုံးလိုက်မိသည်။

“မင်း ရှန်းလျှံနဲ့တွေ့သေးလား”

ဖုကန်းခေါင်းညိတ်လိုက်သည်။ ပြီးမှ သူက....

“ဒီလိုရှိတယ်သူငယ်ချင်း မင်းကိုဝမ်းနည်းစရာတစ်ခုတော့ပြောရဦးမယ်”

စီးဝမ်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

“ဘာများလဲကွ”

ဖုကန်းကမော့ကြည့်ကာ....

“တခြားတော့မဟုတ်ပါဘူးကွာ... မင်းလက်ထပ်တော့မယ်ဆိုရင် ရှန်းလျှံကသိပ်ဝမ်းသာမှာပဲ၊ ဒါပေမဲ့...”

စီးဝမ်ကမျက်မှောင်ကြုတ်၍....

“ဒါပေမဲ့ ဘာဖြစ်သလဲ... ပြောပါ”

www.burmeseclassic.com

www.burmeseclassic.com



ဖုကန်းက....

"သူက လောလောဆယ် လက်ထပ်ဖို့ကန့်ကွက်မှာ အမှန်ပဲ"

"ဟင်... ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့.... ချန်အန်းမြို့မှာရှိတဲ့သူ့အဖေ လောလောဆယ် အသတ်ခံလိုက်ရတဲ့ကိစ္စရှိနေလို့ပဲ"

"ဟင်...."

စီးဝမ်မှာ ထိတ်လန့်အံ့ဩသွားတော့သည်။

အတန်ကြာမှ....

"ငါသိခဲ့ရသလောက် ရှန်းလျှံမှာအဖေမရှိတော့ပါဘူး... အခု လက်ရှိ ဦးလေးတစ်ယောက်ပဲရှိတယ်မဟုတ်လား"

ဖုကန်း ခေါင်းညိတ်လိုက်သည်။

"အေး... ငါလဲ အစကဒီအတိုင်းပဲထင်မိခဲ့တယ်... အခု သေသေချာချာစုံစမ်းကြည့်တော့မှ တို့ထင်ထားတာတွေကမှားနေတာ"

စီးဝမ် စိတ်ဝင်စားလာသည်။

"ဒါထက်နေပါဦး၊ ရှန်းလျှံရဲ့အဖေဆိုတာကဘယ်သူလဲကွ"

ဖုကန်းကအနည်းငယ်စဉ်းစား၍....

"ချန်အန်းက သိုင်းသင်တန်းကျောင်းအုပ်ကြီးကုတ်လျှံဖိဆိုတာပဲ"

"ဟာ...."

စီးဝမ် ခေါင်းထဲ မိုးကြိုးပစ်သကဲ့သို့ခံစားလိုက်ရတော့သည်။

ဖုကန်းက....

"ဘာလဲ... မင်း သိပ်အံ့ဩသွားသလား၊ သူတို့အဖြစ်က ဒီလိုကွ... ကုတ်လျှံဖိဆိုတာ တစ်ချိန်က ချန်ကျူးမြို့စားကြီးကျိုကျူးရဲ့ ကိုယ်ရံတော်တစ်ယောက်မဟုတ်လား"



စီးဝမ်က စိတ်မရှည်သလို....

"ပြောမှာ ဆက်ပြောစမ်းပါ"

ဖုကန်းက....

"ကုတ်လျှံဖိက သူ့သမီးကို ရှောင်လင်ကျောင်းက ပညာပေးသင်ချင်ပေမဲ့ ကျောင်းရဲ့စည်းကမ်းက မန်ချူးတွေနဲ့ပတ်သက်နေရင် လက်မခံဘူးလေ၊ ဒါကြောင့် ကုတ်လျှံဖိဟာ ဒီမှာရှိနေတဲ့ သူ့ညီဆီ သမီးကိုပို့ ဒီကမှတစ်ဆင့် ဦးလေးဖြစ်သူက ရှောင်လင်ကျောင်းမှာ သွားထားပေးရတာ"

"ကျောင်းပြီးသွားတော့ကော ကုတ်လျှံဖိက ဘာလို့အကူ ခေါ်မထားတာလဲ"

"ဘယ်ခေါ်ထားလို့ဖြစ်မလဲ သူ့သမီးမှန်း ရှောင်လင်ကျောင်းကသိသွားရင် သူကော သူ့သမီးပါ ဒုက္ခရောက်သွားမယ်လေ"

ဖုကန်းက စကားကိုခေတ္တဖြတ်ပြီးမှဆက်၍....

"ဒါတွေထားပါတော့... မင်းတို့လက်ထပ်မဲ့ကိစ္စက ထိခိုက်စရာမရှိပါဘူး၊ ရက်တော့ နည်းနည်းဝေးမှဖြစ်မယ်နဲ့တူတယ်"

စီးဝမ်က အံကိုတင်းတင်းကြိတ်လိုက်လေသည်။

ထို့နောက်.... သူသည် အရက်အိုးကိုယူ၍မော့ချလိုက်ရာ ဖုကန်းမှာ အံ့ဩသွားလေတော့သည်။

ဖုကန်းသည် စီးဝမ်အားပြုံးစိစိဖြင့်ကြည့်လိုက်သည်။

"ရတနာကုန်သည်ကလဲ စိတ်အားငယ်တတ်လိုက်တာ၊ လက်ထပ်ရမဲ့ရက်လေး... ဝေးသွားတာနဲ့ဘာဖြစ်သွားရတာလဲ"

စီးဝမ်သည် ဖုကန်းအား မည်သည့်စကားမှပြန်မပြောတော့ပေ။ သူ၏စိတ်သည် အလွန်အမင်းလှုပ်ရှားနေပေသည်။

"ဟေ့... အရက်တစ်အိုးထပ်ပေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



စီးဝမ်က မှာလိုက်သည်။

ဖုကန်းက....

"ဒါတွေပဲ ကုန်အောင်သောက်ပါဦး၊ မင်းကလဲ လောဘကြီးလိုက်တာ"

ဖုကန်းက သူ့အားပြောထားသည့်အတိုင်း ပြန်ပြောလိုက်သည်။ ဆိုင်လုလင်က အရက်အိုးလာချပေးသည်။

စီးဝမ်က စားစရာများပါ ထပ်၍မှာလိုက်လေသည်။

ဖုကန်းသည် စီးဝမ်၏စိတ်ကိုနားမလည်အောင်ပင် ဖြစ်သွားတော့သည်။

ရတနာများ အရောင်းအဝယ်လုပ်ကိုင်နေသည့်စီဝမ်းသည် မည်သည့်အခါမှ ဤမျှလောက် အရက်သောက်သည်ကိုမတွေ့ရဘူးပေ။ ယခု သူသည် ရှန်းလျှံကြောင့် စိတ်ညစ်ပြီး အရက်တွေသောက်နေသည်ဟု သူထင်မိလိုက်လေသည်။

အမှန်စင်စစ်... စီးဝမ်တစ်ယောက်စိတ်ညစ်မည်ဆိုလည်း ညစ်သွားနိုင်ပေသည်။

ရှန်းလျှံကို သူကအသက်တမျှချစ်ခဲ့သည်။

ရှန်းလျှံကလည်း သူ့ကိုဤသို့ပင်ချစ်ခဲ့၏။

သို့သော် သူ အလွန်ချစ်ရ မြတ်နိုးရသောမိန်းကလေးမှာ မိမိ၏မိဘနှစ်ပါးကို သတ်ဖြတ်ခဲ့သူ၏သမီးတစ် ယောက် ဖြစ်နေသည် မဟုတ်ပါလား။

၀၀၀၀



အချိန်အတော်ကြာမှပင် ထိုအိမ်ကြီးမှမီးများက ငြိမ်းသတ်သွားလေသည်။ အမှောင်ထုထဲမှအရိပ်သည် အတန်ကြာအောင်စောင့်ဆိုင်းပြီးမှ လမ်းမပေါ်သို့ခုန်ထွက်လိုက်တော့သည်။

ထိုအရိပ်သည် စောစောက အိမ်ကြီးဆီသို့ တဖြည်းဖြည်းချင်းချဉ်းကပ်သွားတော့၏။

အိမ်ကြီးထဲတွင် တိတ်ဆိတ်ငြိမ်သက်နေပေသည်။ မည်းမည်းအရိပ်သည် ခြံတံခါးကိုကျော်ဝင်လိုက်သည်ဆိုလျှင် မမျှော်လင့်သောမြင်ကွင်းတစ်ခုကို မြင်လိုက်ရတော့၏။ မည်းမည်းအရိပ်သည် ထိုအိမ်ကြီး၏ပြတင်းပေါက်တစ်ခုမှလူတစ်ယောက်က ခုန်ဝင်သွားသည်ကို သူတွေ့လိုက်ရလေသည်။

"ဟာ... လူတစ်ယောက်ခုန်ဝင်သွားပါလား"

မည်းမည်းအရိပ်က အမှောင်ထုထဲမှစောင့်ကြည့်ရင်း စိတ်ထဲမှရေရွတ်မိလိုက်သည်။ သူသည် အိမ်ထဲသို့မဝင်သေးဘဲ အခြေအနေကိုစောင့်ကြည့်နေသည်။ ထိုအခိုက်မှာပင် အိမ်ကြီးမှ....

"အား...."

ဟူသောစူးစူးဝါးဝါး အော်သံတစ်ခုကိုကြားလိုက်ရတော့သည်။ အပြင်မှစောင့်ဆိုင်းနေသည့်အရိပ်သည် ထိုအသံကြောင့် ထိတ်လန့်သွားမိသည်။ ထိုစဉ်မှာပင် ပြတင်းပေါက်မှ စောစောကဝင်သွားသည့်လူတစ်ယောက်က လျင်မြန်စွာ ခုန်ထွက်သွားသည်ကို တွေ့မြင်ရလေသည်။ ထိုလူသည်လည်း ဝတ်စုံအနက်ကိုဝတ်ဆင်ထားသည်။ စောစောက အပြင်မှစောင့်ကြည့်နေသည့်အရိပ်သည် သိပ်မပေါ်တော့သည်နှင့် သူလည်း လျင်မြန်စွာပင် ထိုအိမ်ကြီးအနီးမှပြေးလွှားထွက်ခွာသွားလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောသတင်းတစ်ပုဒ် တောမီးပမာပျံ့နှံ့သွားသည်။ ယင်းမှာ ညကရှန်းလျှံလုပ်ကြံခံလိုက်ရသည့်သတင်းဖြစ်၏။ မိုးဆန်းပန်း စားသောက်ဆိုင်တွင် စီဝမ်းမှုးနေသည်။ ဖုကန်းသည် ထိုဆိုင်ထဲသို့ဝင်ရောက်လာသည့်အခါတွင် အံ့ဩသွားတော့သည်။

"ဘုရားရေ... ဒီဆိုင်က အရက်တွေ ငါ့ဖို့မှကျန်ပါတော့မလားမသိဘူး"

ဖုကန်းသည် ထိုသို့ပြောပြီးမှ သူ့ပါးစပ်ကို ကပျာကယာ ပြန်ပိတ်လိုက်လေသည်။ ဖုကန်းသည် စီးဝမ်အား ရှန်းလျှံလုပ်ကြံခံရသည့်သတင်းပြောရန် ဖြစ်သော်လည်း စီးဝမ်အရက်မူးနေသည်ကိုမြင်သောကြောင့် ယခုကဲ့သို့ပြောလိုက်မိခြင်းဖြစ်လေသည်။

စီးဝမ်သည် ဖုကန်းက မည်သည့်စကားပင်ပြောပြောမကြားသကဲ့သို့ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက်ဖိ၍ သောက်နေပေသည်။

"မင်းစိတ်ဆင်းရဲမယ်ဆိုတာ ငါသိပါတယ်... ဒါပေမဲ့ အရက်တွေကို ဒီလောက်များများ မင်းမသောက်သင့်ဘူး"

စီးဝမ်သည် ဖုကန်းပြောနေသည်ကို ဘာမှနားမလည်ပေ။ နားထောင်လိုဟန်လျှင် မရှိပေ။ ဖုကန်းကဆက်၍....

"ရှန်းလျှံကို ရွှံဝံကြွယ်သတ်သွားတာတော့ ရက်စက်လွန်းရာကျပါတယ်ကွာ... မသကာဆိုရင် ကုတ်လျှံဖိကို လက်စားချေပြီးပြီပဲ တော်လောက်ပြီပေါ့"

စီးဝမ် ရုတ်တရက်ခေါင်းထောင်သွား၏။

"ဟေ့ကောင်... မင်း ဘာပြောတာလဲ... ပြန်ပြောစမ်း"

"ဟင်... မင်း မသိသေးဘူးလား၊ ညက ရှန်းလျှံအသတ်ခံရလို့လေ... အဲ့ဒါကြားလို့ အရက်သောက်နေတာမဟုတ်ဘူးလား"



"အေး... ဟုတ်တယ်၊ ဒါပေမဲ့ ရွှံဝံကြွယ်ကသတ်တယ်လို့ ဘယ်သူကပြောတာလဲ"

ဖုကန်းက....

"ရှန်းလျှံရဲ့အလောင်းနားမှာ ရွှံဝံကြွယ်တံဆိပ်ကျန်ခဲ့တယ်လေ"

စီးဝမ်သည် ခံနိုင်ရည်မရှိတော့သကဲ့သို့....

"တော်ပြီ... ငါ ဘာမှမကြားချင်ဘူး၊ မင်းလဲ ဘာမှထပ်မပြောပါနဲ့တော့ကွာ"

သူသည် ဤကဲ့သို့အော်ဟစ်ပြီး အရက်တစ်ခွက်ပါးစပ်ထဲသို့လောင်းထည့်ကာ ဆိုင်ထဲမှပြေးထွက်သွားလေတော့၏။

၀၀၀၀

ချန်ကျူးမြို့၏ညနေချမ်း....

ချန်ကျူးမြို့၏ညနေချမ်းအချိန်သည် အလွန်သာယာလှပသောအချိန်ဖြစ်သည်။ ထိုအချိန်၌ ချန်ကျူးမြို့ဘုရားကျောင်းတွင် ဘုရားဝတ်တက်သူများ အလည်အပတ်လမ်းလျှောက်သူများဖြင့် စည်ကားနေတတ်သည်။

"စိန့်ဟုတ်"ဘုရားကျောင်းကြီးကား အလွန်ကျယ်ဝန်းပြီးကြီးမားသော ဘုရားကျောင်းကြီးဖြစ်ပေသည်။

အဆောင်ပေါင်းများစွာရှိသလို အခန်းပေါင်းများစွာရှိနေပေသည်။

ထိုဘုရားကျောင်းသို့လာရောက်သူများထဲတွင် အသက်သုံးဆယ်ခန့်လူတစ်ဦးသည် နေ့စဉ်ရက်ဆက်ဆိုသလို သုံးရက်တိုင်တိုင်လာရောက်၍ ဘုရားကျောင်းသို့လေ့လာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် အသက်ခြောက်ဆယ်ကျော်ရှိ သူဌေးကြီးတစ်ဦးကိုအမြဲစောင့်ကြည့်နေတတ်သည်။

ထိုသူဌေးကြီးသည် ဘုရားကျောင်းသို့နေ့စဉ်လာ၍ ဘုရားဝတ်တတ်ရာ ညမိုးချုပ်သည့်အချိန်မှအိမ်သို့ပြန်တတ်လေသည်။

အသက်သုံးဆယ်ခန့်ရှိသည့်လူငယ်မှာ အခြားသူမဟုတ်ပေ။ ပန်းဧဟာသူဌေးလေး စုဟုန်လင်းပင်ဖြစ်တော့သည်။

၀၀၀၀

စုဟုန်လင်းသည် အသက်ခြောက်ဆယ်ကျော်ရှိပြီဖြစ်သော သူဌေးကြီးကျောင်းချစ်အား လေ့လာနေသည်မှာ သုံးရက်တိတိရှိပြီဖြစ်ပေသည်။

သူသည် ကျောင်းချစ်ကိုမြင်တွေ့တိုင်းဒေါသဖြစ်နေ၏။

သူ၏မိဘနှစ်ပါးစလုံးသည် ကျောင်းချစ်ကြောင့် အသေဆိုးနှင့်သေခဲ့ရသည်မဟုတ်ပါလား။

ထို့ကြောင့် သူသည် အိမ်ထောင်ရေးကိစ္စကို လုံးဝမစဉ်းစားသေးဘဲ သူဌေးကျောင်း၏အသွားအလာကိုလေ့လာ ချောင်းမြောင်းနေခြင်းဖြစ်သည်။ ယခုသုံးရက်မြောက်သောနေ့၌ကောင်းကောင်းကြီးသိရှိသွားပြီဖြစ်လေသည်။

ကျောင်းချစ်သည် ဘုရားကျောင်းထဲမှပြန်သည့်အခါတွင် ဘုရားကျောင်း၏အနောက်ဘက်လမ်းမှပြန်တတ်ခြင်းပင် ဖြစ်သည်။ ဘုရားကျောင်း၏အနောက်ဘက်လမ်းသည် လူသွားလူလာလည်းပြတ်၏။ စုဟုန်လင်းသည် ဘုရားကျောင်း၏အနောက်ဘက်လမ်းအထွက်တွင် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေခဲ့ပေသည်။

သိပ်ကြာကြာမစောင့်လိုက်ရ။



အတော်လေးညဉ့်နက်သည်နှင့် ကျောင်းချစ်ဘုရားကျောင်းထဲမှထွက်လာသည်။ စုဟုန်လင်းသည် ကျောင်းချစ်အား ခုန်အုပ်၍ ဘုရားကျောင်းအနောက်ဘက်ရှိ အခန်းတစ်ခုထဲသို့ဆွဲခေါ်သွားရာ ကျောင်းချစ်မှာရုန်းရင်းကန်ရင်းဖြင့် လိုက်ပါသွားလေတော့သည်။

ထိုအချိန်တွင် ကျောင်းစောင့်အဘိုးအိုသည် ဘုရားကျောင်း၏တံခါးမကြီးကို ဂျိမ်းခနဲနေအောင်ပိတ်လိုက်သည့်အသံကို ကြားရလေသည်။

၀၀၀၀

စုဟုန်လင်းသည် သူဌေးကြီးကျောင်းချစ်အား အခန်းထဲသို့ ထိုးသွင်းပြီးသည်နှင့်တံခါးကိုပိတ်ပစ်လိုက်တော့သည်။

"ဟေ့... သူငယ်... မင်းကျုပ်ကိုဘာလုပ်တာလဲ"

ကျောင်းချစ်မှာ ရုတ်တရက် ကြောက်ကြောက်လန့်လန့်ဖြင့် အော်မေးလိုက်သည်။ စုဟုန်လင်းက ကျောင်းချစ်၏မျက်နှာအား လက်သီးဖြင့်တစ်အားထိုးသွင်းလိုက်သည်။

"ခွပ်...."

"အိုး...."

ကျောင်းချစ်၏မျက်နှာလည်ထွက်သွားသည်။

စုဟုန်လင်းက....

"ခင်ဗျားပါးစပ်ပိတ်ထား"

သူသည် ပြောပြီး ဓားတိုတစ်လက်ကို ခါးကြားမှထုတ်ယူလိုက်လေသည်။ ကျောင်းချစ်သည် ခေသူမဟုတ်ပါ။

သူသည် စုဟုန်လင်းအား ခြေရောလက်ပါသိုင်းကွက်သုံးကွက်ထုတ်၍ပြန်လည်တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းသည် ပတ်ဝန်းကျင်မှအသံများကြားမည်စိုး၍ သူ၏ဓားတစ်လက်ကို အလျင်အမြန်အသုံးချလိုက်ရတော့သည်။ သူ၏ဓားက ကျောင်းချစ်၏လက်မောင်းတွင်စိုက်ဝင်သွားသည်။

"အား...."

စုဟုန်လင်းကရယ်လိုက်သည်။

"ခင်ဗျားကိုမသတ်သေးတာက နည်းနည်းပြောစရာရှိလို့"

ကျောင်းချစ်သည် ကြောက်ရွံ့သွားပုံရသည်။ လက်မောင်းတွင်ရသွားသည့်ဒဏ်ရာကိုဆုပ်ကိုင်၍....

"မင်းက ငါ့ကိုဘာကြောင့်အခုလိုသတ်ချင်ရတာလဲ"

စုဟုန်လင်းက....

"ခင်ဗျားပူမနေပါနဲ့... အခု သိရမှာပါ။ ကျုပ်ဘယ်သူလဲဆိုတာတော့ ခင်ဗျားသိမှာမဟုတ်ပါဘူး"

ကျောင်းချစ်ကမျက်မှောင်ကြုတ်၍....

"ပြောပါဦး... မင်းကဘယ်သူမို့လို့လဲ ငါ့ကိုမတရားသတ်လို့ရမယ်ထင်သလား"

စုဟုန်လင်းကရယ်လိုက်၏။

"ခင်ဗျားကို ကျုပ်ကမတရားသဖြင့်သတ်မှာမဟုတ်ဘူး... တရားသဖြင့်သတ်မှာပါ"

ကျောင်းချစ်သည် ဇောချွေးများပြန်လာသည်။

စုဟုန်လင်းကဆက်၍....

"ခင်ဗျားက ကျုပ်ဘယ်သူလဲဆိုတာသိချင်တော့လဲ ပြောရမှာပေါ့။ သူဌေးကြီးချောင်းဆူးရဲ့မြေးဆိုရင် မလုံလောက်သေးဘူးလား"

ကျောင်းချစ်မှာ သိသိသာသာမျက်နှာပျက်သွားတော့၏။



စုဟုန်လင်းက မဲ့ပြုံးပြုံးလိုက်ပြန်သည်။

"အဲဒါမှမလုံလောက်သေးရင် ကျုပ်ဟာ ရန်ရန်လင်းနဲ့ချီဟွားသားဆိုရင်တော့ ကောင်းကောင်းကြီးသဘောပေါက်သွားမှာပါ"

ကျောင်းချစ်မှာ အခြေအနေက မဟန်တော့မှန်း သိလာ၍ ရုတ်တရက် ပြေးရန်ကြံစည်လိုက်သည်။

စုဟုန်လင်းကလမ်းပိတ်ဆို့၍....

"ခင်ဗျားပြေးလို့မလွတ်ပါဘူး... ကျုပ်မိဘတွေအသေဆိုးနဲ့သေရသလို ခင်ဗျားသေရမှာကျေနပ်မယ်"

စုဟုန်လင်းသည် ပြောရင်းမှ ဒေါသဖြစ်လာတော့သည်။ ထို့ကြောင့် သူသည် ကျောင်းချစ်အား ဓားမြှောင်ဖြင့် ရင်ဝသို့ထိုးချလိုက်တော့သည်။

သူသည် စိတ်နောက်နေသောလူတစ်ယောက်ကဲ့သို့ အချက်ပေါင်းများစွာထိုးသွင်းလိုက်ရာ ကျောင်းချစ်မှာငြိမ်ကျသွားတော့သည်။ စုဟုန်လင်းမှာ အလွန်အမင်း အားရကျေနပ်သည့်မျက်နှာဖြင့် စိန့်ဟုတ်ဘုရားကျောင်းဝင်းအတွင်းမှပြေးထွက်ခဲ့တော့သည်။

၀၀၀၀

နောက်တစ်နေ့တွင် သူသည် စိတ်အလွန်ပေါ့ပါးသွားပြီဖြစ်သည်။ ထို့ကြောင့် သူ၏အခန်းထဲတွင် အရက်တစ်အိုးကို စိမ်ပြေနပြေသောက်နေမိတော့သည်။

သူ အရက်ကိုသောက်နေသည်မှာ သုံးလေးရက်ရှိပြီးဖြစ်သော်လည်း ယနေ့လောက် စိတ်ချမ်းချမ်းသာသာမသောက်ခဲ့ရဟုစိတ်ထဲက ထင်မြင်မိနေသည်။ ထိုစဉ်တွင် သူ၏အခန်းထဲသို့ အမျိုးသမီးတစ်ဦးဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းက မော့ကြည့်လိုက်ရာ အလွန်အမင်းအံ့သြသွား တော့၏။ အဘယ်ကြောင့်ဆိုသော် ဆယ်နှစ်ကျော်ကျော်ခွဲခွာခဲ့ရ သော်လည်း ငယ်ရုပ်ကိုပြန်၍ဖမ်းမိသောကြောင့် လန်စီကျင်းဖြစ်မှန်း သိရှိလိုက်ရသောကြောင့်ပင်။

"ဟင်... လန်စီကျင်း"

သူက အံ့သြဝမ်းသာစွာဆီး၍ခေါ်လိုက်သည်။

သူမက စုဟုန်လင်းအားစူးစူးကလေးကြည့်၍....

"အစ်ကိုက အရက်တွေပဲသောက်နေတော့ ညီမကိုမေ့နေ ပြီပေါ့လေ ဟုတ်လား"

စုဟုန်လင်းက ပြုံးလိုက်၏။

"ထိုင်ပါဦး... ဒါထက် ညီမကဘယ်တုန်းကရောက်တာလဲ"

လန်စီကျင်းက....

"ဒီနေ့ပဲရောက်တာပေါ့... အစ်ကိုရဲ့အုပ်ချုပ်ရေးမှူးစွမ်းရိုက လာခေါ်တာလေ"

"ဘာ... စွမ်းရို ညီမကိုလာခေါ်တယ်ဟုတ်လား"

လန်စီကျင်းက ကြောင်အမ်းအမ်းဖြင့်....

"အစ်ကို ဘာဖြစ်နေတာလဲ... အစ်ကိုကပဲ ချက်ချင်းလိုက် လာရမယ်လို့ ခေါ်ခိုင်းလိုက်တာဆို... ကျွန်မ မလာရင် အရက်တွေ အလွန်အကျွံသောက်ပြီးသေတော့မယ်ဆိုလို့ ကျွန်မလိုက်ခဲ့တာပေါ့"

စုဟုန်လင်းက သက်ပြင်းချမိလိုက်သည်။ စွမ်းရိုသည် မိမိ အကြောင်းနှင့်မိမိ စိတ်ညစ်နေသည်ကို တစ်မျိုးထင်မြင်မိသွားပြီး လန်စီကျင်းအားလိမ်ညာ၍သွားရောက်ခေါ်ခဲ့ခြင်းဖြစ်ရမည်ဟု ထင် မိလိုက်သည်။

စွမ်းရိုသည် မိမိအပေါ်အနစ်နာခံသည်။



စေတနာထားသည်မှာ ထင်ရှားနေသည်။

သူမအား သနားသွားမိသည်။

"ငါ လန်စီကျင်းဆီမှာခွင့်တောင်းပြီး စွမ်းရိုကိုပဲလက်ထပ် ရင် ကောင်းမလား"

စုဟုန်လင်းတွေးတောနေသည်။

"အို... မဖြစ်သေးပါဘူး။ လန်စီကျင်းဟာ ဒီနေ့အထိ ငါ့ကို သစ္စာရှိရှိစောင့်နေတဲ့မိန်းကလေးပဲ၊ သူ့ကိုလဲ ငါက ကတိပေးထား တယ်"

စုဟုန်လင်းသည် မည်သို့မည်ပုံဆုံးဖြတ်ရမည်ကို ဝေခွဲမရ အောင်ဖြစ်နေတော့၏။

၀၀၀၀

လန်စီကျင်းက....

"အစ်ကိုက ဘာတွေစဉ်းစားနေတာလဲ"

စုဟုန်လင်းက အံနည်းငယ်ပြုံးပြ၍ ခေါင်းယမ်းလိုက်၏။

"ဘာမှမဟုတ်ပါဘူး... ဟိုတုန်းက အကြောင်းတွေ စဉ်းစား နေမလို့ပါ"

"အစ်ကို့ကျေးဇူးကြောင့် ကျွန်မတို့မောင်နှမတွေ ပြန်တွေ့ရ တာ သိပ်ကျေးဇူးတင်တာပဲအစ်ကိုရယ်"

စုဟုန်လင်းက....

"ညီမတို့ရဲ့ကုသိုလ်ကံလဲ ပါပါတယ်"

လန်စီကျင်းသည် စုဟုန်လင်း၏အေးတိအေးစက်အမူအရာ ကြောင့် စိတ်ထဲတွင်တစ်မျိုးဖြစ်နေသည်။

ထို့ကြောင့် သူမက....

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ကျွန်မကို အရင်တုန်းကလိုပဲခင်သေးရဲ့လား"

စုဟုန်လင်းကရယ်၍....

"ဘာဖြစ်လို့ မခင်ရမှာလဲ ညီမရဲ့... အခုဆို ဘယ်လောက်ပျော်စရာကောင်းထားသလဲ၊ ညီမတို့တစ်တွေလဲ ပြန်ဆုံကြပြီ အစ်ကိုနဲ့လဲပြန်တွေ့ရပြီ... ပျော်ပျော်ပါးပါးနေကြရုံပဲရှိတာပေါ့"

"ကျွန်မ မပျော်ဘူးသိလား"

"ဘာဖြစ်လို့လဲ"

"အစ်ကို့ကိုကြည့်တော့လဲ အရက်ပဲသောက်နေတယ်... မောင်လေးစီးဝမ်လဲရောက်ကတည်းက အရက်ပဲသောက်နေတယ်"

စုဟုန်လင်းကမျက်မှောင်ကြုတ်၍....

"စီးဝမ်ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ်... သူက ဘယ်သူ့ကိုမှစကားမပြောဘဲ အရက်တွေကိုသောက်နေတယ်"

ထိုအခိုက် အခန်းထဲသို့ စီးဟုန်ပြေးဝင်လာလေသည်။

"သူဌေးလေး အပြင်မှာဧည့်သည်ရောက်နေတယ်... ထွက်ကြည့်ပါဦး"

စုဟုန်လင်းက အပြင်သို့ထွက်သွားရာ ထိတ်လန့်အံ့သြစရာလူများကိုတွေ့မြင်လိုက်ရတော့သည်။

၀၀၀၀



မြို့စားဂေဟာမှကိုယ်ရံတော်တပ်သားများသည်....

ပန်းဂေဟာတစ်ခုလုံးကိုဝိုင်းရံထားလေသည်။

ထိုတပ်သားများနှင့်အတူပါလာသူမှာ....

သူဌေးကြီးကျောင်းချစ်၏သား ကျောင်းလုထန်းနှင့်သိုင်းသမားလူမိုက်များပင် ဖြစ်နေ၏။

ကျောင်းလုထန်းသည် ကိုယ်ရံတော်ဗိုလ်မှူးကြီးများအား စုဟုန်လင်းကိုလက်ညှိုးထိုးပြလျက်....

"ကျုပ်အဖေကိုသတ်တာ... သူပဲ"

စုဟုန်လင်းမှာ မျက်နှာကွက်ခနဲပျက်သွားလေသည်။

သို့သော်....

သူကခပ်တည်တည်ဖြင့် ကျောင်းလုထန်းအားကြည့်ကာ....

"မင်းက ဘာတွေလာပြောနေတာလဲ"

"မင်း ဘာညာဦးမလို့လဲ... ဘုရားကျောင်းစောင့်တဲ့ အဘိုးကြီးက မင်းထွက်ပြေးသွားတာမြင်ပါတယ်လို့ပြောတယ်"

ထိုစဉ် စွမ်းရိထွက်လာပြီး ကျောင်းလုထန်းရှေ့တွင် ရပ်တန့်လိုက်လေသည်။

"ကျွန်မတို့သူဌေးက ရှင့်အဖေကိုသတ်မဲ့လူလားဆိုတာ သေသေချာချာကြည့်ထားစမ်းပါ"

ကျောင်းလုထန်းက ရယ်လိုက်ပြီး....

"နင်ဘာမှမသိဘဲဝင်မပြောနဲ့... ဒီကိစ္စမှာနင်လဲပါမှာပဲ၊ ငါ့အဖေကပြောဖူးတယ်... သူဌေးကြီးချောင်းဆူးဟာ ငါ့ကိုမုန်းနေတဲ့လူလို့ပြောပြခဲ့ဖူးတယ်၊ အဲဒီတော့ ချောင်းဆူးရဲ့မြေးကသတ်တယ်ဆိုတာမဆန်းပါဘူး၊ ကျောင်းစောင့်ကြီးကလဲ သေချာမြင်လို့ပြောတာ၊ ဗိုလ်မှူး သူတို့ကိုဖမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စီးဟုန်ကရုတ်တရက်ဓားကိုဆွဲထုတ်လိုက်၏။

"သက်သေပြချက်မခိုင်လုံဘဲနဲ့ သူ့ဒွေးလေးကိုလုံးဝမဖမ်းပါနဲ့"

ကိုယ်ရံတော်တပ်မှူးသည် ကျောင်းလုထန်းတို့ထံမှငွေကြေးမည်မျှရရှိထားသည်မသိပေ။ သူ၏တပ်သားများအား စုဟုန်လင်းနှင့်အတူ ပန်းဂေဟာမိသားစုအားလုံးကိုဖမ်းဆီးရန် အမိန့်ပေးလိုက်လေ၏။

ထိုအခါ စုဟုန်လင်းက....

"ခင်ဗျားတို့မသက်ာရင် ကျုပ်ကိုပဲဖမ်းပေါ့... သူတို့နဲ့ဘာဆိုင်သလဲ"

ကိုယ်ရံတော်တပ်မှူးက....

"ဆိုင်တာမဆိုင်တာ နောက်တော့ကြည့်ရှင်းပေါ့၊ လောလောဆယ် ခင်ဗျားတို့အားလုံး ကျုပ်နဲ့အေးအေးဆေးဆေးလိုက်ခဲ့ရင် အကောင်းဆုံးပဲ"

စီးဟုန်နှင့်လန်စီကျင်းသည် မန်ချူးဗိုလ်မှူးကိုမြင်ကတည်းကအံတကြိတ်ကြိတ်ဖြစ်နေ၏။

ယခုနေအခါ တိုက်ခိုက်၍ရလျှင် တိုက်ခိုက်လိုက်ချင်သည်။

စုဟုန်လင်းက ဘာမှမလုပ်ရန် ဟန့်တားထား၏။

"ဒီကိစ္စမှာ ကျုပ်နဲ့သာဆိုင်လို့ ကျုပ်အဖမ်းခံရင်ပြီးတာပဲမဟုတ်လား"

ကျောင်းလုထန်းမှာ စွမ်းရီကိုမုန်းတီးနေသူဖြစ်သည်။

ထို့ကြောင့် သူကဝင်၍....

"ဗိုလ်မှူး သူတို့ဟာလူသတ်သမားတွေဖြစ်ရမယ်၊ အားလုံးကိုမဖမ်းရင် ဒုက္ခရောက်သွားလိမ့်မယ်"



အားလုံးဟူသောစကားကြောင့်... လန်စီကျင်းသည် သူ၏မောင်လေးဖြစ်သူကိုလှမ်းကြည့်လိုက်သည်။ သို့သော် စီးဝမ်သည် အရက်တစ်အိုးနှင့် ခေါင်းငိုက်စိုက်ကျနေသည်ကိုတွေ့ရ၏။

ဗိုလ်မှူးသည် စုဟုန်လင်းနှင့်အမျိုးသမီးသုံးဦးအား ဖမ်းဆီးခေါ်ဆောင်သွားရန်အမိန့်ပေးလိုက်၏။ စုဟုန်လင်းက အသာတကြည်ပင် အဖမ်းခံလိုက်၏။ သူက ဤကဲ့သို့ အသာတကြည် အဖမ်းခံလိုက်ရခြင်းမှာ စားပွဲတစ်ခု၌ထိုင်နေသော မုတ်ဆိတ်မွေးနှင့်ပုဂ္ဂိုလ်ကြီးတစ်ဦးက လိုက် သွားရန်မျက်ရိပ်ပြလိုက်သောကြောင့်ပင်ဖြစ်၏။

ထိုပုဂ္ဂိုလ်ကြီးကို သူ လုံးဝသိရှိခြင်းမရှိပါပေ။

သို့သော် ထိုပုဂ္ဂိုလ်ကြီးက စုဟုန်လင်းမြင်သာအောင် အရာဝတ္ထုတစ်ခုကိုပြသလိုက်သောကြောင့်ဖြစ်သည်။

ယင်းအရာဝတ္ထုကား ရွှံ့ကြွယ်အမှတ်အသားပင်ဖြစ်နေပေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းတို့မှာ မြို့စားဂေဟာ၏အချုပ်ခန်းထဲသို့ရောက်ရှိ၍မကြာသောအချိန်လေးမှာပင် မြို့စားဂေဟာအတွင်းသို့ အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ပြီး မျက်နှာဖုံးစွပ်ထားသောလူနှစ်ယောက်က ရှေ့ဆင့်နောက်ဆင့်ဆိုသလိုရောက်ရှိလာတော့သည်။

ထိုလူနှစ်ဦးကိုမြင်တွေ့လိုက်ရသည်နှင့် မန်ချူးတပ်သားများမှာလှုပ်လှုပ်ရှားရှားဖြစ်သွားရတော့သည်။

ထိုအချိန်တွင်....

ကျောင်းလုထန်းသည် မြို့စားကြီးနှင့်အတူ ဧည့်ခန်းထဲ၌ စကားပြောဆိုနေစဉ်ဖြစ်သည်။

အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်သည် ဧည့်ခန်းမအတွင်းသို့ ရဲတင်းစွာပင် ဝင်ရောက်လာကြသည်။ သူတို့နှစ်ဦး၏နောက်မှ မန်ချူးတပ်သားများက ဓားများဖြင့်ချိန်ရွယ်၍ အသင့်လိုက်ပါလာကြသည်။

မြို့စားကြီးဖုလူကျန်းသည် ခါးပတ်မှအရောင် တဖျတ်ဖျတ်တောက်နေသောလူကိုမြင်တွေ့လိုက်သည်နှင့် မျက်နှာကွက်ခနဲပျက်သွားတော့သည်။

ကျောင်းလုထန်း၏မျက်နှာတွင် သွေးမရှိတော့ပေ။

မျက်နှာဖုံးနှင့်လူနှစ်ဦးအနက် တစ်ဦးက မြို့စားကြီးရှေ့နားသို့သွားရောက်၍ မြို့စားကြီးအား သူ၏လက်ထဲမှအရာဝတ္ထုကိုပြလိုက်သည်။

မြို့စားကြီးကသေသေချာချာကြည့်၍....

"ရွှဝံကြွယ်အမှတ်တစ်"

ဟု ပါးစပ်မှတိုးတိုးရေရွတ်လိုက်လေသည်။

ထိုလူကခေါင်းညိတ်၍....



"ဟုတ်တယ်... ရွှဝံကြွယ်ခေါင်းဆောင်ဆိုတာကျုပ်ပဲ၊ ဒီလောကမှာ ရွှဝံကြွယ်ဟာ ပျောက်သွားရိုးထုံးစံမရှိဘူး၊ ခင်ဗျားတို့ဖမ်းဆီးလာတဲ့တရားခံတွေကို အခုချက်ချင်းပြန်လွှတ်ပေးပါ"

မြို့စားကြီးသည် တရားခံများဖမ်းဆီးလာသည့်ဗိုလ်မှူးနှင့်ကျောင်းလုထန်းကိုကြည့်လိုက်လေသည်။

ကျောင်းလုထန်းက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်....

"မတရားဖမ်းလာတာမဟုတ်ပါဘူး... သူတို့က ကျုပ်အဖေကိုသတ်ပစ်တယ်ဆိုတာသက်သေရှိပါတယ်"

ရွှဝံကြွယ်ကရယ်လိုက်သည်။

"ဟော့ကောင် ကျောင်းလုထန်း... လောကမှာ ရွှဝံကြွယ်မသိတာ ဘာမှမရှိဘူး၊ မင်းအဖေရဲ့ပယောဂကြောင့် စုဟုန်လင်းရဲ့မိဘနှစ်ပါးစလုံးအသတ်ခံရတာကော မင်းငြင်းမလား"

ကျောင်းလုထန်း ပါးစပ်ပိတ်သွားသည်။

ထိုစဉ်....

"ခစ်... ခစ်"

ဟု ကိုယ်ပျောက်သိုင်းသမားကရယ်လိုက်သည်။ မြို့စားကြီးသည် ထိုအသံကြားရသည်နှင့်တစ်ချက်တုန်လှုပ်သွားသည်။ တစ်ချိန်က ထိုရယ်သံရှင်သည် ဤခန်းမ၌ပင် တပ်မှူးတစ်ဦးနှင့်ငယ်သားနှစ်ဦးအားသတ်သွားခဲ့သည်မဟုတ်ပါလား။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးအနေဖြင့် ဖမ်းဆီးထားသောတရားခံများအား ပြန်လည်၍ထုတ်ပေးရသည်မှာ သိက္ခာကျစရာဖြစ်နေ၍....

"ကျုပ်တို့က တရားသဖြင့်အမှုကိုစစ်မှာပါ... မဟုတ်ရင် မဟုတ်သလို ပြန်လွှတ်ပေးမှာပါ"

မှုဝံကြွယ်ကခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့ကပြန်လွှတ်ပေးပါ့မယ်ဆိုတဲ့စကားကို ကျုပ်တို့ တစ်သက်လုံးမယုံဘူး"

ထိုအခါ ကိုယ်ရံတော်ဗိုလ်မှူးကြီးက အစုံအလင်ရှိနေသော သူ၏လူများကို တစ်ချက်မျှဝေ့ကြည့်လိုက်၏။ ပြီးမှ....

"ဒီကောင်တွေသိပ်လူပါးဝတယ်၊ တိုက်... မလွှတ်စေနဲ့"

ဟု အော်ဟစ်အမိန့်ပေးလိုက်ရာ မြို့စားကြီးမှာအခြေအနေကိုတားဆီးရန်အချိန်မရရှိလိုက်တော့ပေ။

oooo

အပြင်မှဆူဆူညံညံအသံကြောင့်... စုဟုန်လင်းသည် အချုပ်တံခါးကို ကိုယ်လုံးဖြင့်ဆောင့်တွန်းလိုက်သည်။

"ဝုန်း...."

"ဝုန်း...."

အချုပ်တံခါးပွင့်မသွားပါ။ အစောင့်သည် တံခါးဝနားရောက်ရှိလာ၏။ စီးဟုန်က ရုတ်တရက် တိုင်များကြားမှလက်ကိုထုတ်၍ အစောင့်၏အင်္ကျီစကိုဖမ်းဆွဲလိုက်သည်။ ထိုအခါ စုဟုန်လင်းသည် ထိုတိုင်ကြားမှပင် လက်ထုတ်ပြီး အစောင့်လည်ပင်းကိုညှစ်လိုက်၏။

လန်စီကျင်းက အစောင့်၏ဓားကိုလှမ်းယူသည်။

"ရှင်... သော့မြန်မြန်ဖွင့်လိုက်ပါ"



လန်စီကျင်း၏ဓားက အစောင့်၏လည်မျိုသို့ထိုးသွင်းထားသည်။ အစောင့်သည် ကြောက်ကြောက်ဖြင့် ခါးကြားမှသော့ကိုထုတ်ပြီးဖွင့်လိုက်ရလေသည်။

"ဝုန်း...."

စုဟုန်လင်း တံခါးကိုဆောင့်တွန်းထွက်လိုက်၏။ အစောင့်သည် လန်စီကျင်းလက်ချက်ဖြင့် ပုံလျက်သား လဲကျသွားလေသည်။ စုဟုန်လင်းသည် စွမ်းရှိ သိုင်းပညာမတတ်သည်ကိုသိရသောအခါ စိုးရိမ်သွားမိ၏။ ထို့ကြောင့် သူကစီးဟုန်နှင့်လန်စီကျင်းအား....

"စွမ်းရှိကို အပြင်ရောက်အောင်ခေါ်ထုတ်"

ဟုလှမ်းအော်ပြီး သဲသဲမဲမဲတိုက်ခိုက်နေသော ညွှန်ခန်းဆီသို့ အပြေးအလွှားဝင်ရောက်သွားလေသည်။

oooo

ညွှန်ခန်းထဲ၌ကြည့်၍ မကောင်းပါ။ အလောင်းများကသွေးအလိမ်းလိမ်းဖြင့် မြင်မကောင်းရှုမကောင်းဖြစ်နေတော့သည်။ စုဟုန်လင်းဝင်သွားသည့်အချိန်တွင် အပြင်ဘက်၌တစ်ခု ညွှန်ခန်းထဲ၌တစ်ခုဖြစ်နေသည်။ ယခုအခါ မြို့စားကြီးကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်နေပြီဖြစ်ပေသည်။ စုဟုန်လင်းသည် အနီးဆုံးသေနေသူ၏လက်ထဲမှ ဓားကိုဆွဲယူလိုက်လေသည်။

ထိုလူမှာ ကျောင်းလုထန်းဖြစ်နေသဖြင့် စုဟုန်လင်းက ခြေဖြင့်ကန်ထည့်လိုက်သေးသည်။ မြို့စားဂေဟာတစ်ခုလုံး ပွက်ပွက်ညံသွားတော့၏။ စုဟုန်လင်းက မြို့စားကြီးကိုဝင်တိုက်၏။ မြို့စားကြီးမှာ အသက်ကြီးပြီဖြစ်သော်လည်း တိုက်ရည်ခိုက်ရည်ကထက်မြက်ဆဲပင် ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်တပ်သားများမှာလည်း ထိပ်တန်းသိုင်းသမားများပင် ဖြစ်ကြလေသည်။ တပ်သားအချို့မှာမူ အမျိုးသမီးသုံးဦးကို ပြေး၍တိုက်ခိုက်နေ၏။ လန်စီကျင်းနှင့်စီးဟုန်သည် ထိုတပ်သားများကိုပြန်လည်တိုက်ခိုက်ရင်းမှ စွမ်းရီကိုလည်းကာကွယ်နေရ၏။

ရုတ်တရက် ဓားတစ်လက်သည် စွမ်းရီ၏ဝမ်းဗိုက်သို့တိုးဝင်သွားရာ စွမ်းရီမှာ....

"အား...."

ဟု တစ်ချက်သာအော်နိုင်ပြီးလဲကျသွားသည်။ စီးဟုန်နှင့် လန်စီကျင်းသည် ဒေါသများထွက်လာတော့သည်။

သူမတို့သည် မန်ချူးစစ်သား လေးငါးခြောက်ယောက်ကို လှဲချနိုင်သောအချိန်တွင် အမှောင်ကလည်းစိုးမိုးလာပြီဖြစ်လေသည်။

တိုက်ခိုက်သံများကလည်း တစ်စထက်တစ်စတိတ်ဆိတ်လာတော့သည်။ လုံးဝမှောင်သွားသောအချိန်တွင် တိုက်ခိုက်သံများလည်း လုံးဝရပ်ဆိုင်းသွားတော့သည်။

ဝဝဝဝ

စုဟုန်လင်းသည်ဒဏ်ရာရရှိသွားသော်လည်း သိပ်ပြီးမပြင်းထန်သောကြောင့် စီးဟုန်တို့ဆီသို့ပြေးလာသည်။ စီးဟုန်က ဘာမှမဖြစ်သော်လည်း လန်စီကျင်းမှာဒဏ်ရာရ၍ လဲနေသည်။

စုဟုန်လင်းသည် လုံးဝအသက်ပျောက်နေသောစွမ်းရီကို ကြည့်၍စိတ်ဓာတ်များချောက်ချားသွားမိတော့သည်။ စုဟုန်လင်းနှင့် စီးဟုန်တို့သည် အဝတ်နက်နှင့်လူနှစ်ယောက်ကိုအပြေးအလွှားရှာ၏။ ရှုဝံကြွယ်က ဒယီးဒယိုင်ဖြင့်သူ့အနားရောက်လာသည်။

"ကဲ... တို့အမြန်ဆုံးဒီကသွားကြမယ်"



ရှုဝံကြွယ်သည် ထိုသို့ပြောပြီးသည်နှင့် ကိုယ်ပျောက်သိုင်းသမားအား ပခုံးပေါ်သို့ထမ်းလိုက်သည်။ စုဟုန်လင်းက လန်စီကျင်းအားထမ်း၍ထွက်လာ၏။ စီးဟုန်သည် စွမ်းရီ၏အလောင်းကို နောက်ဆုံးကြည့်၍ မြို့စားဂေဟာမှအသီးသီးထွက်လာခဲ့ကြလေသည်။

ဝဝဝဝ

သူတို့သည် တောင်ပိုင်းရှိခြံကျယ်ကြီးတစ်ခုအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်သွားကြသည်။ ထိုခြံကြီးကား ဒုက္ခိတဂေဟာပင်ဖြစ်လေသည်။ ရှုဝံကြွယ်သည် ကိုယ်ပျောက်သိုင်းသမားအား ပခုံးပေါ်မှချလိုက်သည်။ ထုပင်းက ကိုယ်ပျောက်သိုင်းသမား၏မျက်နှာဖုံးကိုဆွဲချွတ်လိုက်သည်။

"ဟင်... စီးဝမ်"

ရှုဝံကြွယ်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူဟာ မန်ချူးတွေကိုအမျိုးမျိုးဒုက္ခပေးခဲ့တဲ့ ကိုယ်ပျောက်သိုင်းသမားဆိုလဲ ဟုတ်တယ်"

ယွမ်းရန်က မီးပုံးများထွန်း၍ဆေးဝါးများအသင့်စီမံသည်။

ထုပင်းက....

"ခင်ဗျားကရှုဝံကြွယ်ဂိုဏ်းခေါင်းဆောင် ဟုတ်လား"

ရှုဝံကြွယ်ဂိုဏ်းခေါင်းဆောင် မျက်နှာဖုံးကိုချွတ်လိုက်၏။

"ကျုပ်ဟာ တောဒီကလေးတွေရဲ့ဦးလေး... ငွေဗျိုင်းဖြူ စီလောဟုန်ပါပဲ"

လန်စီကျင်းသည် ဒဏ်ရာအနည်းငယ်ရပြီး သတိမေ့နေရာမှ ပြန်၍သတိရလာသည်။ စီးဟုန်က အစ်မဖြစ်သူကိုဆွဲကာ စီးဝမ်အနားသို့ခေါ်လာသည်။ လန်စီကျင်းက....

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပျောက်သိုင်းသမားဟာ မောင်လေးပါလား"

ထိုအခိုက် စုဟုန်လင်းနှင့် အံစ်မညီမများကိုကြည့်လိုက်၏။ ထို့နောက် ပြုံးလိုက်သည်။

"အစ်ကိုနဲ့မမ ဒီကောင်တွေကိုဆက်ပြီးတိုက်ခိုက်ပါ"

"စိတ်ချပါညီလေး... မန်ချူးတွေရှိနေသရွေ့ အစ်ကိုတို့တိုက်ပွဲ ဟာ ရှိနေမှာပဲ"

စီးဝမ်မှာ အတော်ပင် မောလာ၏။

သူသည် စီလောဟုန်ကိုကြည့်ကာ...,

"ဦးလေးက ကျွန်တော့်ချစ်သူကို ကျွန်တော့်ကိုယ်စားသတ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဦးလေးမသတ်ရင်လဲ ကျွန်တော်က သတ်..."

စီးဝမ်မှာ စကားကိုဆုံးအောင်ပင် မပြောနိုင်ဘဲ ခေါက်ကျိုးကျသွားတော့သည်။

ညီမဖြစ်သူစီးဟုန်နှင့်အစ်မဖြစ်သူ လန်စီကျင်းတို့၏ငိုရှိုက်သံများသည် ဒုက္ခိတဂေဟာတွင် လွှမ်းဖုံးသွားတော့၏။

သူတို့တစ်တွေ၏သံသရာခရီးသည် မည်သည့်အချိန်ကျမှ ပြီးဆုံးမည်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ သိရှိနိုင်မည်မဟုတ်ကြပါပေ။

ပြီး၏။

BURMESE CLASSIC .com

www.burmeseclassic.com